ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်
Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ကြာသပတေးနေ့ (2-1-2014) (၇၇၁၃)

"ဖြစ်သင့်ဖြစ်ထိုက်သည့် နိုင်ငံရေးဆန္ဒများကို လက်ရှိနိုင်ငံရေး အခြေအနေက ဖြည့်ဆည်းပေးနိုင်သည်ထက် ပိုမိုမျှော်မှန်းဆောင်ရွက် ပါက နိုင်ငံရေးအကျပ်အတည်းတစ်ခုဖြစ်ပေါ်ပြီး လက်တွေ့ဖြစ်နိုင်ခြေရှိသည့် အခွင့်အလမ်းများပင် ဆုံးရှုံးသွားနိုင်သည်ကို သတိချပ်ပြီး ဉာဏ်အမြော်အမြင်ရှိသော နိုင်ငံရေးရွေးချယ်မှုများ ပြုလုပ်"

အတွေးသစ်၊ အမြင်သစ်များဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်

နိုင်ငံတော်သမ္မတဦးသိန်းစိန် ရေဒီယိုမှတစ်ဆင့် ပြည်သူများသို့ ပြောကြားသည့်မိန့်ခွန်း (၂-၁-၂၀၁၄)

မိတ်ဆွေပြည်သူများခင်ဗျား

ယခုလ ရေဒီယိုကနေ ပြည်သူလူထုထံဆက်သွယ် ပြောကြားတဲ့ အစီအစဉ်မှာ လက်ရှိမြန်မာနိုင်ငံမှာ ဖြစ်ထွန်းနေတဲ့ နိုင်ငံရေးအပြောင်းအလဲများနဲ့ ပတ်သက်တဲ့ ကျွန်တော့်ရဲ့ သဘောထားနှင့်ရပ်တည်ချက်အချို့ကို ရှင်းလင်းပြောကြားရင်း အစပြုသွားမှာဖြစ်ပါတယ်။

ကုန်လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့မြန်မာ့လူ့အဖွဲ့အစည်း အဓိကရရှိခဲ့တဲ့ နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုကတော့ မတူညီတဲ့ နိုင်ငံရေးအင်အားစုတွေ အချင်းချင်းကြားမှာ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများကို ရှောင်ရှားနိုင်ခဲ့ပြီး ကြုံတွေ့ခဲ့ရတဲ့စိန်ခေါ်မှုတွေကို ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ ကြိုးပမ်းဖြေရှင်းနိုင်ခဲ့ခြင်းဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ကို အသက်ဝင်ရှင်သန်စေခဲ့ခြင်းပဲဖြစ်ပါတယ်။ ကိစ္စရပ်တော်တော်များများမှာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြတဲ့အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ဟာ အားကောင်းခိုင်မာလာခဲ့ပါတယ်။

နိုင်ငံရေးစနစ်သစ်တစ်ခုကို လပေါင်း ၃၀ ကျော်ကြာ အတူတကွ ဖြတ်သန်းပြီးချိန်မှာ ယခင်က အချင်းချင်းကြားမှာရှိခဲ့တဲ့ သံသယကြီးမှုတွေ၊ မယုံကြည်မှုတွေကို လျှော့ချနိုင်ခဲ့ခြင်းသည်ပင်လျှင် ကျွန်တော်တို့အားလုံး ကြိုးစားဖော်ဆောင်နေကြတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ရဲ့ အောင်မြင်မှုမှတ်တိုင်များအဖြစ် သက်သေထူနေတယ်လို့ နားလည်လက်ခံထားကြရမှာ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို စတင်ဆောင်ရွက်လာနိုင်ခြင်းရဲ့ အကျိုးရလဒ်တစ်ခုကတော့ ကျွန်တော်တို့အားလုံး မျှော်လင့်စောင့်စားခဲ့ရတဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာလအတွင်းမှာ ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ နှစ်ပေါင်း(၄၄)နှစ်ကြာမှ မြန်မာ့မြေပေါ်မှာ ပြန်လည်ကျင်းပခွင့်ရတဲ့ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အခုလိုပြည်သူတွေအားလုံး သိုက်သိုက်ဝန်းဝန်းနဲ့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့်လည်း နိုင်ငံတကာအသိုက်အဝန်းမှာ ဂုဏ်သိက္ခာရှိသော နိုင်ငံတစ်ရပ်အဖြစ် ပြန်လည်ဝင်ဆံ့လာခဲ့ပြီဖြစ်ပါတယ်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးနဲ့

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

ကန်တော်တန် သဘာဝဘေးမဲ့ဥယျာဉ် အပန်းဖြေစခန်းဖွင့်

တင့်ဆွေ(တောင်ကြီး)

တောင်ကြီး ဇန်နဝါရီ ၁

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် နားဘောင်ကျေးရွာ ကန်တော်တန် သဘာဝဘေးမဲ့ဥယျာဉ် ရေကန်နှင့် အပန်းဖြေစခန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဥယျာဉ်အတွင်း၌ ကျင်းပခဲ့သည်။(အောက်ပုံ)

ဖွင့်ပွဲအထိမ်းအမှတ်နေ့တွင် ကန်တော်တန်သဘာဝဘေးမဲ့ဥယျာဉ်ရေကန်အတွင်း ငါးများလွှတ်ခြင်း၊ ငှက်မျိုးစုံနှင့်မျောက်များကို ဘေးမဲ့လွှတ်ခြင်း၊ ရေကူးပြိုင်ပွဲ၊ လှေလှော်ပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲများကိုကျင်းပကာ အထူးအစီအစဉ်အနေဖြင့် ကံစမ်းမဲအဖြစ် ကား၊ ဆိုင်ကယ်နှင့်အခြားဆုမဲများကိုလည်း မဲဖောက်ပေးခဲ့သည်။

ကန်တော်တန် သဘာဝဘေးမဲ့ဥယျာဉ်ရေကန်နှင့် အပန်းဖြေစခန်းသည် တောင်ကြီးမြို့ တောင်ဘက် ရွှေဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားသွားကားလမ်းဘေး ၈ မိုင်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်သော နေရာတစ်ခုဖြစ်ကြောင်း၊ ယခုသဘာဝဘေးမဲ့ဥယျာဉ်ရေကန်နှင့် အပန်းဖြေစခန်းဖွင့်ရခြင်း အဓိကရည်ရွယ်ချက်မှာ သစ်တောပြုန်းတီးမှုကို ကာကွယ်ခြင်း၊ သဘာဝရေထွက်ကြီးများမခန်းခြောက်သွားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများအတွက် အထောက်အကူပြုခြင်း၊ အပန်းဖြေနိုင်ခြင်း၊ မည်သူမဆိုလာရောက်ပြီး ဥယျာဉ်အတွင်း သတ္တဝါများကို ဘေးမဲ့လွှတ်ပေးနိုင်ခြင်းစသည့် အကြောင်းအရာများကို စခန်းတာဝန်ရှိသူကပြောကြားခဲ့သည်။ ညပိုင်းတွင် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပအိုဝ်းတိုင်းရင်းသားရိုးရာအကများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ မာတိကာ

လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ် စာမျက်နှာ - ၂

ပြည်သူ့ဝန်ထမ်းအတွက် သင်ခန်းစာ စာမျက်နှာ - ၆

လွတ်လပ်ရေးကို ထိန်းသိမ်းပါ စာမျက်နှာ ၈ - ၉

ပြည်ထောင်စုကြီး ရှေ့ခရီး စာမျက်နှာ - ၉

ကြေးမုံ စာတည်းရှုထောင့် ၂-၁-၂၀၁၄၊ ကြာသပတေးနေ့

လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ်

လွတ်လပ်ရေးကို နိုင်ငံသူ နိုင်ငံသားများ အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ရှိပါသည်။ ဆုံးရှုံးသွားသော လွတ်လပ်ရေးကို နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲ ပြန်လည်ရယူကြရသော်လည်း ရရှိပြီးသော လွတ်လပ်ရေးကို မထိန်းသိမ်း၊ မစောင့်ရှောက်နိုင်ခဲ့လျှင် တစ်ခဏချင်း ဆုံးရှုံးသွားနိုင်ပေသည်။

မြန်မာနိုင်ငံသည် ဘီစီ သုံးရာစုခန့်မှစ၍ ကိုယ့်အရှင်၊ ကိုယ့်သခင်ဖြင့် နှစ်ပေါင်းထောင်ချီ ကိုယ့်မင်းကိုယ့်ချင်း နေထိုင်ခဲ့သည့် လွတ်လပ်သော နိုင်ငံဖြစ်သည်။ ထိုသမိုင်းစဉ်တစ်လျှောက်လုံးတွင်လည်း မြန်မာမင်းတို့က ပြန့်ကျဲနေသော နိုင်ငံတော်ကြီးကို စုစည်းနိုင်ခဲ့ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် အတူတကွ အေးချမ်းစွာ နေထိုင်ခဲ့ကြသည်။

သို့သော် ၁၉ ရာစုနှောင်းပိုင်းတွင် နိုင်ငံတော်ကြီးကို တစုတစည်းတည်း တစ်မိုးအောက်ထဲတွင် မထားနိုင်မှု၊ နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှု၊ တိုင်းရင်းသားပြည်သူများစည်းလုံးညီညွတ်ခြင်းအားနည်းမှု၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေး လျော့ရဲလာမှုစသည့် အထွေထွေအားနည်းမှုတို့ကြောင့် မြန်မာတို့၏ အချုပ်အခြာအာဏာသည် နိုင်ငံတစ်ဝက်ဆုံးရှုံးခဲ့ရသည်။

ထို့နောက် နိုင်ငံတော်ကို ကာကွယ်နိုင်မှုစွမ်းအား လျော့နည်းကျဆင်းလာပြီး နယ်ချဲ့တို့၏ ပရိယာယ်အတွင်း သက်ဆင်းကာ မြန်မာတို့၏ အရှင်သခင်ကို တစ်ရက်အတွင်း ကြက်ကလေး၊ ငှက်ကလေးများသဖွယ် ဖမ်းဆီးခံခဲ့ရ၍ လွတ်လပ်ရေးဆုံးရှုံးကာ သူ့ကျွန်ဘဝသို့ တစ်နိုင်ငံလုံး ကျရောက်ခဲ့ရသည်။

ယင်းသို့ဖြင့် မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော် နေထိုင်ခဲ့ကြရပြီးနောက် မြန်မာတစ်မျိုးသားလုံးက သူ့ကျွန်မခံလိုသော မျိုးချစ်စိတ်ဓာတ်နှင့် ထက်သန်သောရဲစွမ်းသတ္တိများဖြင့် နယ်ချဲ့တို့ကို တွန်းလှန်ခဲ့ကြသည်။ ထို့နောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာစွာ တည်ဆောက်ကာ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ယနေ့မြန်မာနိုင်ငံသားများအားလုံး မမေ့မလျော့ သိရှိနားလည်ထားကြရန် လိုသည်။ လွတ်လပ်ရေးကို မည်သို့ ထိန်းသိမ်းစောင့်ရှောက်ရမည်၊ မည်သို့ကာကွယ်ထားကြရမည်တို့ကို သမိုင်းကြောင်းမှရရှိသော သင်ခန်းစာများမှ ရယူတတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရာတွင် ဦးစွာလိုအပ်ချက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြစ်သည်။ စည်းလုံးညီညွတ်မှုစွမ်းအားသည် အင်အားကြီးမားလှသဖြင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာ တည်ဆောက်ကြရမည်။

အနီးစပ်ဆုံးအားဖြင့် မိသားတစ်စု တစ်အိမ်တည်းတွင်ပင် စည်းလုံးညီညွတ်မှုပြိုကွဲပြီး အိမ်ထောင်ဦးစီး၏ အုပ်ချုပ်ရေးစွမ်းရည်မရှိတော့ပါက ထိုမိသားစုသည် ပြိုကွဲခြင်းသို့ရောက်ရပြီး မိသားတစ်စုလုံး ဒုက္ခဆင်းရဲတွင်းသို့ သက်ဆင်းသွားတတ်သည်။

ယနေ့အချိန်အခါသည် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်အဖြစ် အိုးသစ်အိမ်သစ်တည်ဆောက်နေသော ကာလဟုလည်း ဆိုနိုင်ပါသည်။ ထိုဒီမိုကရေစီ အိမ်ကြီးအိမ်ကောင်းကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရန်အတွက် ထိုဒီမိုကရေစီအိမ်ကြီးအတွင်းမှ လူအများအားလုံး ညီညီညွတ်ညွတ် တက်ညီလက်ညီ စိတ်ထားတူညီစွာဖြင့် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။

သို့မှသာ ဒီမိုကရေစီအိမ်ကြီး မယိုင်မလဲ တည်တံ့ခိုင်မြဲမည်။ သစ်လွင်တောက်ပခေတ်မီပြီး နေချင်စဖွယ် ဒီမိုကရေစီအိမ်ကြီးတွင် တိုင်းရင်းသားပြည်သူ မိသားစုအားလုံး ပျော်ရွှင်ချမ်းမြေ့ စိတ်ချမ်းသာစွာဖြင့် သားစဉ်မြေးဆက် ထာဝစဉ်နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ ။

ဆန်စပါး၊ ကြက်သွန်နီနှင့် ဧရာတ်လုပ်ကိုင်သူများ အကျိုးအမြတ်များ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၁၃ ခုနှစ်အတွင်း ဆန်စပါး၊ ကြက်သွန်နီ၊ ဧရာတ်လုပ်ကိုင်သူများ အကျိုးအမြတ်များရှိပြီး သကြားလုပ်ကိုင်သူများမှာ အကျိုးအမြတ်နည်းကြောင်း ဈေးကွက်မှ သိရသည်။

၂၀၁၃ ခုနှစ်နှစ်ကုန်ပိုင်းတွင် မိုးစပါးကြမ်းတင်းတစ်ရာလျှင် ကျပ်လေးသိန်းဝန်းကျင်ရှိသော်လည်း ယခင်နှစ်ကုန်ပိုင်းတွင် သုံးသိန်းငါးသောင်းဝန်းကျင်သာရှိကြောင်း၊ ယခုနှစ်အတွင်း နွေကာလဆန်ကြမ်း တစ်အိတ်လျှင် ကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး လေးလ ခန့်အကြာ ဩဂုတ်လအတွင်း ကျပ် ၁၈၀၀၀ မှ ၁၉၀၀၀ ဝန်းကျင်ဈေးမြင့်ခဲ့၍ ဆန်ကြမ်းလှောင်သမားများအမြတ်များရရှိခဲ့ပြီး ပြည်ပပို့ ကုမ္ပဏီအချို့၏ထုတ်ရောင်းမှုကြောင့် ဈေးနှုန်းတန့်သွားကြောင်း၊ ယခင်နှစ်ထက် အချိန်ပေါ်၍ဈေးတက်သော်လည်း ရခိုင်မှ ဆန်အများအပြား ပြည်ပသို့ ဝင်ရောက်မှုရှိခြင်း၊ ယခင်နှစ်ကဲ့သို့ ရေကြီးရေလျှံမှုကြောင့် မိုးစပါးစိုက်ဧက ပျက်စီးမှုနည်းပါးခြင်းတို့ကြောင့် မျှော်မှန်းထားသော တစ်အိတ် ၂၀၀၀၀ နှုန်းသို့ မရောက်ခဲ့ကြောင်း၊ နယ်စပ်ပို့၍ ပြည်တွင်းတွင် အလေးချိန်တစ်ပေါင် ကျပ် ၁၂၀ ဝန်းကျင် ဈေးရှိခဲ့သည့်ဖွဲနုသည်လည်း နှစ်ကုန်တွင် ၆၅ ကျပ်၊ ၇၀ ဝန်းကျင်သို့ ဈေးပြန်ကျခဲ့သည်ဟု ဆိုသည်။

ဆန်ချောမှာ ဈေးနှုန်းမြင့်တက်မှု နည်းကြောင်း၊ ယခုနှစ်ကုန်တွင် မိုးဇီယာဆန်အသစ်တစ်အိတ် ကျပ် ၁၅၀၀၀၊ ပေါ်ဆန်းအသစ် ကျပ် ၁၆၀၀၀၊ ပေါ်ဆန်းယဉ်အသစ်တစ်အိတ်ကျပ် ၂၁၀၀၀ မှ ၂၃၀၀၀ အတွင်းရှိကြောင်း၊ ယခင်လများတွင် နွေဆန်အဟောင်းတစ်အိတ် ကျပ် ၁၉၀၀၀၊ ပေါ်ကျွဲ အဟောင်းတစ်အိတ် ကျပ် ၂၂၀၀၀၊ ပေါ်ဆန်းဆန်ဟောင်းတစ်အိတ် ကျပ် ၂၆၀၀၀ မှ ၃၀၀၀၀ ဈေးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ကြက်သွန်နီအထွက်ကောင်းသော်လည်း ယခင်နှစ် ဒီဇင်ဘာ ၄ ရက်တွင် ဖြစ်ခဲ့သော ရှယ်အရွယ်အစားတစ်ပိဿာ ကျပ် ၁၈၅၀ နှုန်းသို့ဈေးမမြင့်ဘဲ အောက်တိုဘာ ၃၀ ရက်တွင် ရှယ်တစ်ပိဿာ ၁၂၂၅ ကျပ်သာ ဈေးအမြင့်ဆုံးဖြစ်ကြောင်း၊ အောက်တိုဘာနှင့် နိုဝင်ဘာတွင် မိုးမိ၍ ပျက်စီးမှုရှိခဲ့သော်လည်း ဒီဇင်ဘာ ၃၀ နှင့် ၃၁ ရက်တို့တွင် ကြက်သွန်နီပိဿာချိန် ငါးသိန်း လေးသောင်းဝင်ရောက်လာပြီး မြင်းခြံအသစ်တစ်ပိဿာ ကျပ် ၂၀၀ မှ ၈၇၅ အတွင်း၊ မြစ်သားအသစ် ၆၂၅ မှ ၁၀၂၅ ကျပ်အတွင်း ဈေးရှိကြောင်း၊ လှောင်ကြက်သွန်ဖြစ်သော နွေကြက်သွန်ထွက်ချိန် ဧပြီလအတွင်း တစ်ပိဿာ ၂၃၅ မှ ၃၃၀ ကျပ်အတွင်းသာရှိကြောင်း၊ ကြက်သွန်အမျိုးအစားတွင် အရွယ်အစားလေးမျိုးခွဲခြားရောင်းသော်လည်း ပုံမှန်အားဖြင့် အလုံးသေးနှင့်အလုံးကြီးတစ်ပိဿာ ကျပ်၂၀၀ မှ ၃၀၀ ဈေးကွာခြားမှုရှိတတ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ပစ္စည်းအဝင်ပေါ်မူတည်၍ ယခုနှစ်အတွင်း မတ်လတွင် အလုံးလေးသည် အလုံးကြီးထက် ဈေးမြင့်ခဲ့ကြောင်း သိရသည်။

ဆင်ဖြူကျွန်းအာလူးများ ဖေဖော်ဝါရီမှ ဧပြီလအထိလည်းကောင်း၊ ရှမ်းပြည်နယ်တွင် အာလူးများကျန်လများတွင်လည်း ဈေးကွက်တွင်ရောင်းချကြရာ ဆင်ဖြူကျွန်းအာလူးကာလတွင် အလုံးကြီးတစ်ပိဿာ ကျပ် ၈၀၀ ထိ ဧပြီလကုန်ပိုင်းတွင် ဈေးမြင့်ပြီး ရှမ်းအာလူးအလုံးကြီးများ ဇွန်လလယ်တွင် ကျပ် ၉၇၀ နှုန်းထိဈေးမြင့်ခဲ့ကြောင်း၊ နှစ်ကုန်တွင် ဟဲဟိုးအာလူးတစ်ပိဿာ ကျပ် ၆၅၀ မှ ၇၅၀ အတွင်းသာရှိကြောင်း၊ ဈေးမြင့်ချိန်တွင် ကျောက်မဲအာလူးခေါ် တရုတ်အာလူးများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်တတ်ကြောင်း သိရသည်။

မတ်လကုန်နှင့် ဧပြီလအတွင်း ဈေးကွက်သို့ ဝင်ရောက်လာသော ဝါးခယ်မ ဧရာတ်ရှည်များသည် တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ဝန်းကျင်သာရှိသော်လည်း ဩဂုတ်၊ အောက်တိုဘာ၊နိုဝင်ဘာလများတွင် တရုတ်ဝယ်လက်ကြောင့် ဈေးမြင့်လာခဲ့ရာ တစ်ပိဿာ ကျပ် ၂၅၀၀ ဝန်းကျင်မြင့်လာကြောင်း၊ မိုးထောင်ဧရာတ်များသည်လည်း ဧပြီလတွင် ကျပ် ၁၆၀၀-၁၇၀၀ ရှိရာမှ ယင်းဈေးတက်ချိန်တွင် ကျပ် ၂၆၀၀-၂၇၀၀ ထိ ဈေးနှုန်းရှိခဲ့၍ ဧရာတ်လှောင်သူများအကျိုးအမြတ်များစွာ ရရှိကြောင်း၊ ပြည်တွင်းဈေးမြင့်သဖြင့် ခြောက်ပိဿာဝင် အိတ်ကလေးများဖြင့် ပြည်ပမှ ဧရာတ်ရှည်များဝင်ရောက်လာရာ နိုဝင်ဘာလကုန်တွင် တစ်ပိဿာ ကျပ် ၃၂၅၀ နှုန်းရှိပြီး နှစ်ကုန်တွင် ၂၈၂၅ ကျပ်နှုန်းသာရှိကြောင်း သိရသည်။

၂၀၁၃ နှစ်စတွင် တစ်ပိဿာ ကျပ် ၁၀၀၀ ရှိသော သကြားဈေးနှုန်းသည် ပျမ်းမျှ တစ်ပိဿာ ၁၁၀၀ ကျပ်သာရှိပြီး သကြားအသစ် ထွက်ချိန်နှစ်ကုန်တွင် ၉၀၀-၉၃၀ ကျပ်သာရှိရာ သကြားလှောင်လက်များ အမြတ်နည်းကြောင်း၊ ပြည်ပမှ သကြားအများအပြား ဝင်ရောက်သဖြင့် ဈေးမတက်ခြင်းဖြစ်ပြီး ထန်းလျက်ဈေးမှာ ယခင်နှစ်များဈေးနှုန်းသို့ မရောက်ခဲ့ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်အတွင်း ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ကျပ် ၇၀၀ မှ ၁၀၅၀ အတွင်းသာရှိကြောင်း၊ နှစ်ကုန်တွင် တစ်ပိဿာ ကျပ် ၉၆၀ ရှိပြီး ပခုက္ကူထန်းလျက်မှာ ၉၃၀ ကျပ်၊ ရေစကြိုထန်းဖြူမှာ တစ်ပိဿာ ကျပ် ၁၀၃၀ ရှိသည်ဟု သိရသည်။

(မောင်စေအောင်)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ကရသူရိ ဇန်နဝါရီ ၁

ကရသူရိမြို့နယ်ခွဲတွင်(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက ကရသူရိမြို့နယ်ခွဲ တောဝိုင်းမော်ကျေးရွာ အမကဌ ကျင်းပသည်။

ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်ခွဲ ပြန်/ဆက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးခိုင်က လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ညင်သာသော အသွင်ကူးပြောင်းရေးကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရေး အစဉ်နှလုံးသွင်း ဆောင်ရွက်လျက်ရှိ

ရှေ့ဖုံးမှ ☆

ပတ်သက်လို့ ကျွန်တော်အဓိကပြောကြားလိုတဲ့ အချက်နှစ်ချက်ရှိပါတယ်။ ပထမတစ်ချက်ကတော့ ယခုလိုအမိမြေမှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရတဲ့ ပြိုင်ပွဲကြီးမှာ နိုင်ငံရဲ့ဒေသအသီးသီးက တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ အားကစားသမားများဟာ ထိုက်တန်တဲ့ ဆုတံဆိပ်တွေနဲ့ အောင်ပွဲတွေရရှိအောင် ကြိုးစားခဲ့ကြတဲ့အတွက် အမျိုးသားရေးတာဝန်ကျေမှုတစ်ရပ်အဖြစ် မော်ကွန်းတင်လိုပါတယ်။ မြန်မာနိုင်ငံထဲမှာရှိကြတဲ့ ပြည်သူတစ်ဦးချင်းစီအနေနဲ့ရော ပြည်ပမှာ ရောက်ရှိနေကြတဲ့ မြန်မာပြည်သူတွေအားလုံးပါ သက်ဆိုင်ရာကဏ္ဍအသီးသီးမှာ ပါဝင်အားဖြည့်ပံ့ပိုးပေးခဲ့ကြတာကြောင့် ဒီလိုဆုတံဆိပ်တွေရရှိလာဖို့ ကြီးမားတဲ့တွန်းအားတွေဖြစ်စေခဲ့ခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ယုံကြည်ပါတယ်။ ဒါ့အပြင် အားကစားပွဲတွေရဲ့ အနိုင်အရှုံးရလဒ်တွေထက်ကျော်လွန်ပြီး ကျွန်တော်တို့နိုင်ငံအတွက် ပိုမိုတန်ဖိုးကြီးမားတဲ့ အကျိုးရလဒ်ကတော့ မြန်မာတစ်မျိုးသားလုံးရဲ့ စုစည်းမှုအားကို ပြသနိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒုတိယအနေနဲ့ပြောကြားလိုတဲ့အချက်ကတော့ ဒီအားကစားပွဲတော်ကြီး အောင်မြင်စွာ ပြီးမြောက်အောင်မြင်ရေးအတွက် စိတ်ရောကိုယ်ပါ ပါဝင်တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ စေတနာ့ဝန်ထမ်း လူငယ်တွေပဲဖြစ်ပါတယ်။ ဒီအားကစားပွဲတော်ကြီးကနေ စေတနာ့ဝန်ထမ်းလူငယ်တွေအနေနဲ့ ရရှိလိုက်တဲ့ အနစ်နာခံမှု၊ ပရဟိတစိတ်ရှိမှု၊ တာဝန်ယူလိုစိတ်ရှိမှု၊ အဖွဲ့အစည်းနှင့်ဆောင်ရွက်တတ်မှု၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်တတ်မှုစတဲ့ အတွေ့အကြုံတွေဟာ တိုင်းပြည်အနာဂတ်တည်ဆောက်ရေးမှာ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒီအရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကနေ မိမိတို့ဆောင်ရွက်နိုင်စွမ်းတွေအတွက် ဂုဏ်ယူကြရမှာဖြစ်ပြီး လိုအပ်ချက်များကိုလည်း သင်ခန်းစာယူပြင်ဆင်သွားကြရမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲများကို လေ့လာသုံးသပ်ကြည့်မယ်ဆိုပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်များထဲက အစပြုပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားခွင့်များကို နိုင်ငံရေးအင်အားစုအသီးသီးက အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုမျိုးနဲ့ ထိရောက်စွာပါဝင်လုပ်ဆောင်ခဲ့ကြတဲ့အတွက် အချိန်တိုအတွင်း အဆင့်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်တယ်ဆိုတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ထိုအခြေအနေသစ် တစ်ရပ်ကို ပကတိအရှိတရားအဖြစ်မှတ်ယူပြီး နိုင်ငံရေးဖြစ်စဉ်ပိုမိုအသက်ဝင်လာစေရေးအတွက် နိုင်ငံရေးအင်အားစုများ ပိုမိုပါဝင်လာစေရေး၊ ပြည်သူများအားလုံးနိုင်ငံရေးအခွင့်အရေးများ ပိုမိုရရှိလာစေရေးတို့ကို အတူတကွ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အထက်ပါ ကြိုးပမ်းဆောင်ရွက်မှုများရဲ့ နိုင်ငံရေးအကျိုးဆက်အနေနဲ့ မိမိတို့လူ့အဖွဲ့အစည်းအတွင်း အပြုသဘောဆောင်တဲ့ နိုင်ငံရေးငြင်းခုံဆွေးနွေးညှိနှိုင်းခြင်းဓလေ့ကို အားကောင်းရှင်သန်လာစေခဲ့ပါတယ်။ ဒီကိစ္စရပ်များကို သက်သေထူတဲ့အနေနဲ့ မိမိတို့ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေးအခက်အခဲအကျပ်အတည်းများ၊ စိန်ခေါ်မှုများကို နားလည်မှုရှိရှိ၊ စိတ်စေတနာမှန်မှန်ဖြင့် ခက်ခဲစွာကျော်ဖြတ်ခဲ့ကြတဲ့အတွက် ရရှိတဲ့အကျိုးရလဒ်ကတော့ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စကဲ့သို့သော နိုင်ငံရေးစိန်ခေါ်မှုမျိုးကို ပြည်သူလူထုအကြားမှာ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးငြင်းခုံလာနိုင်သည်အထိ နိုင်ငံရေးတိုးတက်မှုတွေရှိလာပါတယ်။ နိုင်ငံရေးအင်အားစုအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ဆောင်ချက်များကိုလည်း တွေ့ရှိလာရပြီဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ပါတီစုံမှလွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များပါဝင်သော "အခြေခံဥပဒေပြင်ဆင်ရေးနှင့် လေ့လာသုံးသပ်ရေးကော်မတီ" ကိုဖွဲ့စည်းပြီး လူထုလူတန်းစားအသီးသီး၊ အဖွဲ့အစည်းအသီးသီးရဲ့ သဘောဆန္ဒများရယူဆောင်ရွက်နေပြီဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်သော သဘောထားရပ်တည်ချက်အချို့ကို ကော်မတီကိုပေးပို့ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံရဲ့အဓိကကျတဲ့ နိုင်ငံရေးအင်အားစုတစ်ခုဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ NLD ပါတီအပါအဝင် နိုင်ငံရေးပါတီများဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်များနဲ့ ပတ်သက်ပြီး လူထုတွေ့ဆုံပွဲများ၊ ဆွေးနွေးပွဲများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ယခုလို နိုင်ငံရေးလှုပ်ရှားမှုများကို လွတ်လပ်ပွင့်လင်းစွာ လုပ်ဆောင်နိုင်ခွင့်ရှိခြင်းကပင် မိမိတို့လူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေးရင့်ကျက်မှု ရေချိန်မြင့်တက်လာကြောင်းကို ညွှန်ပြနေတာဖြစ်ပါတယ်။

ပြည်သူတစ်ဦးချင်းစီနဲ့ နယ်ပယ်အသီးသီးမှ ခေါင်းဆောင်များရဲ့ သဘောထားဆန္ဒထုတ်ဖော်ဆွေးနွေးမှုများကို သတင်းမီဒီယာမျိုးစုံကစလို့ အင်တာနက် လူမှုကွန်ရက်များအထိပါ လွတ်လပ်စွာထုတ်ဖော်ပြောဆိုဆွေးနွေးခွင့်ရှိနေခြင်းကလည်း အပြုသဘောဆောင်သော ဖြစ်ထွန်းမှုဟု ဆိုရမှာဖြစ်ပါတယ်။

ခေတ်မီတဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းကို တည်ဆောက်ရာမှာ အရေးအကြီးဆုံး သွင်ပြင်လက္ခဏာဖြစ်တဲ့ နိုင်ငံရေးကို လွတ်လပ်စွာဆွေးနွေးငြင်းခုံမှုများ အားကောင်းမောင်းသန်ဖြစ်လာခြင်းကို ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ အထင်အရှားတွေ့မြင်နေရပြီဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စနဲ့ပတ်သက်ပြီးလည်း ကျွန်တော့်ရဲ့ သဘောထားရပ်တည်ချက်အချို့ကို ပြောကြားလိုပါတယ်။ အသက်ဝင်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပိုင်ဆိုင်ဖို့ဆိုရင် လူ့အဖွဲ့အစည်းတစ်ရပ်လုံးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များနဲ့ သဟဇာတဖြစ်အောင် အခြေအနေ အချိန်အခါအလိုက် ပြင်ဆင်ရေးသားရမယ်ဆိုတဲ့ အခြေခံမူကို ကျွန်တော့်အနေနဲ့ ဆုပ်ကိုင်ထားရမှာဖြစ်ပါတယ်။ လက်ရှိအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အဓိကအစိတ်အပိုင်း သုံးခုရှိတယ်လို့ ရှုမြင်မိပါတယ်။ ပထမပိုင်းကတော့ လက်ရှိကျွန်တော်တို့ကြိုးပမ်းတည်ဆောက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုတဲ့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မဖြစ်မနေ ပြုလုပ်ရမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကနေ ပေါ်ပေါက်လာမယ့် သဘောတူညီချက်များအတွက် လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းတွေ လုပ်ဆောင်ရမယ့်အပိုင်း ဖြစ်ပါတယ်။

ဒုတိယပိုင်းကတော့ မိမိတို့တည်ဆောက်လိုတဲ့ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ပီပြင်လာစေရေးအတွက် လိုအပ်မယ့်ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများ ပြည့်မီလာစေဖို့ လိုအပ်သလို ပြင်ဆင်ရမယ့်အပိုင်းဆိုပြီးတော့ ခွဲခြားတွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများပြည့်မီအောင် ကြိုးပမ်းအားထုတ် လုပ်ဆောင်ရာမှာ နိုင်ငံရေးမှာပါဝင်ပတ်သက်သူအားလုံးရဲ့ အမြော်အမြင်ကြီးမားမှု၊ ဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့က အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။

တတိယပိုင်းကတော့ နိုင်ငံရေးဦးဆောင်မှုဆိုင်ရာ အရည်အချင်းသတ်မှတ်မှုအတွက် လိုအပ်မည့်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကိစ္စရပ်ပင်ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ သဘောထားကတော့ မည်သည့်မြန်မာနိုင်ငံသား တိုင်းရင်းသားတစ်ဦးကိုမျှ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဦးဆောင်နိုင်ခွင့်ကို ကန့်သတ်တားမြစ်တာမျိုးမဖြစ်စေလိုတဲ့ နိုင်ငံရေးစေတနာရှိသလို တစ်ဖက်ကလည်း မိမိတို့အမျိုးသားအကျိုးစီးပွားနှင့် မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို မထိပါးစေမည့် သင့်တင့်လျောက်ပတ်တဲ့ အကာအကွယ်ပေးနိုင်သည့် အခြေခံမူများရှိရန်လည်း လိုလားပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ နိုင်ငံရေးဦးဆောင်မှုနဲ့ပတ်သက်တဲ့ ဝိရောဓိများကို ကိုင်တွယ်ဖြေရှင်းရာမှ နိုင်ငံရေးအကျပ်အတည်း တစ်ခုဆီသို့ ဦးတည်မသွားစေနိုင်ဖို့အတွက် နိုင်ငံရေးရွေးချယ်မှုမှန်ကန်စေဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေပြုတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးအတွက် လိုအပ်တဲ့အခြေခံဥပဒေပြင်ဆင်မှုများကို လုပ်ဆောင်ရာမှာ မိမိတို့အချင်းချင်း အပြန်အလှန် ယုံကြည်မှုအပေါ် အခြေခံတဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ၊ ထားရှိနိုင်မယ့် သဘောထားကြီးမှုတွေ၊ တောင်းဆိုမှုတွေကို အပြန်အလှန်နားလည်လက်ခံပေးနိုင်တဲ့ အခြေအနေတွေ ဒါတွေက အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိရေးအတွက် ကြိုးပမ်းအားထုတ်မှုနှင့်ပတ်သက်ပြီး အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့ စိတ်ရင်းစေတနာမှန်ဖြင့် ကြိုးပမ်းအားထုတ်နေမှုကို ကျွန်တော့်အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒါ့ကြောင့် ယခုလုပ်ဆောင်လျက်ရှိသော အသေးစိတ်ညှိနှိုင်းမှုများကို အောင်မြင်စွာပြုလုပ်ပြီး များမကြာမီကာလတွင် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်ကိုလည်း တွေ့မြင်လိုကြောင်း ပြောကြားလိုပါတယ်။

လာမည့် ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့တာဝန်ကြီးတစ်ခုကတော့ အာဆီယံဥက္ကဋ္ဌအဖြစ် ဒေသတွင်းနိုင်ငံများပါဝင်တဲ့ အဖွဲ့အစည်းကြီးကို ဦးဆောင်ဦးရွက်ပြုရမှာဖြစ်ပါတယ်။ ဒေသတွင်း နိုင်ငံတကာ ကိစ္စရပ်များ တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုတိုးလာခြင်း၊ အထူးသဖြင့် ကမ္ဘာ့နိုင်ငံရေးချိန်ခွင်လျှာအပြောင်းအလဲနဲ့ အာရှဒေသနဲ့ အရှေ့တောင်အာရှနိုင်ငံများ၏ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် အရေးပါမှုမြင့်တက်လာခြင်းတို့က မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌအဖြစ် ဦးစီးဦးဆောင်ပြုရမယ့်အချိန်မှာ မိမိတို့၏ ဦးဆောင်မှုတာဝန်ကို ပိုမိုအရေးကြီးလာစေမှာ ဖြစ်ပါတယ်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သလို အာဆီယံဥက္ကဋ္ဌတာဝန်ကိုလည်း နိုင်ငံရေးအင်အားစုများအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး အတူတကွ ပူးပေါင်းပါဝင်ပြီး အောင်မြင်စွာ ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်မှာ အရှေ့တောင်အာရှဒေသ၏ အကျိုးကို သယ်ပိုးခွင့်ရမှာဖြစ်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းများကြားမှာ မြှင့်တင်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စတင်ထမ်းဆောင်ခဲ့သည့်နေ့မှစပြီး ပြည်သူလူထုတစ်ရပ်လုံးရဲ့ လိုလားချက်များကို ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေနဲ့ လက်တွေ့ဖြစ်နိုင်တဲ့ အခြေအနေနှစ်ရပ်အကြား သဟဇာတဖြစ်အောင် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

သဟဇာတဖြစ်ရေးဆိုရာမှာလည်း လက်ရှိနိုင်ငံရေးအပြောင်းအလဲနဲ့ နိုင်ငံရေးဖြစ်စဉ် ရှင်သန်ခိုင်မာရေး၊ ပြည်တွင်း နိုင်ငံရေး တည်ငြိမ်မှုရှိရေးနှင့် ညင်သာသော အသွင်ကူးပြောင်းရေးကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရေးအတွက် အစဉ်နှလုံးသွင်းဆောင်ရွက်လျက်ရှိနေပါတယ်။ ကျွန်တော့်အနေနဲ့ တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်တဲ့ တောင်းဆိုချက်များအတွက်လည်းအဖွဲ့အစည်းပေါင်းစုံကို အစဉ်တံခါးဖွင့်လက်ခံတွေ့ဆုံခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်တဲ့နေရာမှာ မတူညီတဲ့နိုင်ငံရေးအင်အားစုများရဲ့ ကွဲပြားတဲ့လိုလားချက်များ၊ သဘောထားရပ်တည်ချက်များကို နက်နဲသိမ်မွေ့စွာဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ တည့်မတ်ပေးခြင်းများ လုပ်ဆောင်နေရတာဖြစ်ပါတယ်။ ဒီလိုချင့်ချိန်ဆောင်ရွက်ရတာကြောင့် တစ်ခါတလေမှာ နိုင်ငံရေးအင်အားစုအချို့ရဲ့ အားမလိုအားမရဖြစ်မှုတွေရှိလာတာကို သဘာဝကျတယ်လို့ နားလည်လက်ခံထားပါတယ်။ ဒီလိုအခြေအနေတွေ အားလုံးကို နိုင်ငံရေးအရှိတရားအနေဖြင့် ခံယူပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်နားလည်မှုစွမ်းရည်မြှင့်တင်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ကျွန်တော့်အနေနဲ့ သမ္မတတာဝန်ယူသည့်နေ့မှစပြီး တာဝန်ကိုရှောင်လွှဲလိုတဲ့ လုပ်ဆောင်မှုမျိုး မရှိခဲ့သလို လက်ရှိနိုင်ငံရေးအခြေအနေက ခွင့်ပြုတဲ့ အတိုင်းအတာအရ ဖြစ်သင့်ဖြစ်ထိုက်သည့် နိုင်ငံရေးဆန္ဒများနှင့် လက်တွေ့ဖြစ်နိုင်သည့်ကိစ္စရပ်များ အစဉ်ပေါင်းစပ်ပြီး သဟဇာတဖြစ်ဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ အထူးပြုပြောကြားလိုသည့် ကိစ္စရပ်ကတော့ ဖြစ်သင့်ဖြစ်ထိုက်သည့် နိုင်ငံရေးဆန္ဒများကို လက်ရှိနိုင်ငံရေးအခြေအနေက ဖြည့်ဆည်းပေးနိုင်သည်ထက် ပိုမိုမျှော်မှန်းဆောင်ရွက်ပါက နိုင်ငံရေးအကျပ်အတည်းတစ်ခုဖြစ်ပေါ်ပြီး လက်တွေ့ဖြစ်နိုင်ခြေရှိသည့် အခွင့်အလမ်းများပင် ဆုံးရှုံးသွားနိုင်သည်ကို သတိချပ်ပြီး ဉာဏ်အမြော်အမြင်ရှိသော နိုင်ငံရေးရွေးချယ်မှုများပြုလုပ်ကြရန် တိုက်တွန်းပြောကြားလိုပါတယ်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီရဲ့ ကြိုးပမ်းမှုနဲ့ ကျွန်တော်ကတိပေးထားတဲ့အတိုင်း ဒီနှစ်ကုန်မှာ နိုင်ငံရေးအကျဉ်းသားတစ်ယောက်မှ မကျန်ရှိစေဖို့ ဆောင်ရွက်ပြီးဖြစ်ကြောင်း မိဘပြည်သူများကို အသိပေးပြောကြားလိုပါတယ်။

လာမည့် ၂၀၁၄ ခုနှစ် နှစ်သစ်မှာလည်း ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးဟာ အတွေးသစ်၊ အမြင်သစ်များဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ယခင်နှစ်ကထက် တိုးမြှင့်လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများကျန်းမာချမ်းသာကြပါစေ။

မြန်မာနိုင်ငံစာရေးဆရာအသင်း ရုံးခန်းသစ်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံစာရေးဆရာအသင်း အသင်းရုံးခန်းသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် သံဃာတော်များအား နေဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို မြန်မာနိုင်ငံစာရေးဆရာအသင်း ရုံးခန်းတည်ရှိရာ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) (၈)လွှာ၌ ယနေ့ကျင်းပရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်စာရေးဆရာအသင်းများမှ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ရုံးခန်းအသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံရောက် ဦးခင်မောင်သိန်း-ဒေါ်စူစန်သိန်း(စာရေးဆရာမ စစ်ကိုင်းစိမ်းစိမ်း) မိသားစုက အသင်းသို့ ပေးပို့လှူဒါန်းသော အမေရိကန်ဒေါ်လာ ၅၀၀ ကို ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အသင်းဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) ထံ အလှူရှင်မိသားစုကိုယ်စား ပေးအပ်လှူဒါန်းပြီး ဗိုလ်မှူးသက်ထွန်း-ဒေါ်သီသီနွယ် မိသားစုက ကျပ်တစ်သိန်းတန် ကျောက်စိပန်းချီကားတစ်ချပ်ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

အီရန်နိုင်ငံရှိ အစ္စဖာဟန် ယူရေနီယံစက်ရုံကို တွေ့ရစဉ်။

နျူကလီးယားသဘောတူညီချက် အကောင်အထည်ဖော်မှု ယခုလ နှောင်းပိုင်း၌ စတင်မည်ဟု အီရန်ပြောကြား

တီဟီရန် ဇန်နဝါရီ ၁

အီရန်နှင့် အနောက်အုပ်စုအင်အားကြီးနိုင်ငံများအကြား ရရှိသော နျူကလီးယားဆိုင်ရာ သမိုင်းဝင် သဘောတူညီချက်တစ်ရပ်ကို ဇန်နဝါရီလနှောင်းပိုင်းတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အီရန်နိုင်ငံ သတင်းဌာနများက ဇန်နဝါရီ ၁ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူညီချက်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ နိုဝင်ဘာ ၂၄ရက်က ရရှိခဲ့ကြသည်။

ကျွမ်းကျင်သူပညာရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့များ၏ ဆွေးနွေးပွဲအပြီး ရရှိသည့်သဘောတူညီချက်အရ အကောင်အထည်ဖော်သည့် လုပ်ငန်းကို ဇန်နဝါရီလ၏ တတိယမြောက် ၁၀ရက်တာ ကာလအတွင်း စတင်မည်ဖြစ်ကြောင်း အီရန်နျူကလီးယား စေ့စပ်ဆွေးနွေးရေးမှူး ဟာမစ်ဘေဒိန်ဂျက်က ပရက်စ်တီဗွီ သတင်းဌာနသို့ ပြောကြားသည်။

ဆွေးနွေးပွဲတွင် သဘောထားအမြင်ချင်းတူညီမှုရရှိကာ သဘောတူညီချက်ရရှိရန် နှစ်ဖက်စလုံးက စွမ်းဆောင်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် နျူကလီးယားသဘောတူညီချက်နှင့်ပတ်သက်၍ အကောင်အထည်ဖော်ရမည့် အချိန်ဇယားသတ်မှတ်ချက် မည်သို့ရှိသည်ကို ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲ ကက်သရင်း အက်ရှ်တန်၏ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်မန်းက ထုတ်ဖော်ပြောဆိုရန် ငြင်းဆိုသည်။

အကောင်အထည်ဖော်ရေးကိစ္စနှင့်ပတ်သက်၍ တူညီသောနားလည်မှုတစ်ရပ်ရရှိရန် ဆွေးနွေးပွဲကိုယ်စားလှယ် အဖွဲ့များက ၎င်းတို့၏သက်ဆိုင်ရာနိုင်ငံများထံ ဆက်လက်တင်ပြသွားကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရိုက်တာ။

ဖိလစ်ပိုင်နှစ်သစ်ကူးပွဲတော် ရာပေါင်းများစွာ ဒဏ်ရာရရှိ

မနီလာ ဇန်နဝါရီ ၁

ဖိလစ်ပိုင်နိုင်ငံ၌ နှစ်သစ်ကူးပွဲတော် ကျင်းပရာတွင် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ သေနတ်များ ပစ်ဖောက်ခြင်းတို့ကြောင့် အနည်းဆုံး တစ်ဦး သေဆုံးပြီး ၆၀၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကလေးငယ်တစ်ဦးသည် လမ်းကြောင်းလွဲလာသော ကျည်ဆံသင့်၍လည်းကောင်း၊ ဆယ်ကျော်သက်တစ်ဦးသည် ပြောက်အိုးမှန်၍လည်းကောင်း သေဆုံးခဲ့ရသည်ဟု သတင်းများက ဆိုသည်။

၂၀၁၄ခုနှစ် နှစ်သစ်ကူးပွဲတော်ကို ယမန်နှစ်များထက် ပိုမို အန္တရာယ်ကင်းစေရန် ကြိုးစားအားထုတ်သော်လည်း ဒဏ်ရာရရှိသူများသည် ပြီးခဲ့သည့်နှစ်ကထက် ၄၃ရာခိုင်နှုန်း တိုးလာသည်ဟု ကျန်းမာရေးဦးစီးဌာနက ပြောကြားသည်။

ယမန်နှစ်၌ ကလေးနှစ်ဦးသေဆုံးခဲ့ရသဖြင့် သေနတ်များပစ်ဖောက်ခြင်းကို ထိန်းချုပ်ပေးရန် တောင်းဆိုမှုများ ရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လိုက်စင်မဲ့ သေနတ်များမှာ မှောင်ခိုဈေးကွက်၌ ရှင်သန်လျက်ရှိသည်။

ပုဂ္ဂလိကမီးရှူးမီးပန်းများ အလှပြ ပစ်လွှတ်ခြင်းကို လုံးဝတားမြစ်ပေးရန်နှင့် ပုဂ္ဂလိကအစား လူထု စုပေါင်း၍ ပြုလုပ်ရန် ကျန်းမာရေးဦးစီးဌာနက တောင်းဆိုသည်။

ဘီဘီစီ

ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာ၌ နှစ်သစ်ကူးပွဲတော်ကာလ အထိမ်းအမှတ်ပစ္စည်းများဝယ်ယူနေသည့် လူငယ်များကို တွေ့ရစဉ်။

နီပေါနိုင်ငံတွင် ကားတစ်စီး မြစ်အတွင်းသို့ထိုးကျ အိန္ဒိယခရီးသွားခြောက်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ခတ္တမန္ဒူ ဇန်နဝါရီ ၁

နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူ အနောက်ဘက် ကီလိုမီတာ ၁၅၀ ကွာဝေးသော အာနာဟန်းခရိုင်တွင် ဂျစ်ကားတစ်စီး မောင်းနှင်လာစဉ် မားစ်ယန်ဒီမြစ်အတွင်းသို့မတော်တဆ ထိုးကျသွားရာ ကိုလ်ကတ္တားမှ အိန္ဒိယလူမျိုးခြောက်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက အဆိုပါ ကားမတော်တဆမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်း အပါအဝင် ငါးဦးဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာပြင်းထန်သဖြင့် ခတ္တမန္ဒူ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ၎င်းတို့သည် ကမ္ဘာလှည့်ခရီးသွားများအတွက် ကျော်ကြားနေသော ပေါ့ခ်ဟာရာမြို့မှ ခရီးထွက်ခွာလာခဲ့ပြီး ခတ္တမန္ဒူမြို့သို့ မောင်းနှင်လာချိန် မတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆင်ဟွာ။

အာကာသစူးစမ်းရေးလုပ်ငန်းများ၌ တရုတ်နှင့်ကနေဒါ ပူးပေါင်းဆောင်ရွက်စေလို

အော်တဝါ ဇန်နဝါရီ ၁

အာကာသစူးစမ်းလေ့လာရေး လုပ်ငန်းများ၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ကနေဒါ အာကာသယာဉ်မှူး ခရစ္စဟက်ဖီးက တိုက်တွန်းလိုက်သည်။ လစူးစမ်းလေ့လာရေးလုပ်ငန်း ပြန်လည်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတကာ၏ ကြိုးပမ်းအားထုတ်မှုများတွင် နိုင်ငံများအားလုံး ပူးပေါင်းပါဝင်ရန် ၎င်းက နှိုးဆော်လိုက်ကြောင်း ကနေဒါသတင်းဌာနက ဇန်နဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ၂၀၀၃ခုနှစ်တွင် ပထမဆုံးအကြိမ် အာကာသယာဉ်မှူးတစ်ဦးကို အာကာသသို့ စေလွှတ်ခဲ့သည်။ တရုတ်နိုင်ငံ၏ ရည်မှန်းချက်မှာ အဆုံးတစ်နေ့တွင် လသို့ အာကာသယာဉ်မှူးတစ်ဦးစေလွှတ်ရန်ဖြစ် ကြောင်း။ တရုတ်နိုင်ငံနှင့် အာကာသရေးရာစူးစမ်းမှုများ ပြုလုပ်ရန် ကနေဒါနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြား စိတ်ဝင်စားလျက်ရှိကြောင်း ကနေဒါအာကာသယာဉ်မှူးက လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၁၁ခုနှစ်တွင် အာကာသစခန်းယာဉ် ဖွင့်လှစ်နိုင်ရေးအတွက် စမ်းသပ်မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း၊ ၂၀၂၀ပြည့်နှစ်တွင် အာကာသစခန်းတစ်ခုကို အမြဲတမ်းဖွင့်လှစ်ထားနိုင်ရန် တရုတ်နိုင်ငံက ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ။



ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် အလုပ်အမှုဆောင်အသစ်များဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သော မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်း ရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဒီဇင်ဘာ ၃၁ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ နှင့်ပတ်သက်၍ ပြည်ပတွင် အခက် အခဲကြုံတွေ့ရပါက ဝန်ကြီးဌာန၊ တာဝန်ယူစေလွှတ်ခဲ့သော အေဂျင်စီ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင် မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် သက် ဆိုင်ရာနိုင်ငံရှိ အလုပ်သမား သံအရာရှိတို့က လျင်မြန်စွာပူးပေါင်း ဆောင်ရွက်၍ တာဝန်ယူဖြေရှင်းပေး ရန်လိုအပ်ကြောင်း၊ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ပြည်ပနိုင်ငံ များသို့ မစေလွှတ်မီ လုပ်ငန်းခွင် အကြိုသင်တန်းပေးရေး၊ ကျွမ်းကျင်မှု သင်တန်းပေးရေးနှင့် တရားဝင် မိသားစုငွေလွှဲပို့နိုင်ရေး၊ ပြည်ပ နိုင်ငံတွင် အခက်အခဲကြုံတွေ့လာပါက ဆက်သွယ်အကူအညီတောင်းခံရမည့် နည်းလမ်းများအား အလုပ်သမားများ သိရှိစေရေး၊ လူပွဲစားများပပျောက်ရေး၊ ပိုမိုကောင်းမွန်သည့် နည်းလမ်းများ ဖြင့် တရားဝင်လမ်းကြောင်းမှစေလွှတ် နိုင်ရေး၊ အေဂျင်စီများအနေဖြင့် ပြည်ပနိုင်ငံများသို့ အလုပ်သမား စေလွှတ်ရာတွင် တရားဥပဒေစိုးမိုးမှု ရှိပြီး လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းမှုရှိ သည့်ဒေသ၊ စက်ရုံ၊ အလုပ်ရုံများ၊ လက်လှမ်းမီနိုင်သောနေရာများသို့ သာ အလုပ်သမားများအား စေလွှတ် ရေး၊ မိမိစေလွှတ်လိုက်သော အလုပ် သမားများအား အလုပ်ရှင်၊ အလုပ် သမား သဘောတူစာချုပ်သက်တမ်း ကုန်သည်အထိ တာဝန်ယူဆောင် ရွက်ရေး၊ အလုပ်သမားများအား ကုန်ကျစရိတ်နည်းနည်းဖြင့် လွယ်ကူ သော လမ်းကြောင်းဖြင့် စေလွှတ် နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ သည်။

ထို့ပြင် အဖွဲ့ချုပ်အနေဖြင့် စည်းလုံး ညီညွတ်စွာဆောင်ရွက်ရေး၊ ပြည့်ဝ လုံခြုံမှုရှိသည့် လုပ်သားဈေးကွက်များ ချဲ့ထွင်နိုင်ရေးတို့အတွက် ဝန်ကြီးဌာန အနေဖြင့် တတ်နိုင်သမျှကူညီဆောင် ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အလုပ်သမား စေလွှတ် ရာတွင် တွေ့ကြုံရသောအခက်အခဲများ၊ ဆက်လက်ဖော်ဆောင်မည့် လုပ်ငန်း စဉ်များ၊ အဖွဲ့ချုပ်အနေဖြင့် လုပ်ငန်းခွင် အကြိုသင်တန်းများ ဖွင့်လှစ်ဆောင် ရွက်မည့်အခြေအနေများကို ရှင်းလင်း တင်ပြဆွေးနွေးကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စု ရုံးတောကျေးရွာတွင် ဇန်နဝါရီ ၁ ရက်က ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်ကျင်းပစဉ်။ သီဟ(လေးမျက်နှာ)

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက်မမေ့နှင့်**

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ဆွေးနွေးပွဲနှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု ရှင်းလင်းပွဲကျင်းပ

မကွေး ဇန်နဝါရီ ၁

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဒီဇင်ဘာ ၃၁ ရက် နံနက် ၈ နာရီ တွင် မကွေးတက္ကသိုလ်၌ ကျင်းပသည့် လက်တွေ့ကျသော ပညာရေး မြှင့်တင်မှု အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲနှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်မှု ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက် ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက နိုင်ငံတော်၏ အခြေခံအုတ်မြစ် ဖြစ်သော ပညာရေးကဏ္ဍ တိုးတက် မြှင့်တင်နိုင်ရေးအတွက် တက်ရောက် လာသူများက ဆွေးနွေးကြရန်၊ ပညာရေးစနစ်ကောင်းများ ပေါ်ထွက် နိုင်ရေးအတွက် အကြံကောင်းများ ပေးနိုင်ရေးအတွက် အင်တိုက် အားတိုက် ဆွေးနွေးကြရေးတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့ သည်။

ဆက်လက်၍ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးကျော်က ဆွေးနွေးပွဲနှင့်ပတ်သက်၍ ဆောင်ရွက် ရန် အချက်များ၊ အဖွဲ့ရှစ်ဖွဲ့ ဖွဲ့စည်း ၍ ဆွေးနွေးမည့် ခေါင်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဖွဲ့ရှစ်ဖွဲ့မှ အမျိုးသား ပညာရေးဥပဒေ ၂၀၁၄ မူကြမ်းတွင် ပါဝင်သော အခန်းများဖြစ်သည့် အမည်စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်မှန်းချက် များ၊ ပညာရေးအခြေခံမူများ၊ ပညာရယူနည်းနှင့် အမျိုးအစားများ၊ ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု၊ အခြေခံပညာကဏ္ဍမှ အဆင့်မြင့်ပညာ ကဏ္ဍ၊ နည်းပညာနှင့် အသက် မွေးဝမ်းကျောင်း ပညာရေးကဏ္ဍ၊ ဆရာအတတ်သင်ပညာရေးကဏ္ဍ၊ ကျောင်းပြင်ပပညာရေးကဏ္ဍ၊ ပညာ ရေးဆိုင်ရာ တာဝန်နှင့် အခွင့်အရေး များ၊ ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု၊ ဘဏ္ဍာရေး၊ အထွေထွေကဏ္ဍတို့အား အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အဖွဲ့များမှ ဆွေးနွေး ချက်များအား အဖွဲ့ခေါင်းဆောင်များက ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက ဆွေးနွေးပွဲနိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ် ၃၃ ဦး၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ပါမောက္ခချုပ် များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ ၆၃ ဦး စုစုပေါင်း ၉၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

(တိုင်းဒေသကြီးပြန်/ဆက်)

ပြည်သူ့ဝန်ထမ်းအတွက် သင်ခန်းစာ

မောင်မောင်(ယထ)

လူ့သဘာဝအရ ဂုဏ်ရှိမှလူရာဝင်သည်ဟူ၍ သတ်မှတ်ထားကြ၏။ တချို့လူများသည် ဂုဏ်မက်၏။ နာမည်ကျော်ကြားလူသိများသည့်ဘဝကို လိုလားတောင့်တကြ၏။ ဂုဏ်ကြီးလျှင်၊ ကြီးသည်ထက်ကြီးလျှင် နာမည်ကျော်ကြားလူသိများသည့်ဘဝကိုရမှာဟူ၍ ယူဆထားပုံရပါသည်။ အများက သူ့ကို ဂုဏ်ကြီးရှင်အဖြစ် အသိအမှတ်ပြုခြင်းကို နှစ်သက်၏။ လိုလားတောင့်တ၏။ ရရန်ကြိုးစားအားထုတ်၏။

လူအမျိုးမျိုး စိတ်အထွေထွေ။ လူတစ်ကိုယ်စိတ်ကူးတစ်မျိုး။ သို့ဖြင့် ဂုဏ်ကိုပညာဂုဏ်၊ ဓနဂုဏ်၊ ရာထူးဂုဏ်ဟူ၍ ယိုးမယ်ဖွဲ့သတ်မှတ်လိုကြပေမည်။ ဆိုခဲ့ပါ ဂုဏ်များရရှိခံစားနိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ်ခဲ့ကြ၏။ တစ်ခုရသည်နှင့် ဆက်လက်ကြိုးစားအားထုတ်၍ ဂုဏ်သုံးမျိုးလုံးကုံလုံ ပြည့်စုံသွားသည်လည်းရှိ၏။ တချို့လည်းအခြေအနေကခွင့်မပြု၍ ရသမျှ ဂုဏ်တစ်မျိုးမျှဖြင့် ရောင့်ရဲလိုက်ကြသည်လည်းရှိပါ၏။

အနောက်နိုင်ငံများမှာ ကမ္ဘာကျော်ဖို့၊ နာမည်ကျော်ကြားလူသိများရန် မလွယ်။ အလွန်ထူးခြားပြောင်မြောက် လျှမ်းလျှမ်းတောက်မှဖြစ်မည်။ ပြည်သူ

လူအမျိုးမျိုး စိတ်အထွေထွေ။ လူတစ်ကိုယ်စိတ်ကူးတစ်မျိုး။ သို့ဖြင့် ဂုဏ်ကိုပညာဂုဏ်၊ ဓနဂုဏ်၊ ရာထူးဂုဏ်ဟူ၍ ယိုးမယ်ဖွဲ့သတ်မှတ်လိုကြပေမည်။ ဆိုခဲ့ပါ ဂုဏ်များရရှိခံစားနိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ်ခဲ့ကြ၏။ တစ်ခုရသည်နှင့် ဆက်လက်ကြိုးစားအားထုတ်၍ ဂုဏ်သုံးမျိုးလုံးကုံလုံပြည့်စုံသွားသည်လည်းရှိ၏။ တချို့လည်းအခြေအနေက ခွင့်မပြု၍ ရသမျှဂုဏ်တစ်မျိုးမျှဖြင့် ရောင့်ရဲလိုက်ကြသည်လည်းရှိပါ၏

အကျိုးပြုလုပ်ငန်းများ၊ အနုပညာ၊ စာပေ၊ ဂီတ၊ သိပ္ပံ၊ စက်မှု၊ စိုက်ပျိုး စသည် ကိစ္စအဝဝ၊ ပြည်သူအကျိုးပြု ထူးခြားဖြစ်စဉ်များဖြင့် နာမည်ကျော်ကြား ကမ္ဘာကိုလွှမ်းသွား၏။ တချို့အစွန်းရောက်များကမူ ပြည်သူအကျိုး တစ်စက်လေးမျှမရှိသည့် ရက်စက်၊ ကြမ်းကြုတ်၊ အကြမ်းဖက်လုပ်ကြံကာ သတ်ဖြတ်၊ အကြောင်းမဲ့လူအမြောက်အမြား၏ ဇီဝိန်ကိုခြွေခဲ့၏။ အမျိုးသမီးများကို မနာလိုစိတ်ဖြင့် လှပသည့်မျက်နှာလေးကို ဆာလ်ဖြူရစ်အက်စစ်ဖြင့်ပက်၍ ဘဝတုံးစေ၏။ ကိုယ့်ကိုယ်ကိုယ်နည်းမျိုးစုံဖြင့် သက်သေပြကြ၏။ ကမ္ဘာကြီးသည် ရွာကြီးဖြစ်သွားပြီဖြစ်၍ ထိုသတင်းများကို မကြားချင်အဆုံးကြားနေရ၏။

အနှီပုဂ္ဂိုလ်များကလည်း ကမ္ဘာကျော်ကြားလူသိများသည်ပင် ယုတ်မာရိုင်းစိုင်း အညံ့တကာ့အညံ့ဆုံး ကျော်ကြားမှုပါတကား။

ပညာခေတ်ဖြစ်ပါ၏။ ပညာရေးသည် အရေးကြီးပါ၏။ တချို့ပညာဂုဏ်ကို အလွန်တန်ဖိုးထားပါ၏။ ပညာမပြည့်စုံခဲ့သည့် မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးအသိုက်အဝန်းများသည် ကိုယ့်ကလေးများကို ပညာရေးအတွက် ဝိုင်းဝန်းအားပေးတတ်ကြ၏။ “တို့မိသားစု၊ တို့ဆွေမျိုးထဲမှာ ဘွဲ့ရဖူးတဲ့လူမရှိလို့ မင်းကြိုးစားစမ်းပါကွာ” ဟူ၍ အိတ်သွန်ဖာမှောက်အားပေးလေ့ရှိကြ၏။ ကျွန်တော့်အစ်မတစ်ယောက်သည် ဘွဲ့မရခဲ့ပါ။ သူကဘွဲ့ကို သိပ်အထင်ကြီး၏။ သို့ဖြင့် သူ့သမီးနှစ်ယောက်ကို ဘွဲ့ရရန်အထူးကြိုးစားခိုင်း၏။ သူသည်ပိုက်ဆံအိတ်ကြီးတလွယ်လွယ်ဖြင့် သူ့သမီးများဘွဲ့ရရေးကို နည်းမျိုးစုံသုံး၍ အထူးအားပေးပံ့ပိုးစွမ်းဆောင်ခဲ့၏။ သူ့သမီးများဘွဲ့ရခဲ့ကြ၏။ ဒီတော့ သူ့ဘဝအတွက် အစားထိုးအောင်မြင်မှုရသွားခဲ့၏။

ကျွန်တော်၏ အခင်မင်ဆုံးမိတ်ဆွေတစ်ဦး။ သူသည်စက်မှုလက်မှုကျွမ်းကျင်ပညာရှင်၊ လုပ်ငန်းရှင်ကြီး၊ ကျောက်တွင်းရှိဖြုန်းများဆေးကြောသည်။ဖြုန်းဆေးစက်များတီထွင်ထုတ်လုပ်၏။ ဓနဂုဏ်နှင့်ပြည့်စုံသူ မြို့မျက်နှာဖုံး၊ သို့နှင့်တိုင် ပညာရေးသင့်တင့်ရုံမျှသာ။ သူ့သားသုံးယောက်လည်း သူကဲ့သို့ပင်။ သူတို့သည် လက်တွေ့သမားများဝင်ငွေအလွန်ကောင်း၏။ ငွေကြေးပြည့်စုံ၏။ ဓနဂုဏ်ရှိကြ၏။ ဒီတွင် သူတို့တခြားဂုဏ်များရရန် မည်သို့စွမ်းဆောင်ခဲ့သနည်း။ ရှင်ပြုရဟန်းခံ၊ နားသ အလှူတော်မင်္ဂလာကြီးကို ကြီးကျယ်ခမ်းနားထည်ဝါစွာ ခြိမ့်ခြိမ့်သဲကျင်းပခဲ့မှ သိရ၏။ အလှူကကမ်းသည့်ယပ်တောင်ကိုမြင်မှ သိရ၏။ ဘယ်သား ဘယ်သူ၊ သူ့ဇနီး ဘယ်သူက ဘာဘွဲ့၊ ညာဘွဲ့၊ ဘွဲ့ကနှစ်ခုပါလား။ သားသုံးယောက်လုံး၏ ဇနီးသုံးယောက်လုံးသည် ဘွဲ့နှစ်ခုစီ ပိုင်ဆိုင်ထားသူများဖြစ်ကြ၏။ သူတို့သားအဖ သုံးယောက်၏ လိုအပ်နေသည့်ကွက်လပ် ပညာဂုဏ်ကို အစားထိုးအောင်မြင်ရယူလိုက်ခြင်းဖြစ်၏။

ဓနဂုဏ်ဟူသည် ငွေကြေးပစ္စည်းဥစ္စာနှင့် ပြည့်စုံသူတို့ထံတွင်ရှိသည်ဟု လူများက သတ်မှတ်ထားကြ၏။ ဆွေစဉ်မျိုးဆက် ချမ်းသာလာခြင်း၊ ရိုးရိုးသားသား စီးပွားရေးလုပ်ရင်း အခြေအနေပေး၍ ချမ်းသာလာခြင်း၊ ဝိသမလောဘဖြင့် ချမ်းသာလာခြင်းဟူ၍ ရှိပါ၏။ သူတို့လည်း လိုအပ်နေသည့်ကွက်လပ်ကို ဖြည့်လိုပြန်၏။ လောကတံတွာ လူတို့ဓမ္မတာ။ ပညာဂုဏ်၊ ရာထူးဂုဏ်ရှိသူများနှင့် ဆွေမျိုးတော်စပ်ရန် အားထုတ်၏။ ထိုကိစ္စ အထမမြောက်လျှင် ပညာဂုဏ်၊ ရာထူးဂုဏ်သမားများနှင့် မိတ်ဆက်ပေါင်းသင်းဆက်ဆံ၏။ သူတို့ပတ်ဝန်းကျင်ကို ဝင်၏။ သူတို့နှင့် ခင်မင်ရင်းနှီးမှုကိုရှာ၏။ သူတို့ကို ကိုယ့်ပတ်ဝန်းကျင်သို့ ဖိတ်ခေါ်၏။ သူတို့၏ ရောင်ပြန်ဟပ်မှုကို ခံယူ၏။ ပညာဂုဏ်၊ ရာထူးဂုဏ်လိုအပ်ချက်ကို အစားထိုးအောင်မြင်မှု ရယူကြပြန်၏။

ရာထူးဂုဏ်ဟူသည် ပညာဂုဏ်ပါပြီးဖြစ်၏။ ပညာတတ်မှ ရာထူးရသည်ဖြစ်၏။ ပြည်သူ့ဝန်ထမ်းများသည် အနှီဂုဏ်နှစ်မျိုး၏ ပိုင်ရှင်များဖြစ်သည်။ သို့သော် သူတို့တွင် ဓနဂုဏ်ကွက်လပ်ဖြစ်နေပြန်၏။

ဓနဂုဏ်ပိုင်ရှင်များ၏ လူမှုပတ်ဝန်းကျင်က အလှူများ၊ မင်္ဂလာဆောင်များ၊ ဧည့်ခံပွဲများသို့ ကြွရောက်ပါရန် ပြည်သူ့ဝန်ထမ်းတို့ကို ဖိတ်မန္တကပြုကြ၏။ သူတို့ပတ်ဝန်းကျင်သို့ သွတ်သွင်းကြ၏။ ပြည်သူ့ဝန်ထမ်းများက တပ်ဖွဲ့တူညီဝတ်စုံဖြင့် သူတို့ထံတွင် ဝင်/ထွက်သွားလာမှုကို အလွန်နှစ်သက်သဘောကျ၏။ အလွန်ဂုဏ်ယူဝမ်းမြောက်၏။ ထူးခြား၍လည်း အထူးနွေးထွေးစွာဖြင့် လှိုက်လှိုက်လှဲလှဲဖြင့် ခရီးဦးကြိုပြုပါ၏။ အလွန်ဂရုစိုက်ပါ၏။ သူတို့နှင့်အတူတကွ ဖက်လဲတကင်း တွဲယှဉ်၍ ဓာတ်ပုံများတဖျပ်ဖျပ် မပြီးနိုင်မစီးနိုင်ရိုက်ယူကြ၏။

ပြည်သူ့ဝန်ထမ်းများ ပျော်ရွှင်ချမ်းမြေ့ခဲ့ရပါ၏။ ဝမ်းသာပီတိ ဖြစ်ရပါ၏။ “သူတို့လည်းလေ လောကီသားပေမို့” ဓနဂုဏ်လိုအပ်နေ၏။ ကွက်လပ်ဖြစ်နေ၏။ ဓနဂုဏ်သမားများနှင့် ပေါင်းသင်းဆက်ဆံရသည်မှာ သူတို့အတွက် အစားထိုးအောင်မြင်မှုဆိုပါက မှားလိမ့်မည်မထင်ပါ။

သို့နှင့်တိုင် ပြည်သူ့ဝန်ထမ်းများ သတိပြုရမည်မှာ ဆိုခဲ့ပါလုပ်ရှားမှု အဖြာဖြာ စီးမျောခံစားမှုအရာရာတို့မှာ တကယ့်အစစ်အမှန်ဓနဂုဏ်ရှိခဲ့ခြင်း မဟုတ်ပါ။ အစားထိုးအောင်မြင်မှုဟူ၍ အထင်သက်သက်သာဖြစ်၏။ “စိန်နားကပ်အရောင်ကြောင့် ပါးပြောင်”ခဲ့၏။ သူတို့၏ စိန်နားကပ်အရောင်များ ဖြာဝေနေခဲ့၍ ပြည်သူ့ဝန်ထမ်း၏ပါးများပေါ် ကျရောက်ပြောင်လက်နေခြင်း ဖြစ်၏။ “အိပ်မက်”မက်နေခြင်းဖြစ်၏။ အိပ်မက်ကနိုးထလာသည့်အခါ ဘာတစ်ခုမှ မရှိတော့ပါ။ ဆိုခဲ့ပါ ထင်ခဲ့သည်အထင်များ တစ်ခုမကျန် အကုန်လွင့်စဉ်ပျောက်ကွယ်သွားကုန်ပါ၏။

သို့ဖြင့် ပြည်သူ့ဝန်ထမ်းတို့သည် ကိုယ့်ရာထူးဂုဏ်နှင့် ပညာဂုဏ်တို့ကို အပွန်းအပဲ့မခံ ထိန်းသိမ်းထားနိုင်ရမည်။ ရှိပြီးသားဂုဏ်လေးများ လက်လွတ်မသွားရန်လို၏။ "Duty is Duty" “တာဝန်နှင့်ဝတ္တရားသည် တာဝန်နှင့်ဝတ္တရားသာဖြစ်၏”ဟူ၍ ဝန်ထမ်းသက်တမ်းတစ်လျှောက် မမေ့ကြရန်လိုပါ၏။ “ရိုးရိုးသားသား၊ ကြိုးကြိုးစားစား၊ အမှားမရှိစေရန် အထူးသတိမလွတ် ဂရုစိုက်ရန်လို၏။ နိုးနိုးကြားကြားဖြင့် ဝန်ထမ်းဘဝကို အစားထိုးအောင်မြင်မှု မဟုတ်သည့် တကယ့်အောင်မြင်မှု အစစ်အမှန်ဖြင့် ဆုံးခန်းတိုင်ရောက်အောင် ဖြတ်သန်းနိုင်ကြပါရန် ကိုယ်တိုင်တွေ့ကြုံခဲ့သည့် ဝန်ထမ်းဘဝသင်ခန်းစာများကို မျှဝေလိုက်ပါရစေ”. . . မျှဝေလိုက်ပါ၏။

ဆက်လက်တင်ပြပါရစေ။ ယခုအခါ ကျွန်တော်သည် တစ်ချိန်ကရှိခဲ့ဖူးသည့် ရာထူးဂုဏ်နှင့် ပညာဂုဏ်ဆိုသည်များကို ပခုံးပေါ်က အောက်ကိုပစ်ချလိုက်ပါပြီ။ ကျွန်တော့်ထံတွင် ဘာမျှမရှိတော့ပါ။ ပင်စင်စားဘဝရောက်သွားပါပြီ။ ဘဝပြောင်းသွားပါပြီ။ ဟိုဘဝက ပတ်ဝန်းကျင်လည်း ကြက်ပျောက်၊ ငှက်ပျောက် ဘယ်ရောက်ကုန်သည်မသိ၊ ပျောက်ခြင်းမလှပျောက်ကုန်ပါပြီ။ ယာယီသတ်မှတ်ချက်တွေသာ ဖြစ်ပါ၏။ အနားကပ်မခံ ပျောက်ကုန်ကြသည်မှာ သဘာဝကျပါ၏။ “အရပ်သားဘဝကလာခြင်းဖြစ်၍ အရပ်သားဘဝသို့ ပြန်ရောက်သွားပါပြီ။ လောကမှာ မမြဲသောအရာသာ အမြဲရှိပါ၏”

ဆိုခဲ့ပါ လူ့သဘာဝအရ လူအများလက်ခံနှစ်သက် စွဲလမ်းလွန်းလှသည့် ဂုဏ်သုံးမျိုးမပါသည့်၊ အထက်တန်းကျသည့်၊ အဆင့်မြင့်သည့်ဂုဏ်ကို ကျွန်တော်ရှာဖွေတွေ့ရှိခဲ့ပါ၏။ ဒီဂုဏ်မှာ “မေတ္တာဂုဏ်”ဖြစ်ပါ၏။ အနှီတစ်ခုတည်းသောဂုဏ်ကို ကိုယ်နဲ့မကွာထားပြီး နောက်ဆုံးထွက်သက်အထိ ထိန်းသိမ်းပြီး သတိမလွတ် ပွားများအားထုတ်ကာ မေတ္တာဂုဏ်ဖြင့် ဘဝကို ဖြတ်သန်းသွားမည်ဟု ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချဆုံးဖြတ်လိုက်ပါပြီဟူ၍ တင်ပြလိုက်ပါရစေ။

အားလုံး အားလုံးသော သတ္တဝါတွေ စိုးရိမ်ကြောင့်ကြမှု၊ ပူပန်မှုအမျိုးမျိုးတို့မှ ကင်းဝေးကြပါစေ၊ ဆင်းရဲခြင်းဒုက္ခအပေါင်းမှ လွတ်ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ။

အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် ဇန်နဝါရီ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ အကြိမ် (၃၀၀)မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း(၁၅၀၀)ဆု	**ကျပ်သိန်း(၁၀၀)ယူနစ်**
ပ-၇၇၃၂၄၂	**(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ**
ကျပ်သိန်း(၁၀၀၀)ဆု	ဝ-၁၀၉၇၉၆
ဂ-၄၇၃၅၈၇	က-၂၃၂၅၀၆
ကျပ်သိန်း(၅၀၀)ဆု	ဃ-၁၉၄၄၁၁
ယ-၉၁၃၆၆၇	ဇ-၁၂၆၄၂၁
ကျပ်သိန်း(၃၀၀)ဆု	ဈ-၃၆၃၈၂၅
ထ-၈၆၃၇၆၅	ဇ-၈၄၂၁၃၃
က-၅၀၁၄၄၆	က-၄၅၈၅၀၈
ပ-၂၂၆၀၅၄	ကခ-၉၃၇၈၄၄
ကျပ်သိန်း(၂၀၀)ဆုများ	က-၃၅၃၇၈၃
ကက-၃၂၁၇၈၃	မ္ဘ-၂၅၂၉၂၈
န-၉၉၂၈၉၇	ကခ-၃၆၅၉၀၃
ဖ-၆၆၂၅၈၂	ည-၆၉၀၇၀၉
ဈ-၆၅၇၁၇၁	ဠ-၄၆၈၀၉၃
ခ-၁၇၃၄၇၁	ခ-၆၁၉၂၂၀
ပ-၉၁၈၃၄၄	ဟ-၅၂၃၁၄၆
ဘ-၂၅၄၆၈၆	ရ-၃၅၃၂၉၃

ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူလယ်သမားကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက ခင်မွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက တောင်သူလယ်သမားများအနေဖြင့် အခက်အခဲများ၊ အဆင်မပြေမှုများရှိပါက ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် တောင်သူလယ်သမားကိုယ်စားလှယ်များက အောင်ဇေယျာတံတားနှင့်ကုန်ထုတ်လမ်း၊ ကျေးရွာချင်းဆက်လမ်းဆောင်ရွက်ပေးရေး၊ တောင်ပုံချောင်းမြစ်ရေတင်စီမံကိန်းဆောင်ရွက်ပေးနိုင်ရေး၊ လယ်ကြားမြောင်း တူးဖော်ပေးရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ သက်တမ်းတိုးချေးပေးရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ ဓာတ်မြေဩဇာများလုံလောက်စွာရောင်းချပေးရေးဆွေးနွေးတင်ပြကြရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ချက်ချင်းလက်ငင်းဆောင်ရွက်ပေးရမည့်အပိုင်း၊ သက်ဆိုင်ရာဌာနများ၊ သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်အပိုင်းနှင့် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြပေးရမည့်အပိုင်းဟူ၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်ငွေတိုးမြှင့်ကာ စာမူပိတ်ရက်ပါ တိုးမြှင့်ပေးလိုက်သည့် ပခုက္ကူ စာပေဆု

ရန်ကုန် ဇန်နဝါရီ ၁

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ်မေလဝန်းကျင်တွင် ကျင်းပခဲ့ပြီး စာပေဆုတစ်ခုချင်းတွင် (ပထမ)၂၀၀၀၀၀၊ (ဒုတိယ) ၁၅၀၀၀၀၊ (တတိယ) ၁၀၀၀၀၀ ချီးမြှင့်လျက်ရှိရာမှ ယခုနှစ်တွင် ပထမဆု ကျပ် ၃၀၀၀၀၀၊ ဒုတိယဆု ကျပ် ၂၀၀၀၀၀ နှင့် တတိယဆု ကျပ် ၁၅၀၀၀၀ ထိ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီတို့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး ခေတ်စနစ်နှင့်အညီဆောင်ရွက်ရန် ဆုချီးမြှင့်ငွေတိုးမြှင့်ရန်နှင့် စာမူပိတ်ရက်အား ၃၁-၁-၂၀၁၄ ရက်အထိ တိုးမြှင့်ပေးရေးတို့ကို ၁-၁-၂၀၁၄ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင်မြန်မာနိုင်ငံ စာရေးဆရာအသင်းရုံးရှိရာ အမှတ် (၁၇၇/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော ပခုက္ကူစာပေဆုရွေးချယ်ရေးအစည်းအဝေးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်စာမူခများ ယခင်ပေးပို့သည့် စာပေဗိမာန်သို့သာ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုနှင့် ပညာရှင်များအမြင်

တွေ့ဆုံမေးမြန်း - ဆုမြတ်၊ သီရိ

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းပေါ်ရှိ စိန်ရတုခန်းမ၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ ပညာရပ်နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် NGO,INGO များမှ ပုဂ္ဂိုလ်များ၊ အဆင့်မြင့်ပညာနှင့်အခြေခံပညာတို့မှ ဆရာဆရာမ ကိုယ်စားလှယ်များနှင့်ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော ပညာရှင်အချို့ကို တွေ့ဆုံမေးမြန်းခဲ့ရာ “ပညာရေးစနစ်ကြီးဟာ နိုင်ငံရေး၊ စီးပွားရေးအားလုံးပါတယ်။ ပညာရေးတစ်ခုတည်း ကွက်ကြည့်လို့မပြည့်စုံဘူး။ အားလုံးထဲထဲဝင်ဝင်ကြည့်ဖို့လိုတယ်။ အခုပညာရေးမှာ သုံးလာတဲ့ စကားလုံးက stakeholder ပေါ့။ ပညာရေးနဲ့ပတ်သက်တာ အခုဖြစ်နေတာက ပညာရေးလို့ပြောရင် ပညာရှင်တွေလို့ပဲမြင်တယ်။ အမှန်က ပညာရေးလို့ပြောရင် မိဘတွေ၊ ကျောင်းသားတွေပါမယ်။ ကျောင်းသားတွေသာမက မိဘတွေနဲ့ပါ တိုင်ပင်ဖို့လိုမယ်။ နောက်ပြီး ဆရာတို့ထည့်ပြီး လုံးဝမစဉ်းစားမိတဲ့အချက်က လုပ်ငန်းရှင်တွေ၊ ဘာလို့လဲဆိုတော့ ဆရာတို့ပညာရေးက ပညာရေးတစ်ခုတည်း အတွက်လုပ်တာမဟုတ်ဘူး။ စာတတ်ပြီးရင် အလုပ်လုပ်ရမယ်။ အလုပ်လုပ်မယ်ဆိုတော့ အလုပ်ခွင်က လူတွေရဲ့ လိုအပ်ချက်တွေသိဖို့လိုတယ်။ အလုပ်ခွင်ကလူတွေနဲ့ ဆက်စပ်ပြီးတော့မှ အလုပ်ခွင်လိုအပ်ချက်က ဘာတွေဖြစ်မလဲ။ တက္ကသိုလ်က ကလေးတွေတင်မကဘူး။ နယ်က ကလေးတွေပါ ဆယ်တန်းအောင်ပြီးရင် ဘယ်လိုလုပ်မလဲ စတာတွေ၊ အလုပ်ခွင်က အလုပ်ရှင်တွေ ထဲထဲဝင်ဝင်သိဖို့ လိုအပ်တယ်။ နောက်ပြီး ဆရာတို့မေးနေတာ မီဒီယာပေါ့။ မီဒီယာကပညာရေးနဲ့ပတ်သက်ပြီးပြောရရင် ပြည့်ပြည့်စုံစုံ မပြောဘဲ ကွက်ပြီးပြောကြတယ်။ stakeholder တွေနဲ့ တိုင်ပင်မယ်ဆိုရင် အဖြေတစ်ခုတော့ ထွက်လိမ့်မယ်ထင်တယ်။ မဟုတ်ရင်တော့ ဒီလိုပဲလည်နေလိမ့်မယ်။ နောက်ပြီး ဆရာတို့နိုင်ငံမှာ တခြားနိုင်ငံတွေနဲ့မတူတာက ပညာရေးက အမြဲတမ်းပြောင်းလဲနေတယ်။ ၁၉၆၄ ခုနှစ်ကတည်းက ပြောင်းလိုက်တာ အခု ၂၀၁၄ ရှိပြီ။ အခုထိ ပြောင်းတုန်း။ တချို့နိုင်ငံတွေက ပညာရေးစနစ်ကိုပြောင်းရင် ၁၀ နှစ်၊ အနှစ် ၂၀ လောက်ထိငြိမ်တယ်။ ခဏခဏစိတ်ကူးရှိတိုင်း လိုက်ပြောင်းနေလို့မရဘူး။ ဒါပေမယ့် ရည်မှန်းချက်ကတော့ ဒီတစ်ခေါက်တော့ ပေါ်မယ်ထင်ပါတယ်။ တိုင်းပြည်မှာ ဘယ်လိုပညာရေးစနစ်ရှိမလဲဆိုတာ ဖော်ထုတ်ရမယ်။ မီဒီယာသမားတွေအနေနဲ့လည်း သစ်ပင်တစ်ခုတည်း မြင်ဖို့လိုသလို၊ သစ်တောကြီးတစ်ခုလုံးကိုလည်း မြင်ဖို့လိုပါတယ်။ အများစုက တစ်ပင်ချင်းလိုက်ကြည့်တယ်။ ဒီနေရာဟာ ဘာကြောင့်ဆိုတာ လိုက်ကြည့်နေတယ်။ ဒီနေရာမှာ အခြေခံကြည့်တယ်။ ဒီနေရာမှာ အဆင့်မြင့်ပညာကို ကြည့်တယ်။ ဒီနေရာမှာ အသက်မွေးဝမ်းကျောင်းကြည့်တယ်။ ဒီနေရာမှာ ဥပဒေကြည့်တယ်။ အမှန်က တစ်ခုလုံး ကြည့်မှရမှာ။ သစ်တောကြီးတစ်ခုလုံးလိုပေါ့။ စီးပွားရေး ပညာမှာဆိုရင် Helicopter view ပေါ့။ ခုတော့ ကွက်ကြည့်လို့ရတဲ့ အဖြေကလည်း တစ်ပိုင်းတစ်စကြီး ဖြစ်နေတာပေါ့။ ဒါပေမယ့် အခုဝိုင်းစဉ်းစားရင်တော့ အဖြေတစ်ခုရမယ်လို့ ထင်ပါတယ်။ အရေးကြီးတာကတော့ ပညာရေးကို communication လုပ်တဲ့အခါမှာ ပညာရေးကို အသုံးစရိတ်လို့ပြောတယ်။ အဲဒီလိုသုံးတာ နည်းနည်းဆင်ခြင်ဖို့ လိုတယ်။ ပညာရေးဟာ အသုံးစရိတ်မဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံမှု။ cost လို့ ပြောလိုက်တာနဲ့ အသုံးစရိတ်လို့ ပြောလိုက်တာနဲ့ လူတွေက စရိတ်ကိုလျှော့ရမယ် စဉ်းစားတယ်။ စရိတ်ကိုတိုးတဲ့လူ ဘယ်သူမှ မတိုးချင်ဘူး။ နိုင်ငံတော်အစိုးရကို သွားမေးလည်း စရိတ်တိုးချင်လားဆိုရင် ဘယ်သူမှမတိုးချင်ဘူး။ ဒါပေမယ့် စရိတ်မဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံမှုဆိုတာနဲ့ လူတိုင်းရင်းနှီးမြှုပ်နှံရမယ်လို့ သိကြတယ်။ အဲဒီတော့ communication မှာ အသုံးအနှုန်းတွေ သတိထားဖို့ လိုတယ်။ ပညာရေးလို့ ပြောမယ်ဆိုရင် တစ်ခုက လူ့အခွင့်အရေး၊ လူတစ်ယောက်အနေနဲ့ မွေးလာတဲ့အချိန်ကစပြီး သူ့မှာပညာသင်ခွင့်ရှိတယ်။ Human Right Education ဆိုတာ နိုင်ငံတော်က ပေးတာမျိုးမဟုတ်ဘူး။ ကိုယ်ဟာ လူတစ်ယောက်အနေနဲ့ အသက်ရှင်တဲ့ လူတစ်ယောက်၊ ကိုယ်ဟာ နိုင်ငံသားတစ်ယောက်ဖြစ်ရင် ကိုယ့်မှာ အဲဒီ Right က အလိုလိုရှိပြီးသား။ လက်ခံမှ ရမယ်” ဟု ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က မြန်မာနိုင်ငံ၏ ပညာရေး ပြုပြင်ပြောင်းလဲမှုအပေါ် ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

ဒေါက်တာ အောင်ထွန်းသက်

ဒေါက်တာ အောင်ခင်

ဒေါက်တာဇေယျဦး

ဆက်လက်၍ ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲမှ ရရှိနိုင်သည့် အလားအလာများနှင့် ပတ်သက်၍ ၎င်း၏အမြင်ကို ဆက်လက်မေးမြန်းရာ “ဒီဆွေးနွေးညှိနှိုင်းပွဲက အလုပ်ရုံဆွေးနွေးပွဲမဟုတ်ဘူး။ သာမန်အားဖြင့် အလုပ်ရုံဆွေးနွေးပွဲဆိုရင် တောင်ပြောမြောက်ပြော ပြောကြတာ။ အမှန်တော့ နားထောင်ဖို့လိုတယ်။ ဆရာတို့မှာ နားထောင်အား များများမြှင့်ဖို့လိုတယ်။ လူတွေအားလုံးရဲ့ သဘောထားတွေကို ကြည့်ဖို့လိုတယ်။ ဆုံးဖြတ်တာကတော့ နိုင်ငံတော်က ဆုံးဖြတ်ရမှာပေါ့။ အဲဒီတော့ မျှော်လင့်ချက်ကတော့ ပွဲပြီးမှသိမယ်။ အဲဒီတော့ ခုညှိနှိုင်းဆွေးနွေးပွဲမှာ ဆရာတို့ဆွေးနွေးတာတွေမကဘူး။ ကျန်တဲ့လူတွေအားလုံးကလည်း ထဲထဲဝင်ဝင် တိုင်ပင်ဆွေးနွေးမှုရမယ်။ ဘယ်လိုအဖြေမျိုးရရင်ကောင်းမလဲဆိုတာကို ဆွေးနွေးဖို့ လိုတယ်” ဟူ၍ ပြောကြားခဲ့သည်။

ဆက်လက်၍ ဒဂုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ခင်က အဆိုပါပညာရေးဆွေးနွေးညှိနှိုင်းပွဲတွင် ပါဝင်ဆွေးနွေးမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ပြောကြားရာတွင် “မူကြမ်းအရ ဘွဲ့မရခင်မှာ အထူးသဖြင့် အခြေခံပညာအထက်တန်းအောင်ရုံနဲ့ သက်ဆိုင်ရာဘာသာရပ်ကို တက်နေတဲ့အချိန်မှာ တွဲဖက်ပြီး လုပ်ငန်းခွင်နဲ့ပါ တူတူတွဲပြီးလုပ်ရတော့ လုပ်သက်ရသွားတယ်။ ဥပမာ-ဘွဲ့က လေးနှစ်ဆိုရင် တချို့ဘာသာရပ်တွေက လုပ်သက်ပါရပြီး လုပ်ငန်းခွင်အတွက် အဆင်သင့်ဖြစ်သွားတတ်တယ်၊ တစ်ခါတလေ ဘွဲ့ရပြီးမှ လုပ်ငန်းခွင်ဝင်ရင် လုပ်ငန်းခွင်ထဲမှာ အခက်အခဲလေးတွေရှိတယ်။ အဲဒီအချက်တွေအတွက် ဆွေးနွေးနိုင်မယ့် မူကြမ်းလေးတွေပါမယ်။ ရွေးချယ်မှုအရလည်း ပညာရေးမူဝါဒအရ အတန်းတစ်တန်းပိုလာတာကြောင့် အသက်အရွယ်အားဖြင့် တစ်တန်းပိုလာလို့ အတွေးအခေါ်အားဖြင့်လည်း ပိုပြီးရင့်ကျက်လာသလို ဆုံးဖြတ်ချက်တွေက ပိုမိုမှန်ကန်သင့်တော်လာတယ်လို့ ထင်ပါတယ်”ဟု ၎င်း၏ထင်မြင်ယူဆချက်များကို ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်ရှိ curtin university, department of electrical and computer engineering မှ senior lecturer ဒေါက်တာဇေယျဦးကလည်း မြန်မာနိုင်ငံပညာရေးကဏ္ဍတွင် အဓိကပြုပြင်ပြောင်းလဲရမည့်အချက်များနှင့်ပတ်သက်၍ “ပညာရေးကဏ္ဍမှာ အခြေခံပညာရေးကို အရင်ပြင်ရပါမယ်၊ အခြေခံပညာရေးကိုပြင်ဆင်တဲ့အခါမှာ ဆရာ့အနေနဲ့ အောက်ဆုံးအခြေအနေကိုမသိပေမယ့်အခြေခံပညာကနေ အထက်တန်းပညာကို ကူးပြောင်းတဲ့အဆင့်လေးနဲ့ပတ်သက်ပြီး အကြံပေးစရာလည်းရှိပါတယ်။ အဓိကအားဖြင့် မြန်မာနိုင်ငံမှာ အသက်အရ အသက်(၁၆)နှစ်မှာ ဆယ်တန်းအောင်တယ်။ အဲဒီကလေးတွေဟာ Mature မဖြစ်သေးပါဘူး။ ဘာလို့လဲဆိုတော့ အခြေခံပညာကနေ အထက်တန်းပညာအထိကို ကလေးတွေဟာ Spoon Feeeding နဲ့ သွားပါတယ်။ အကျိုးဆက်ကတော့ မိမိကိုယ်ကို၊ မိမိပညာကို မိမိစူးစမ်းလေ့လာတဲ့စိတ်မရှိတော့ဘူး၊ အဲဒီထဲကမှ ထူးချွန်တဲ့ကျောင်းသားတွေကတော့ အဆင့်မြင့်တက္ကသိုလ်တွေကို ရောက်ကြပါတယ်။ ဥပမာအားဖြင့်တော့ ဆေးတက္ကသိုလ်၊ ရေကြောင်းနဲ့စက်မှုတက္ကသိုလ်တွေပေါ့။ ဒါပေမယ့် တစ်ခုအခက်အခဲကြုံရတာက ဆရာကတော့ မိဘတွေဆီက ပြန်ကြားရတာပါ။ ဘာလဲဆိုတော့ ကလေးတွေက First Year တက်လိုက်ရတဲ့အချိန်မှာ သူတို့မျှော်မှန်းထားသလို ပညာရေးကို မရနိုင်ဘူးဖြစ်နေတယ်”ဟူ၍ ၎င်း၏ နိုင်ငံတကာအတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ ပြောကြားခဲ့သည်။

အခမ်းအနားတွင် ပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တင်ပြဆွေးနွေးရာ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရပ်နယ်ပယ်အသီးသီးမှ ပညာရှင်များက အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍသည် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်သဖွယ် အရေးပါလှပါသည်။ ထိုသို့ နိုင်ငံဖွံ့ဖြိုးတိုးတက်စေသော ပညာရေးစနစ်ကောင်းတစ်ခုဖြစ်လာစေရန်အတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပညာရေးနှင့်ပတ်သက်ဆက်နွှယ်သူ နိုင်ငံသားတိုင်း ဝိုင်းဝန်းအကြံပြုပါဝင်ဆွေးနွေးပါ။ ပညာခေတ်ကို စိန်ခေါ်နိုင်သော တိုးတက်ခေတ်မီသည့် ပညာရေးတစ်ခုဖြစ်ထွန်းလာစေရန် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်စေလိုပါသည်။ ထို့ပြင် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် ပညာရေး ပတ်သက်ဆက်နွှယ်နေသူ လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တစ်ဖက်နှင့်တစ်ဖက် ပွင့်လင်းရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသော ဤဆွေးနွေးပွဲသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးစနစ်တစ်ခုပေါ် ပေါက်လာစေနိုင်သော ပညာရေးမူဝါဒများချမှတ်နိုင်မည်ဟု မျှော်လင့်ကြောင်း ရေးသားလိုက်ရပါသည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်၌ ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပလျက်ရှိသော အာလိန်ငါးဆင့်၌ ကရင်ဒုံးယိမ်းအဖွဲ့ဖျော်ဖြေတင်ဆက်မှုများနှင့် ပွဲတော်လာပရိသတ်များ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-ဌေးခိုင်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ အားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

ဆီးဂိမ်းပြိုင်ပွဲဘိလိယက်နှင့် စနူကာနိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက်နှင့် စနူကာအားကစားနိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကရဝိက်ဟိုတယ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ရန်ကုန်မြို့၌ အားကစားနည်းခုနစ်မျိုးကိုကျင်းပခဲ့ရာ ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ်ခုနစ်ခုနှင့် ကြေးတံဆိပ် ၁၆ ခု စုစုပေါင်းဆုတံဆိပ် ၃၆ ခု ရရှိခဲ့ကြောင်း၊ ပြည်သူများ၏ တစ်ခဲနက်အားပေးမှု၊ အားကစားသမားများ၏ကြိုးစားမှုတို့ကြောင့် ပြိုင်ပွဲဝင် ၁၁ နိုင်ငံတွင် ဒုတိယအဆင့်ထိ အောင်မြင်မှုရရှိခဲ့ကြောင်း၊ ဘိလိယက်နှင့်စနူကာပြိုင်ပွဲအားကစားသမားများက ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ငါးခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခု ရရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ နောင်လာမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၊ အာရှအားကစားပြိုင်ပွဲများနှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ယခုထက်ပိုမိုအောင်မြင်မှုများ ရရှိအောင်ဆက်လက်ကြိုးစားရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက်နှင့် စနူကာအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ် ရရှိခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နာယကနှင့် တိုင်းဒေသကြီးဝန်ကြီးများက ကြေးတံဆိပ်နှင့် ငွေတံဆိပ်ဆုရအားကစားသမားများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အသင်းလိုက် ဘိလိယက်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရအားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း ၂-၁-၂၀၁၄

၅း၀၀	ပဋ္ဌာန်းပါဠိတော် ရတနသုတ်
၅း၄၀	"နိဗ္ဗာန်သို့ညွတ်သော" တရားတော် [ဆရာတော်ဘဒ္ဒန္တကုန္ဓောဘာသ မဟာထေရ် (အနိစ္စဆရာတော်)]
၈း၀၅	**Cartoon Series (Knock,Knock,English Playground)**
၈း၄၅	ကလေးတို့အတွက် လမ်းညွှန် **(Limited Edition Fancy & Toy Shop)**
၁း၀၀	"နိဗ္ဗာန်သို့ညွတ်သော" တရားတော် [ဆရာတော်ဘဒ္ဒန္တကုန္ဓောဘာသ မဟာထေရ် (အနိစ္စဆရာတော်)]
၂း၀၀	**MRTV-4** သတင်း
၂း၂၀	**World of Knowledge (Killer Whales)**
၆း၀၀	**MRTV-4** သတင်း
၆း၁၅	**Health Fix**
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် **(Junction Centre Rainy Season Promo 2013** ပမာဏကံထူးရှင်ရွေးချယ်ပွဲ)
၁၁း၃၅	နုယဉ်ဆန်းထွင်ပန်းအလှဆင် (စားပွဲတင်ပန်းအလှဆင်ပုံ)
၁၂း၀၀	"နိဗ္ဗာန်သို့ညွတ်သော" တရားတော် [ဆရာတော်ဘဒ္ဒန္တကုန္ဓောဘာသ မဟာထေရ် (အနိစ္စဆရာတော်)]
၂း၀၀	**Intellectual Talk**
၂း၄၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၄၀	မုံရွာမြို့သို့အလည်တစ်ခေါက်

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု

လွတ်လပ်ရေးကို ထိန်းသိမ်းပါ

သူရအောင်(ဥပဒေ)

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယဖြစ်သည်။ နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရသော မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံအဖြစ် ရောက်ရှိခဲ့ရာ ယခုအခါ နှစ်ပေါင်း(၆၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ထိုသို့ လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိလာရေးအတွက် အလုပ်သမား၊ တောင်သူလယ်သမား၊ ကုန်သည်ပွဲစား၊ ကျောင်းသား၊ ပြည်သူအားလုံးတို့၏ စည်းစိမ်ဥစ္စာ၊ ရွှေငွေ၊ ရတနာ၊ လယ်ယာ၊ ကျွဲနွားများနှင့် ချွေးသွေးတို့ကိုရင်း၍ လူ့အသက်ပေါင်းများစွာ ပေးဆက်စတေးပြီး တော်လှန်တိုက်ခိုက်ခဲ့ကြရသည်။ တစ်နည်းဆိုရသော် နှစ်ပေါင်းများစွာ ဘိုးဘွား၊ မိဘများက အသက်သွေးနှင့် စတေးပြီး ရယူပေးခဲ့ရသော လွတ်လပ်ရေးကြီးဖြစ်သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်ခေတ်သို့တိုင်အောင် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် ထည်ဝါခံ့ညားစွာ ရပ်တည်ခဲ့သော နိုင်ငံဖြစ်သည်။ ဗုဒ္ဓဘာသာ သာသနာနှင့် အေးချမ်းသာယာစည်ပင်ဝပြောပြီး သတ္တုရေနံစပါးဆန်နှင့် သယံဇာတပေါများကြွယ်ဝလှသော မြန်မာနိုင်ငံအားနယ်ချဲ့အင်္ဂလိပ်တို့က နည်းမျိုးစုံဖြင့် အပြစ်ရှာ ရန်လိုခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အပြီးအပိုင်သိမ်းယူခဲ့သည်။ ထိုသို့ ကြမ္မာဆိုးစွာဖြင့် အမိမြန်မာနိုင်ငံ နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသော်လည်း မြန်မာတိုင်းရင်းသားအပေါင်းတို့သည် သူ့ကျွန်မခံ ဇာတိမာန်ကိုအရင်းခံလျက် မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ရရာလက်နက်စွဲကိုင်၍ တစ်ခဲနက်တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

အထက်မြန်မာနိုင်ငံ မင်းဘူး၊ မြင်းခြံ၊ မိတ္ထီလာဒေသများတွင် ဗိုလ်ဥတ္တမ၊ ဗိုလ်ရွှေ၊ ဗိုလ်ရာညွန့်၊ ဗိုလ်ချို၊ ဗိုလ်တုတ်ကျော်တို့ဦးဆောင်တွန်းလှန်တိုက်ခိုက်ခဲ့ကြသလို မကွေး၊ ပျဉ်းမနား၊ ရမည်းသင်း၊ ပခုက္ကူ၊ ရွှေဘို၊ မန္တလေး၊ ကျောက်ဆည်ဒေသများတွင် ဗိုလ်မင်းရောင်၊ ဗိုလ်ရိုင်း၊ မြင်စိုင်းမင်းသား၊ ဗိုလ်လယ်၊ ဗိုလ်ရာကွပ်၊ ရွှေခါးဗိုလ်၊ ဗိုလ်လှဦးတို့က ဦးဆောင်တွန်းလှန်ခဲ့ကြသည်။

ကချင်တောင်တန်းဒေသရှိ ကချင်တိုင်းရင်းသားများသည်လည်း နယ်ချဲ့အင်္ဂလိပ်တို့အား ခေါင်းငုံ့မခံ ဇာတိမာန်တို့ဖြင့် အံုကြွတော်လှန်ခဲ့ကြသည်။ မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်တို့ ထင်ရှားသော ကချင်တော်လှန်ရေးခေါင်းဆောင်များမှာ ဖုံကန်ဒူဝါ၊ ဗိုလ်ဘိုးစော၊ ဆမားဒူဝါ၊ ဆနားဒူဝါ၊ တုံဟုံးနူဝါနှင့် စောရန်ပိုင်မင်းသားတို့ဖြစ်သည်။ ထို့အတူ ရှမ်းပြည်နယ်မှ ရှမ်းအမျိုးသားများသည်လည်း မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် နယ်ချဲ့တို့အား ရွပ်ရွပ်ချွံချွံ တော်လှန်ခဲ့ကြသည်။ ထင်ရှားသော ရှမ်းတိုင်းသားခေါင်းဆောင်များမှာ မိုးနဲစော်ဘွားစောခွန်ကြည်၊ ရပ်စောက်စော်ဘွားစောဝိုင်း၊ မိုင်းပွန်စော်ဘွားစောခွန်တီ၊ ကျိုင်းတုံစော်ဘွားစောခမ်းဖုတို့ဖြစ်သည်။

တစ်မြေတည်းဖွားချင်း တိုင်းရင်းသားများကလည်း နယ်ချဲ့အင်္ဂလိပ်တို့ ချင်းတောင်တန်းပေါ်သို့ တက်မလာနိုင်အောင် စုရုံးတော်လှန်ခဲ့ကြသည်။ ထင်ရှားသော ချင်းမျိုးချစ်ခေါင်းဆောင်အချို့ကို ဖော်ပြရလျှင် ကြွမ်ဘိခ် (ဗိုလ်ဆွန်ပက်)၊ ရွှေချိုးဖြူမင်းသား၊ ကိုင်တွာ၊ ဦးတွမ်ထောင်နှင့် ဗိုလ်ခိုင်ကမ်းတို့ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့က ကြွမ်ဘိခ်လက်နက်ချရန် ဆွေးနွေးသည်ကို လက်မခံဘဲ ရွှေချိုးဖြူမင်းသားနှင့် ပူးပေါင်း၍ နယ်ချဲ့တပ်များကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။

ကယားပြည်နယ်မှ ကယားအမျိုးသားများသည်လည်း မန္တလေးနန်းတော် ကျဆုံးကြောင်းသတင်းကြားရသည်နှင့် တစ်ချိန်တည်းပင် နယ်ချဲ့အင်္ဂလိပ်တို့အား တွန်းလှန်တိုက်ခိုက်ရန် လူသူစုရုံးခဲ့ကြသည်။ ကယားမျိုးချစ်ခေါင်းဆောင်ကြီး စောလှဖော်နှင့်အဖွဲ့သည် နယ်ချဲ့တို့ထိန်းချုပ်ထားသော မောက်မယ်နယ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ စောလှဖော်၏ ဌာနချုပ်ကို နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းပိုက်နိုင်သော်လည်း စောလှဖော်ကို ဖမ်းဆီးမရသဖြင့် နယ်ချဲ့အင်္ဂလိပ်တို့စစ်ဆင်ရေးကို ပြန်လည်ရုပ်သိမ်းသွားရသည်။

နယ်ချဲ့လက်အောက်မှ မြန်မာနိုင်ငံလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရာတွင် "ဝ" နယ်မှ "ဝ" တိုင်းရင်းသားတို့လည်း အခြားတိုင်းရင်းသားတို့နှင့်အတူ ပါဝင်ခဲ့ကြသည်။ အနောက်မိုင်းလွန်နယ်စော်ဘွား စောမဟာနှင့် နော်ခမ်းဦးတို့မှာ ထင်ရှားသော ခေါင်းဆောင်များဖြစ်သည်။ ဆုံးရှုံးသွားခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများသည် ဗမာလူမျိုးများနည်းတူ မိမိတို့ဒေသများတွင် နယ်ချဲ့အင်္ဂလိပ်တို့အား မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် အသက်ပေး၍ တိုက်ခိုက်တော်လှန်ခဲ့ကြကြောင်း သမိုင်းက သက်သေခံလျက်ရှိနေသည်။

၁၉၀၆ ခုနှစ်တွင် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးလှုပ်ရှားမှုများကို မျိုးစေ့ချပေးသည့် ဝိုင်အမ်ဘီအေ (YMBA) အသင်းကြီးပေါ်ပေါက်လာပြီး လူငယ်ပညာတတ်များ တက်ကြွစွာ ပါဝင်လာကြသည်။ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးအတွက် ဥရောပတိုက်သားများ ဘုရားပုထိုးစေတီရင်ပြင်ပေါ်၌ ဖိနပ်စီးနင်းတက်ရောက်ခြင်းကို ဝိုင်အမ်ဘီအေအသင်းကြီးက စတင်ကန့်ကွက်ခဲ့ကြသည်။ ထိုဖိနပ်ပြဿနာကို အကြောင်းပြု၍ ဝိုင်အမ်ဘီအေအသင်းကြီး၏ လှုံ့ဆော်မှုကြောင့် တစ်နိုင်ငံလုံး အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာပြီး အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများ တစ်စတစ်စ ကြီးထွားလာခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို နယ်ချဲ့အစိုးရက ပြဋ္ဌာန်းခဲ့ရာ ကောလိပ်ကျောင်းသားများက မကျေနပ်ဘဲ ထိုအက်ဥပဒေကို ကန့်ကွက်သပိတ်မှောက်ခဲ့ကြသည်။ ထိုသပိတ်ကြီးသည် မြန်မာတစ်ပြည်လုံးရှိ ကျောင်းများသို့ ကူးစက်ပျံ့နှံ့သွားပြီး ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများပါ အမျိုးသားရေးစိတ်ဓာတ်များ၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ ကြီးထွားမြင့်မားလာပြီး အမျိုးသားလွတ်မြောက်ရေးကို လှုပ်ရှားတောင်းဆိုခဲ့ကြသည်။ သက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ကြရာ ယနေ့ကာလအထိပင်ဖြစ်သည်။

၁၉၃၄ ခုနှစ်တွင် တို့ဗမာအစည်းအရုံးကြီး စတင်ပေါ်ပေါက်လာခဲ့သည်။ အစည်းအရုံးဝင်များ၏ အမည်ရှေ့တွင် "သခင်" အမည်ကိုတပ်၍ခေါ်ကြသည်။ တို့ဗမာအစည်းအရုံးသည်-

- **ဗမာပြည်သည် တို့ပြည်**
- **ဗမာစာသည် တို့စာ**
- **တို့ပြည်ကိုချစ်ပါ**
- **တို့စာကိုချီးမြှင့်ပါ**
- **တို့စကားကိုလေးစားပါ. . .** ဟူသော ကြွေးကြော်သံများနှင့်

အမျိုးသားရေးစိတ်ဓာတ်များတက်ကြွလာအောင် ဖန်တီးလှုံ့ဆော်ခဲ့သည်။ တို့ဗမာအစည်းအရုံးသည် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဟုမ္မရူးဒိုမီနီယံအဆင့်အတန်း စသည်များကို တောင်းဆိုခြင်းမပြုဘဲ လုံးဝလွတ်လပ်ရေးကိုသာ တောင်းဆိုရယူရန် တိုက်ပွဲဝင်ခဲ့သည့်အဖွဲ့ကြီးဖြစ်သည်။ တို့ဗမာအစည်းအရုံးသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကာလတစ်လျှောက်လုံးတွင်-

- **လွတ်လပ်ရေးသည်ပထမ**
- **လွတ်လပ်ရေးသည်ဒုတိယ**
- **လွတ်လပ်ရေးသည်တတိယ. . .** ဟူသော ကြွေးကြော်သံကို

အစဉ်တစိုက် စွဲကိုင်လျက် ဒီမိုကရေစီထွန်းကားရေးကို မျှော်မှန်းခဲ့ကြသည်။

နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှု၊ ကုပ်သွေးစုပ်မှုများကို မခံမရပ်နိုင်သော ရေနံမြေအလုပ်သမားများသည် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် (၁၉၃၈ ခုနှစ်)တွင် ရေနံမြေအလုပ်သမားသပိတ်ကြီးကို အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် ဆင်နွှဲခဲ့ကြသည်။ ဘီအိုစီကုမ္ပဏီက တစ်နှစ်လျှင်အမြတ်ငွေ ခြောက်ကုဋေမှ ၁၀ ကုဋေအထိရရှိနေသော်လည်း အလုပ်သမားများကိုမူ ထိုက်တန်သော လုပ်ခလစာကို မပေးဘဲထားသည်။ အလုပ်သမားတန်းလျားရှိ ခြောက်ပေခန်းထဲတွင် မိသားစုတစ်ခုလုံး ကျပ်တည်းစွာနေထိုင်ရပြီး ရေနံဆီမီးခွက်ကိုသာ ထွန်းခဲ့ရသည်။ ထိုရေနံမြေအလုပ်သမား သပိတ်တိုက် ပွဲသို့ တို့ဗမာအစည်းအရုံးမှ သခင်၊ သခင်မများ၊ တောင်သူလယ်သမားများ၊ ကျောင်းသားများ၊ ရဟန်းရှင်လူများပါမကျန် လူတန်းစားအလွှာအသီးသီးမှ ပါဝင်ပူးပေါင်းခဲ့ကြပြီး ရန်ကုန်သို့ချီတက်ခဲ့ကြသည်။

၁၉၃၉ ခုနှစ်သို့ရောက်သောအခါ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာသဖြင့် နယ်ချဲ့အင်္ဂလိပ်တို့အတွက် အခက်အခဲကြုံလာရတော့သည်။ တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင်များသည် ဂျပန်တို့နှင့်ဆက်သွယ်၍ မြန်မာလူငယ် ၃၀ ကို ဂျပန်ပြည်သို့ လျှို့ဝှက်စွာစေလွှတ်၍ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ယူစေခဲ့သည်။ ထိုမှစ၍ ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်ကိုဖွဲ့စည်းလျက် နယ်ချဲ့အစိုးရကို တိုက်ထုတ်ရန် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

၁၉၄၂ ခုနှစ် မေလတွင် ရဲဘော်သုံးကျိပ်ဦးဆောင်ဖွဲ့စည်းထားသော ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)က ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ဂျပန်တပ်များနှင့်အတူ အထက်မြန်မာပြည်တစ်ခုလုံးကို သိမ်းယူနိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်မှာတော့ ယုတ်မာရက်စက်လှသော ဖက်ဆစ်ဂျပန်တို့ကို တပ်မတော်နှင့်ပြည်သူအားလုံး လက်တွဲ၍ တော်လှန်မောင်းထုတ်နိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က ညီညီညွတ်ညွတ်သစ္စာပြုကြပြီး ရာသက်ပန်ပူးပေါင်းနေထိုင်သွားရန်ဆုံးဖြတ်၍ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကာ ပြည်ထောင်စုကြီးကို အောင်မြင်စွာ ဖွဲ့စည်းတည်ဆောက်ခဲ့ကြသည်။ ထိုပင်လုံညီလာခံကြီး၏ အကျိုးရလဒ်ဖြစ်သော မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကမ္ဘာသိကြေညာနိုင်ခဲ့သည်။

သို့သော်လည်း လွတ်လပ်ရေးကြီးနှင့်မရှေးမနှောင်းပေါ်ပေါက်လာသော ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကြောင့် လွတ်လပ်ရေးသက်တမ်းနှစ်ပေါင်း (၆၀)ကျော်လာသည့်တိုင် အစိုးရအဆက်ဆက်တို့သည် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ နိုင်ငံတော်တွင် ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းပြီး အေးချမ်းသာယာမှုရှိမှသာလျှင် နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းအဆင့်ဆင့်ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ဆွေးနွေးနေကြပြီဖြစ်သည်။ မိသားစုညီအစ်ကိုအချင်းချင်းတွေ့ကြုံ နေရသော ပဋိပက္ခများကို နှစ်ဦးနှစ်ဖက်မေတ္တာယှက်၍ သဘောထားကြီးစွာဖြင့် ဆွေးနွေးပါက မပြေလည်နိုင်ဖွယ်ရာမရှိပါ။ သင့်မြတ်ပြေလည်ပြီး စစ်မှန်သောငြိမ်းချမ်းရေးကို ဧကန်ရမည်ဟု ပြည်သူတို့က ယုံကြည်နေပါသည်။

ယခုအစိုးရသစ်လက်ထက်တွင် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကာလတစ်လျှောက် မျှော်မှန်းတောင့်တခဲ့သော ဒီမိုကရေစီစနစ်ကို အခြေခံပြုလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နေပြီဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးအတွက် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ဦးတည်ချက်များကို ချမှတ်ပေးထားရာ ယင်းတို့မှာ-

- ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး။
- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။
- လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးအားလုံးမှ ပူးပေါင်းဆောင်ရွက်ရေး။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ဖြစ်သည်။

အထက်ပါဦးတည်ချက်များသည် ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကို ထင်ဟပ်သုံးသပ်၍ ချမှတ်ပေးထားခြင်းဖြစ်သည်။ ထိုဦးတည်ချက်များကို တိုင်းရင်းသားလူမျိုးများနှင့် မိဘပြည်သူအားလုံးတို့က နှလုံးသွင်းဆင်ခြင်လျက် မိမိတို့စွမ်းနိုင်သမျှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဤသို့ ထမ်းဆောင်နိုင်မှသာ နိုင်ငံတော်က မျှော်မှန်းထားသော ဒီမိုကရက်တစ် လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာပြီး နိုင်ငံတော်၏ လွတ်လပ်ရေးသည်လည်း အစဉ်ထာဝရရှင်သန်နေမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဘိုးဘွားမိဘအဆက်ဆက်တို့က အသက် သွေး ချွေး စတေးပြီး ရယူပေးခဲ့သော မြန်မာ့လွတ်လပ်ရေးကြီးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့တွင် မည်သို့သော အခက်အခဲအကျပ်အတည်းများရှိနေပါစေ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော်တည်ရှိရေးအတွက် ဘိုးဘွားမိဘအဆက်ဆက်က အသက်သွေးနှင့် စတေးရယူပေးခဲ့သည့် လွတ်လပ်ရေးကြီးကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းကာကွယ်ရေးသည် နိုင်ငံသားတိုင်း၏ မမှိတ်မသုန်ထမ်းဆောင်ရမည့်မွေးရာပါ တာဝန်ပင်ဖြစ်ပါကြောင်း တင်ပြရပေသည်။ ။

၂၀၁၃ ခုနှစ် တစ်နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ဖြစ်ပွားခဲ့သည့်အမှုများ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ ၃၁ ရက် တစ်နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ဖြစ်ပွားခဲ့သည့် အမှုများတွင် လူသတ်မှု ၁၃၀၊ ဓားပြမှု လေးမှု၊ လုယက်မှု ၃၃၊ မုဒိမ်းမှု ၁၅၂ မှု၊ ဖောက်ထွင်းမှု ၂၃ မှု၊ တရိစ္ဆာန်ခိုးမှု တစ်မှုတို့ဖြစ်ပွားခဲ့ပြီး တရားစွဲတင်သည့် အမှု ၃၁၆ မှု၊ ပိတ်သိမ်းမှု ၁၀ မှုနှင့် လက်ကျန်မှု ၁၇ မှုရှိခဲ့ကြောင်း သိရသည်။

အခြားအမှုများဖြစ်သည့် ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေဖြင့် အရေးယူမှု ၆၉ မှု၊ စက်ဘီးခိုး မှု ၁၆ မှု၊ ဆိုင်ကယ်ခိုးမှု ၅၂ မှု၊ ကားခိုးမှု ၄၈ မှု၊ ခါးပိုက်နှိုက်မှု ၇၃ မှု၊ ခိုးမှု(ရိုးရိုး)၈၁၄ မှု၊ လုယက်ခိုးမှု ၆၇ မှု၊ နာကျင်စေမှု(ရိုးရိုး) ၂၇၀၀ မှု၊ ယာဉ်ကြောင့်နာကျင်စေမှု ၂၅၃၂ မှုနှင့် ကျန်အခြားမှု ၆၈၁၆ မှုတို့ဖြစ်ပွားခဲ့ပြီး တရားစွဲတင်သည့်အမှု ၁၁၀၉၅ မှု၊ ပိတ်သိမ်းမှု ၆၆၈ မှု၊ လက်ကျန်အမှု ၁၄၂၄ မှု ရှိခဲ့သည်။

ကြိုတင်ကာကွယ်မှုများဖြစ်သည့် ချဲလောင်းကစားမှု ၇၉၁ မှု၊ လောင်းကစားမှု(ရိုးရိုး) ၂၆၅ မှု၊ လက်နက်ပုန်း ၆၂၀၊ ယစ်မျိုး ၃၇၃၉ မှု၊ ပြည့်တန်ဆာ ၁၄၆၂ မှု၊ မူးယစ်ဆေးဝါး ၂၈၆ မှု၊ ခြေချုပ်ဖောက်ဖျက်မှု ၄၈၄ မှု၊ ရဲအက် ၉၆၃၈ မှု၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄ အရ အရေးယူမှု ၂၂၂၀ မှု၊ ဆင်ဆာမဲ့ဗီဒီယိုအခွေဖမ်းဆီးအရေးယူမှု ၅၄၇ မှုတို့ကို အရေးယူခဲ့ပြီး တရားစွဲဆိုတင်ပို့မှု ၁၉၇၅၁ မှု၊ ပိတ်သိမ်းမှု ၁၉၆ မှု၊ လက်ကျန်မှု ၁၀၅ မှုတို့ရှိခဲ့ကြောင်း စာရင်းများအရ သိရသည်။ **(၃၁)**

၂၀၁၄ ခုနှစ် နှစ်ဦးတွင် ရွှေတိဂုံဘုရားရင်ပြင်တော်တွင် ဆီမီးကိုးထောင်ပူဇော်ပွဲသို့ ဘုရားဖူး ရဟန်းရှင်လူ ပြည်သူအများနှင့် ခရီးသွားကမ္ဘာလှည့်ဧည့်သည်များဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုနေကြသည်ကို တွေ့ရစဉ်။ (မနော‌ဖြူလေး)

အမြန်လမ်းမကြီးအနီး ဖြူးချောင်းအတွင်းမှ ကျည်ဆန်များနှင့် ကျည်ကတ်နှစ်ခု တွေ့ရှိ

ဖြူး ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးမြို့မရဲစခန်းမြောက်ဘက် သုံးမိုင်ခန့်အကွာ အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၁၄/၁) ဖြူးချောင်းအတွင်းမှ ကျည်ဆန်များနှင့် ကျည်ကတ်နှစ်ခု တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီခန့်တွင် ဖြူးမြို့နယ် မင်းကံရိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၁၄/၁) ဖြူးချောင်းတံတားအရှေ့ဘက်ခြမ်း ဖြူးချောင်းအတွင်း မသင်္ကာဖွယ်ရာပစ္စည်းများ တွေ့ရှိကြောင်း ဖြူးမြို့မရဲစခန်းသို့ ဖုန်းဖြင့် သတင်းပေးပို့အကြောင်းကြားခဲ့သည်။

ဖြူးရဲစခန်းမှူး ဒုရဲမှူးကျော်ဝင်း၏ စီစဉ်မှုဖြင့် နယ်ထိန်းအရာရှိ ဒုရဲအုပ်ကျော်ဇင်ထိုက်နှင့် အဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ရာ မင်းကံရိုးအုပ်စု ကြာအင်းခုံရွာမှ နွားကျောင်းနေသူ မမိုးမိုးထွေး(၁၃)နှစ်က ဒီဇင်ဘာ ၃၁ ရက် ညနေ ၅နာရီခန့်တွင် ဖြူးချောင်းအတွင်းမှ တွေ့ရှိသော M 16 ကျည်အိမ်အကောက်အရှည်တစ်ခု၊ M 16 ကျည်အိမ် ရိုးရိုးအတိုတစ်ခု၊ M 16 ကျည်တောင့် ၅၀၊ ၂၂ ကျည်(ခဲထိပ်ပြူး) ၄၈ တောင့်၊ ၂၂ ကျည် ၅၀ ဆံ့အပြာရောင် ကျည်စစ်ခုံတစ်ခုတို့အား ၎င်း၏ ဖခင်ဖြစ်သူ ကြာအင်းခုံကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးဖိုးချို (ခ) ဦးသရထံ သွားရောက်အပ်နှံထားခဲ့ရာမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ကျော်ဇင်ထိုက်နှင့် အဖွဲ့က အဆိုပါကျည်နှင့် ကျည်ကတ်တို့ကို သိမ်းဆည်းခဲ့ပြီး နယ်မြေခံတပ်ရင်းသို့ အပ်နှံရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဖြူး-မြင့်ဦး)

ပြည်ထောင်စုကြီး ရှေ့ခရီး

❍ ပြည်ထောင်တစ်ခု၊ တည်ထောင်မှုတွက်
ပေါင်းစုချိတ်ဆက်၊ ပြည်သူ့လက်လျှင်
ပန္နက်အုတ်မြစ်၊ သန္ဓေစစ်တည်။

❍ ပြည်မ ပြည်နယ်၊ စည်းမကွယ်ဘဲ
ဘယ်သူခွဲခွဲ၊ ဒို့မကွဲဟု
ခိုင်မြဲသွေးစည်း၊ တစ်သားတည်းဟု
အသီးတစ်ရာ၊ အညှာတစ်ခု
ပြည်ထောင်စုပုံ၊ ပြီးပြည့်စုံအောင်
ပင်လုံစိတ်ဓာတ်၊ တန့်မရပ်ကြောင့်
"မြင့်မြတ်မြန်မာ" တည်ခဲ့ပြီ။
တစ်နိုင်ငံလုံး လွတ်လပ်ပြီ။

❍ ကိုယ့်မင်း ကိုယ့်ချင်း၊ ကိုယ့်အဆင်းနှင့်
တိုင်းရင်းချစ်ကြည်၊ တွဲလက်ညီစွာ
တို့ပြည်အကျိုး၊ တို့သယ်ပိုးခဲ့
တို့မျိုး တို့မြင့်၊ မျိုးဂုဏ်တင့်ခဲ့
ခေတ်နှင့်အညီ၊ ပြည်သစ်တည်ခဲ့
တို့ပြည်မြန်မာ ပုံရိပ်များ။
မျက်မှောက်ခေတ်ဝယ် အထင်အရှား။

❍ တိုင်းရင်းသားတို့၊ ရိုင်းပင်းအားညီ
ဝိုင်းဝန်းပွားစည်၊ မြန်မာပြည်ဝယ်
ဤမြေမှာနေ၊ မတည့်ပေသော်
ဤရေကိုသုံး၊ မစည်းလုံးသော်
အမုန်းတရား၊ နလုံးထားသော်
ခွဲခြားအသွင်၊ ကွဲပြားမြင်သော်
ပုံပြင်မဟုတ်၊ ကျွန်ဇာတ်ထုပ်လျှင်
သရုပ်ပြန်ဝင် လာဦးမည်။
မုန်ကင်း ထင်းဖြစ် နွံနစ်မည်။

❍ သူ့ကျွန်အဖြစ်၊ နွံနစ်မခံ
တော်လှန်ခဲ့ပုံ၊ အလုံးစုံနှင့်
ပင်လုံဂုဏ်ပုဒ်၊ မညှိုးယုတ်အောင်
အားထုတ်ကြိုးပမ်း၊ ခရီးလမ်းဝယ်
တစ်ဝမ်းတည်းဖွား၊ သွေးချင်းများတို့
သုံးပါးအရေး၊ နလုံးသွေးနယ်
လေးမြတ်စောင့်သိ၊ သစ္စာရှိလျက်
ပြည်၏အနာဂတ်၊ ဖြောင့်ဖြူးလတ်အောင်
ရပ်တည်ချက်မှန်၊ သန္နိဋ္ဌာန်ဖြင့်
ကြံဆောင်နိုင်ကြပါစေသတည်း။
ပြည်ထောင်စုကြီးရှေ့ခရီး။ ။

မျိုးမြတ်မြတ်မြင့်မောင်

« ဇာတိမာန်ကဗျာများမှ ထုတ်နုတ်ဖော်ပြပါသည် »

အမာမြို့နယ်ခွဲ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဆပ်ကော်မတီ(Delivery Unit) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဒီဇင်ဘာ ၃၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး အမာမြို့နယ်ခွဲ သရက်ပင်ဆိပ်ကျေးရွာ ဗန္ဒာပင်ကျေးရွာနှင့် ခါးပြတ်ကျေးရွာတို့မှ ရေလုပ်သားများကိုတွေ့ဆုံ၍ငါးသယံဇာတမပြုန်းတီးရေးနှင့် ရေရှည်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် ငါးမဖမ်းရ ရာသီနှင့် ငါးမဖမ်းရဧရိယာများကို ရှောင်ကြဉ်ကာ ဖမ်းဆီးထုတ်လုပ်ရန်၊ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေးနှင့် ငါးသယံဇာတ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဒီရေတောများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ရေငန်ဝင်ရောက်၍ စိုက်ပျိုး၍မရသော မြေလွတ်များတွင် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် အသေးစား၊ အလတ်စား လုပ်ငန်းကဏ္ဍ တိုးတက်ရေးတို့အတွက် အတိုးနည်းချေးငွေရရှိရေးလုပ်ငန်းတူ၊ စိတ်တူကိုယ်တူ ရေလုပ်သားအစုအဖွဲ့များဖွဲ့စည်းဆောင်ရွက်သွားရန်၊ တစ်ဦးချင်းဝင်ငွေတိုးတက်ရေး၊ သက်ဆိုင်သည့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရေးနှင့် ထုတ်လုပ်သည့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်သွားရန်တို့ကို ရှင်းလင်းပြောကြားကာ ရေလုပ်သားများ၏ မွေးမြူရေးကဏ္ဍတိုးတက်ထုတ်လုပ်ရေးဆိုင်ရာများကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ ၂၀၁၄ မှ

ပန်ကာများ တပ်ဆင်ထားသည်။ တွဲအားလုံးသို့ တောက်လျှောက်ကူးသန်းသွားလာနိုင်ပြီး လက်မှတ်ခနှုန်းထားမှာ ခရီးသည်တစ်ဦးလျှင် ကျပ် ၃၀၀၊ နိုင်ငံခြားသားတစ်ဦးလျှင် တစ်ဒေါ်လာနှုန်းကျသင့်မည်ဖြစ်သည်။ သက်သာသောနှုန်းထားဖြင့် စီးနင်းလိုသည့် ပြည်သူများအတွက်လည်း ကျပ် ၁၀၀၊ ၂၀၀ ဖြင့် ပြေးဆွဲသည့်ရထားများကို မူလအတိုင်းဆက်လက်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ယနေ့မှစတင်၍ မြို့ပတ်ဘူတာစဉ်အားလုံးတွင် ရပ်တန့်ပေးမည့် အဲယားကွန်းအထူးရထားဝင်ရောက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✪ မြန်မာနိုင်ငံမှ

တီထွင်ပြုပြင်တပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ လောင်စာဆီကတော့ ၉၅ ဓာတ်ဆီကို 2D ဆီ ၁၅ ရာခိုင်နှုန်းရောပြီး အသုံးပြုကြောင်း၊ လောင်စာဆီသုံးလီတာကို အချိန် တစ်နာရီခွဲကျော်ခန့်စီးနိုင်ကြောင်း၊ စက်အလေးချိန် ၄၀/၃ G ရှိပြီး လူအလေးချိန်နှင့်ဆိုလျှင် အချိန်တစ်ရာကျော်ရှိကြောင်း၊ ပန်ကာကို ထင်းရှူးသားဖြင့် ပြုလုပ်ထားပြီး အရှည်လေးပေရှိ ဒလက်နှင့် တပ်ဆင်ထားကြောင်း၊ ယခု အမြင့်ပေ ၁၀၇၀ ပေမှ နှစ်နာရီကျော်ခန့် စီးနင်းသရုပ်ပြခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မီဒီယာသမားများ၏ မေးမြန်းမှုများကို ဖြေကြားရာတွင် မိမိသည် တောင်ကြီးတက္ကသိုလ်မှ ရုက္ခဗေဒဘွဲ့ရရှိခဲ့ပြီး တီထွင်သောလုပ်ငန်းများကို စိတ်ဝင်စားကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲပြီး လမ်းမှားရောက်နေကြသော လူငယ်များကို မိမိကဲ့သို့ စွန့်စားမှုလုပ်ငန်းများတွင် စိတ်ပါဝင်စားလာစေရန် စည်းရုံးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **မောင်မောင်(ကျောက်မဲ)**

❖ ကျောဖုံးမှ

အစိုးရသစ်လက်ထက်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ဖွံ့ဖြိုးတိုးတက်မှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ထိပ်သီးအစည်းအဝေးများနှင့် ဝန်ကြီးအဆင့်အစည်းအဝေးပွဲများတွင် တက်ရောက်လာသော အာဆီယံနိုင်ငံများမှ အထူးဧည့်သည်တော်များအား FRIENDLY MYANMAR အမည်ရှိ ဓာတ်ပုံစာအုပ်ကိုပေးအပ်နိုင်ရန် မေတ္တာဖြင့် ဆောင်ရွက်ပေးမည့် GRAFECITY INC အစီအစဉ်ဖြင့် ဂျပန်နိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ပုံနှိပ်စက်များဖြင့် ရိုက်နှိပ်မည်ဖြစ်သည်။

မေတ္တာလက်ဆောင်ပေးအပ်မည့် (FRIENDLY MYANMAR) ဓာတ်ပုံစာအုပ်တွင် အရည်အသွေးမြင့် အနုပညာမြောက်ဓာတ်ပုံများ ဖော်ပြနိုင်ရန်အတွက် ဂျပန်နိုင်ငံ GRAFECITY INC ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံမှ ဓာတ်ပုံပညာရှင် ဒါရိုက်တာ MR. PAUL BROMAN ခေါင်းဆောင်သော ဓာတ်ပုံပညာရှင်အဖွဲ့များသည် ဒီဇင်ဘာ ၇ ရက်မှစ၍ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ကျေးလက်သဘာဝအလှများကို လှည့်လည်ရိုက်ကူးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် နေပြည်တော်တွင် ပြည်သူများနှင့် အများဆုံးထိတွေ့မှုရှိသော နိုင်ငံတကာ ခေတ်မီအားကစားရုံများ၊ အပန်းဖြေနေရာများ၊ ရုံးအဆောက်အအုံများ၊ လူနေရပ်ကွက်ရှိ သစ်လွင်တောက်ပလျက်ရှိသော တိုက်တာများနှင့် လူမှုစီးပွားဘဝ အမျိုးသားရေးပုံရိပ်များကို ရိုက်ကူးမည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်မြို့ရှိ သမိုင်းဝင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်တစ်ဝိုက်တွင် ဝန်းရံနေသော မြို့ပြ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် မန္တလေး၊ ပုဂံ၊ ညောင်ဦးရှိ ရှေးမူမပျက် ယနေ့တိုင်ရှိနေသည့် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ် အနုပညာမြောက် စေတီပုထိုးတော်များကိုလည်း သွားရောက်ရိုက်ကူးသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-စောသိန်းဝင်း**

ကရင်နှစ်သစ်ကူးပွဲတော် မြန်အောင်၌ ကျင်းပ

မြန်အောင် ဇန်နဝါရီ ၁

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသွေးမြောင်ကျေးရွာတွင် ဒီဇင်ဘာ ၃၁ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်ကို မြန်အောင်မြို့နယ်မှ ကရင်တိုင်းရင်းသားများသည် နှစ်သစ်ကူးပွဲတော်ကျင်းပရာ မီးသွေးမြောင်ရွာသို့ လာရောက်ပြီး နှစ်သစ်ကူးပွဲတော်ကို ကျင်းပခဲ့ကြသည်။ နှစ်သစ်ကူးပွဲတော်သို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလည်း လာရောက်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **နေဝင်းဇော်(မြန်အောင်)**

မဟာဗန္ဓုလတံတားတွင် တစ်ရက်တည်း ယာဉ်တိုက်မှုနှစ်ကြိမ်ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁

ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်က ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းအတိုင်း ဒေါပုံဘက်မှ ရန်ကုန်မြို့တွင်းသို့ ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်လာသော ၄က/--- DAIHATSU အဖြူရောင်အုတ်၊ သဲ၊ ကျောက်တင်ယာဉ်သည် မဟာဗန္ဓုလတံတားအဆင်း အိုးရှင်းမှတ်တိုင်အနီး အရောက်တွင် ၎င်း၏ရှေ့မှမောင်းနှင်လျက်ရှိသော ယာဉ်တစ်စီးအား ရှောင်လိုက်စဉ် ယာဉ်မောင်းဒေါ်ခင်သန်းဦးမောင်းနှင်ပြီး လမ်း၏ ယာဘက်တွင် ရပ်တန့်ထားသော ပရိဘောက်ခဲရောင် အငှားယာဉ်အား တိုက်မိပြီးနောက် လမ်းဘေးပလက်ဖောင်းပေါ်ရှိ တယ်လီဖုန်းတိုင်နှင့် ကိုလှမင်းထွန်း၊ ကိုကျော်ကျော်နိုင်တို့အား ဆက်လက်တိုက်မိပြီး သစ်ပင်အား ဝင်ရောက်တိုက်မိကာ ရပ်တန့်သွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ပုဇွန်တောင်မြို့နယ်နေ ကိုလှမင်းထွန်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး သာကေတမြို့နယ်နေ ဒေါ်ခင်သန်းဦးတွင် ရင်ဘတ်အောင့်နာကျင်ဒဏ်ရာနှင့် ပုဇွန်တောင်မြို့နယ်နေ ကိုကျော်ကျော်နိုင်တွင် နဖူး၊ ဝဲနားထင်၊ ဝဲတံတောင်၊ ဝဲမေးရိုးတို့၌ နာကျင်စုတ်ပြဲဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါ ၄က/---အုတ်၊ သဲ၊ ကျောက် ယာဉ်ပေါ်ပါ အလုပ်သမားများဖြစ်ကြသည့် ကိုဖြိုးဝေ၊ ကိုမင်းမင်း၊ ကိုအောင်ဘိုသန့်တို့တွင် ပွန်းပဲ့နာကျင်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသမှုခံယူခဲ့ရကြောင်း သိရသည်။

အလားတူ အဆိုပါနေ့ ညနေ ၅ နာရီ ၄၅ မိနစ်က ဒေါပုံမြို့နယ် မဟာဗန္ဓုလတံတားပေါ်တွင် ဗိုလ်တထောင်မြို့နယ်ဘက်မှ ဒေါပုံမြို့နယ်ဘက်သို့ ယာဉ်မောင်း ဦးဌေးအောင် (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် ၅ခ/---(၂၁၀)ယာဉ်လိုင်းမှ ဟီးနိုးမှန်လုံခရီးသည်တင်ယာဉ်မှာ ဘရိတ်ပေါက်ပြီး ၎င်း၏ရှေ့မှ ယာဉ်မောင်းဦးထွန်းကြည် မောင်းနှင်သည့် BB/--- တိုရိုတာခဲရောင်အငှားယာဉ်၊ ယာဉ်မောင်း ဦးခင်မောင်တင့် မောင်းနှင်သည့် ၆က/--- တိုရိုတာဒိုင်နာ ကိုယ်ပိုင်ယာဉ်၊ ယာဉ်မောင်း ဦးအောင်ကျော်ညွန့်မောင်းနှင်သည့် 6F/--- တိုရိုတာဆပ်ဖ်ခဲရောင်ကိုယ်ပိုင်ယာဉ်နှင့် ယာဉ်မောင်းကိုသော်နိုင်မောင်းနှင်သည့် ၈က/--- တိုရိုတာအဖြူရောင်အငှားယာဉ်တို့အား ဆင့်ကဲဝင်တိုက်မိခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်ငါးစီးစလုံး ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

■ ကိုယ်ခန္ဓာမှ

မျှော်လင့်ရသည်။ တရုတ်သိပ္ပံပညာရှင်များနည်းတူ တူရကီနိုင်ငံမှ သိပ္ပံပညာရှင်များကလည်း ၂၀၁၃ ခုနှစ် အစောပိုင်းက မလူအိုရက်ဆင့် အရောင်အဝါထွက်စေနိုင်သော ယုန်သတ္တဝါများကို မွေးထုတ်ပေးနိုင်ခဲ့သည်။

အလားတူပင် အမေရိကန်ပြည်ထောင်စုရှိ အူဒူဘွန်သုတေသနဌာနမှ သိပ္ပံပညာရှင်များကလည်း မျိုးသုဉ်းမည့် ဘေးအန္တရာယ်ရှိ တောကြောင်သတ္တဝါများကို ပုံတူကိုယ်ပွားပြုလုပ်ကာ ယင်းသတ္တဝါများ၏ ကိုယ်ခန္ဓာမှ အရောင်ထွက်စေရန် ဖန်တီးမွေးမြူနိုင်ခဲ့ပြီဖြစ်သည်။

(သတင်းလုလင်)

၂၀၁၄ခုနှစ်၊ မတ်လ ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံပြိုင်ပွဲကြေညာချက်

၁။ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးအတွက် ရည်ရွယ်၍ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။

ကျင်းပမည့်နေ့ရက်	- ၂၀၁၄ခုနှစ်၊ မတ်လ ၂ ရက် (တောင်သူလယ်သမားနေ့)
ကျင်းပမည့်နေရာ	- စက်စက်ယိုအဆင့်မြင့် ဧက(၉၀၀)စံပြစိုက်ကွင်း နေပြည်တော်

၂။ သီးနှံအလိုက်ပြိုင်ပွဲဆုရရှိသူများကို

ပထမဆု	ကျပ် (၁)သိန်း
ဒုတိယဆု	ကျပ် (၇)သောင်း
တတိယဆု	ကျပ် (၃)သောင်း ချီးမြှင့်ပါမည်။

၃။ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်(၈)မြို့နယ်မှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

၄။ ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ်များသည် မိမိစိုက်ခင်းနှင့်အတူ မှတ်တမ်းဓာတ်ပုံ ကြိုတင်တင်ပြရမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြိုတင်ကွင်းဆင်းကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ပါသည်။

၅။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်လိုသည့် စိတ်ကြိုက်သီးနှံအမျိုးအစားနှင့် သီးနှံအရေအတွက်ကို မတ်လ ၁ ရက် နံနက် ၁၀ နာရီမတိုင်မီအရောက် စက်စက်ယိုအဆင့်မြင့်ဧက(၉၀၀) စံပြစိုက်ကွင်း၊ သစ်သီးဝလံပြခန်းသို့ ပေးပို့အပ်နှံရပါမည်။

၆။ သီးနှံအလိုက်ယှဉ်ပြိုင်ရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို အချိန်မီဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင် များက အကဲဖြတ်အမှတ်ပေးမည်ဖြစ်ပါသည်။

၇။ ပြိုင်ပွဲဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

(က) ဆက်သွယ်ရမည့်ဌာန	- စိုက်ပျိုးရေးဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(ခ) ဆက်သွယ်ရမည့်ဖုန်းနံပါတ်	- ၀၆၇-၄၁၀၀၀၇
(ဂ) ဆက်သွယ်ရမည့်ဖက်စ်အမှတ်	- ၀၆၇-၄၁၀၁၃၈



အထက(၂)လသာ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သမီးကျောင်းသူများအား ဂုဏ်ပြုပွဲ အခမ်းအနား ကို ၆-၁-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် မြည်းလာခန်းမ၌ ကျင်းပပြုလုပ်ပါမည်။ အစမ်းလေ့ကျင့်ပွဲကို ၃-၁-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ပြုလုပ်ပါမည်။

မှတ်ချက်။ ။ဆုပေးပွဲအခမ်းအနားသို့ကျောင်းဝတ်စုံပြည့်ဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်။

မိဘဆရာအသင်း၊ အထက(၂)လသာ

ကရင်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

အင်းစိန်မြို့နယ်

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သည့် ၂၇၅၃ ခုနှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီခန့်က အင်းစိန်မြို့နယ်ရှိ မဟာဆေးဝဂ်ဘာ၊ အာလိန်ငါးဆင့်ကျောင်းတိုက်နှင့် မြန်မာ့မီးရထားဘောလုံးကွင်းအတွင်း၌ အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကျင်းပသည်။ **(အပေါ်ပုံ)**

ယခုကျင်းပသည့်နှစ်သစ်ကူးပွဲတော်သည် တောင်ပေါ်မြေပြန့်ကရင်တစ်မျိုးသားလုံးနှင့်ဆိုင်သည့် ယဉ်ကျေးမှုပွဲတော်ဖြစ်ပြီး နှစ်သစ်ကူးပွဲတော်သည် စစ်မှန်သည့် ကရင်ရိုးရာယဉ်ကျေးမှုအသွင်လက္ခဏာနှင့်အညီ တိမ်မြုပ်နေသော ယဉ်ကျေးမှုအမွေအနှစ်များကို လက်လှမ်းမီရာ စုပေါင်းရှာဖွေဖော်ထုတ်ခြင်းဖြင့် စစ်မှန်သော အမျိုးသားယဉ်ကျေးမှုကို ရယူနိုင်ပြီး ဘိုးဘွားတို့ ထိန်းသိမ်းပေးခဲ့သည့် အမွေအနှစ်များကို ဥမကွဲသိုက်မပျက်စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆက်လက်ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီမှစတင်၍ ဇန်နဝါရီ ၂ ရက်အထိ သုံးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာယဉ်ကျေးမှုပြခန်းများ၊ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များနှင့် ကရင်ရိုးရာအကများ၊ တေးသီချင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီတွင် အလံတင်အခမ်းအနားကို ကျင်းပသည်။ ထိုသို့ ပြုလုပ်ရာတွင် ယခင်နှစ်များနှင့်မတူ ဖားစည်၊ ပဒိုးများကို စင်မြင့်ပေါ်၌ တီးမှုတ်၍ အလံတင်မည်ဖြစ်ပြီး ဟောပြောပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဒိုးယိမ်းပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ဇော်ကြီး(ပဏီတ)**

အလုံမြို့နယ်

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ အထက(၁) အလုံဘောလုံးကွင်း၌ကျင်းပရာ တိုင်းရင်းသားကရင်အမျိုးသားတစ်သောင်းကျော် တက်ရောက်ကြပြီး ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတော်တို့အား အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့် ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး သဘာပတိ ဦးစောမင်းလွိုက်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံများကို နော်ဂျဲဖော်ဆဲနှင့် တာဝန်ရှိသူများက မြန်မာဘာသာ၊ စကောဘာသာ၊ အရှေ့ပိုးဘာသာ၊ အနောက်ပိုးဘာသာတို့ဖြင့် ဟောပြောကြပြီး သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပကာ ကရင်ရိုးရာဒုံးယိမ်းအကများဖြင့် ဖျော်ဖြေကြသည်။

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး အခြေခံမူနှင့်ရည်ရွယ်ချက်မှာ ကရင်တိုင်းရင်းသားတစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးစုံ စည်းလုံးညီညွတ်ရေး၊ ကရင်ဘဝဓလေ့နှင့်ကိုက်ညီစစ်မှန်သည့် ကရင်ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ အနာဂတ်ကရင်မျိုးဆက်သစ်များ၊ ကရင်တိုင်းရင်းသားဘဝဓလေ့နှင့် ကိုက်ညီစစ်မှန်သည့် ကရင်ယဉ်ကျေးမှုကို မြတ်နိုးပြီးဖော်ထုတ်ထိန်းသိမ်းမြှင့်တင်လိုသော အသိစိတ်ဓာတ်များ ရှင်သန်လာစေရေးတို့ဖြစ်ကြောင်း သိရသည်။

အေးကို(သတင်းစဉ်)

မန္တလေး

၂၇၅၃ ခုနှစ်မြောက် ကရင်အမျိုးသားနှစ်သစ်မင်္ဂလာပွဲတော်ကို ဇန်နဝါရီ ၁ ရက်က မန္တလေးမြို့ သာသနာ ၂၅၀၀ ဗိမာန်တွင် ကျင်းပသည်။ **(အပေါ်ပုံ)** အလံတင် အခမ်းအနားအား နံနက် ၅ နာရီခွဲတွင် ကျင်းပပြီး နံနက် ၈ နာရီတွင် ကရင်အမျိုးသားသီချင်းကို တက်ရောက်လာသူများက သံပြိုင်သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။ အခမ်းအနားတွင် ဦးစောဇော်ဦးက ကရင်အမျိုးသားနှစ်သစ်မင်္ဂလာ အဖွင့်အမှာစကားကိုပြောကြားပြီး ဦးစောကျော်ကျော်နိုင်က ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေးဗဟိုကော်မတီမှ ပေးပို့သော နှစ်သစ်သဝဏ်လွှာကို ဖတ်ကြားသည်။

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကိုလည်း ကျင်းပပြီး ထူးချွန်သော သားငယ်သမီးငယ်များအား ဆုများအသီးသီးချီးမြှင့်သည်။ ကရင်လူမျိုးများသည် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများဖြင့် ရပ်တည်ခဲ့ကြသူများဖြစ်ကြသည်။ မိမိတို့အခြေချနေထိုင်ရာ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းပီသစွာ ကျင့်ကြံနေထိုင်တတ်ခြင်းသည် ကရင်တို့၏ မွန်မြတ်သော မွေးရာပါဗီဇကြောင့် ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားသုံးပါး ထွန်းကားရေးအတွက် ကရင်လူမျိုးတို့၏ ပေးဆပ်မှုသမိုင်းမှာ ခိုင်မာမြင့်မြတ်လှပါသည်ဟု သဝဏ်လွှာတွင်ပါရှိသည်။ **(၀၀၂)**

တောင်ငူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကရင်နှစ်သစ်ကူးပွဲတော်ကို ကရင်ရိုးရာတံခွန်တိုင်ထောင်ခြင်းနှင့် ကရင်အမျိုးသားအလံတင်အခမ်းအနားကို ဇန်နဝါရီ ၁ ရက်က တောင်ငူမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းဘောလုံးကွင်းအတွင်း၌ ကျင်းပရာပွဲတော်ကျင်းပရေးကော်မတီဝင်များနှင့် တောင်ငူမြို့အနီးပတ်ဝန်းကျင်ရှိ ကရင်မျိုးနွယ်စုဝင် ၄၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကရင်ရိုးရာ တံခွန်တိုင်ကြီးကို နံနက် ၆ နာရီတွင် စုပေါင်းညီညာစွာ မထောင်ခဲ့ပြီး ဆက်လက်၍ အလံတင်အခမ်းအနားကိုကျင်းပရာ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစောထိုလိုဦးဆောင်၍ ကရင်အမျိုးသား လေးဦးက အလံတော်ကို ကွင်းအတွင်းသို့ သယ်ဆောင်လာပြီး နံနက် ၆ နာရီခွဲတွင် တိုင်ထိပ်သို့ လွှင့်တင်ခဲ့ရာ တက်ရောက်လာသူများက အလေးပြုဦးညွှတ်ခဲ့ပြီး အလံတော်သီချင်းကို ညီညာစွာရွတ်ဆိုခဲ့ကြသည်။

ထို့နောက် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်အနေဖြင့် ကရင်စာပေဟောပြောပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ ကရင်ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲများကို ကျင်းပပေးခဲ့ကြောင်း သိရသည်။ ထို့အတူ ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီတွင် ကရင်နှစ်သစ်ကူးမိတ်ဆုံစားပွဲကို အဆိုပါကွင်းအတွင်းရှိ မြက်ခင်းပြင်၌ ကျင်းပခဲ့ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် စစ်ဘက်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်စွာ(တောင်ငူ)



အကယ်ဒမီကြည်ကြည်ဌေးနှင့် တွဲဖက်ညီသော မာယာကြာခြည် မင်းသားမြင့်စိုးကျန်ရှိ

တစ်လောက ဆောင်းပါးရှင်တစ်ဦးက စွယ်စုံအနုပညာရှင် အကယ်ဒမီကြည်ကြည်ဌေးနှင့် တွဲဖက်မင်းသားများ ယခုအခါ ကွယ်လွန်သွားရှာကြပြီဟု ရေးသားဖော်ပြပါရှိခဲ့သည်။ သို့ဖြစ်၍ ယခုသက်ရှိထင်ရှားအသက် (၈၀) ကျော်ပြီဖြစ်သည့် ရုပ်ရှင်မင်းသားကြီး ဂီတစာဆိုသရုပ်ဆောင် ဒါရိုက်တာမြင့်စိုးက ကျွန်တော့်ကိုခေါ်ကာ အောက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့ပါသည်။ လွန်ခဲ့သော ၁၉၅၆ ခုနှစ်လောက်က ဒါရိုက်တာကျားဦးသိန်းမောင်၊ ဇာတ်ညွှန်း ဦးဉာဏတို့၏ အချစ်ဇာတ်ခုံရုပ်ရှင်ဇာတ်ကားကြီးတွင် မင်းသားမြင့်စိုးနှင့် မင်းသမီး မေရီမြင့် (ရှန်ဟဲမယ်)တို့ခေါင်းဆောင်တွဲဖက် ပါဝင်သရုပ်ဆောင်ခဲ့ရာ အထူးလူကြိုက်များခဲ့ကြသည်။ ထို့ကြောင့်ပင် ဒါရိုက်တာဦးဉာဏ ကိုယ်တိုင် ဇာတ်ညွှန်းရေးသားကာ မာယာကြာခြည်ဇာတ်ကားကို မင်းသားမြင့်စိုး၊ မင်းသမီး မေရီမြင့်တို့နှင့် ဆက်လက်ရိုက်ကူးခဲ့ပြန်သည်။ ထိုဇာတ်ကားတွင် မင်းသမီး မေရီမြင့်က ညို့မင်းသမီးပါပေ။ သို့သော် ယင်းဇာတ်ကားသုံးပုံတစ်ပုံခန့် ရိုက်ကူးပြီးစီးခဲ့ချိန်တွင် မင်းသမီး မေရီမြင့်မှာ ကွယ်လွန်ခဲ့၍ မေရီမြင့်နောက်တွင် မင်းသမီး ကြည်ကြည်ဌေးနှင့်အစားထိုးကာ ပြန်လည်ရိုက်ကူးခဲ့ရသည်။

သို့ရာတွင် ကြည်ကြည်ဌေးက အနုပညာရှင်အသွင်ဖြင့် ပါဝင်သရုပ်ဆောင်ခဲ့ရပြန်သည်။ မင်းသားမြင့်စိုးကို ကြည်ကြည်ဌေးက "ကိုယ့်ကိုချစ်ရဲ့လား"ဟု မေးမြန်းခန်းတွင် မင်းသားမြင့်စိုးက ဒါရိုက်တာဦးဉာဏသင်ပြထားသည့်အတိုင်း "ချစ်ပါတယ်"ဟု မပြောဘဲ "ချစ်တာမှ နှစ်ခါပြန်တောင်ချစ်ဆိုပြီး" ပြောလိုက်သဖြင့် သိပ်ကိုလိုက်ဖက်ညီသော စုံတွဲအဖြစ် လူတိုင်းချီးကျူးခဲ့ကြရသည်ဟူ၏။ သို့ဖြစ်၍ ဂီတစာဆိုနန်းတော်ရှေ့ ဆရာတင်၏သား မင်းသားကြီး ရွှေနန်းတင်ကပင် မြင့်စိုးနှင့် ကြည်ကြည်ဌေးတို့စုံတွဲမှာ သူမတူအောင်ပင် သရုပ်ဆောင်နိုင်ခဲ့သဖြင့် အလွန်ကြိုက်နှစ်သက်မိပါကြောင်း ဂုဏ်ပြုပြောကြားခဲ့သဖြင့် မာယာကြာခြည်ရုပ်ရှင်ဇာတ်ဝင်ခန်းပုံကို အထူးတင်ပြလိုက်ရပါသည်။ ထိုစဉ်က ကြည့်မြင်တိုင် ပန်းပင်ကြီးလမ်းတွင် နေထိုင်ခဲ့သော မင်းသမီး ကြည်ကြည်ဌေး၏ခင်ပွန်း ရဲဘော်(ဗိုလ်အောင်သိန်း)မှာ ချစ်ခန်းကြိုက်ခန်းများရိုက်ကူးခဲ့ရာတွင် လိုက်ပါကြည့်ရှုလေ့ရှိတတ်သဖြင့် လွတ်လပ်စွာ သရုပ်ဆောင်ရိုက်ကူးနိုင်ရန် ဒါရိုက်တာကြီး ဦးဉာဏက တက္ကသိုလ်ဝင်းဖေနှင့် အဖွဲ့အား ရဲဘော်(ဗိုလ်အောင်သိန်း)ကို တရုတ်တန်းခေါ်ထုတ်သွားပြီး ကျွေးမွေးခဲ့ရသည်ဟူ၏။ သို့သော် မင်းသားမြင့်စိုးကမူ ကျွန်တော့်ကို ရိုက်ချင်ရိုက်ပါစေ။ ချစ်ခန်းကြိုက်ခန်းဆို ပိုပြီးသဘာဝကျအောင် ရိုးသားစွာ သရုပ်ဆောင်မှာပဲဟူ၏။ ထိုမာယာကြာခြည် ရုပ်ရှင်ဇာတ်ကားမှာ ရွှေပွဲလာရုပ်ရှင်ချစ်သူများ နှုတ်ဖျားတွင် ရေပန်းစားခဲ့သော ဇာတ်ဝင်ခန်းမှ စကားရပ်မှာ "ပုတီးတစ်လုံး ချောက်ခနဲ . . . "စကားလုံးပင်ဟူ၏။

(အိုးဝေခင်မောင်ကွန့်)

သွား/ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် ဇန်နဝါရီ ၁

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုး၏ ကြီးကြပ်မှုဖြင့် ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာကိုကိုစိုး ဦးဆောင်သည့် ဆရာများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၊ အလုပ်သင်ဆရာဝန်များက နယ်လှည့် ဆေးကုသယာဉ်ဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာသို့ သွားရောက်၍ အခြေခံပညာမူလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးဟောပြောခဲ့ပြီး သွားနှင့်ခံတွင်း ဝေဒနာရှင် ၆၅ ဦးအား ပဏာမ သွားနှင့်ခံတွင်း စောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ထားဝယ်တင်ပို့မည့် ဆင်တံဆိပ်ဘိလပ်မြေအိတ်များအား Mobile Team အဖွဲ့စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ဝါးတန်းဆိပ်ကမ်းတွင် ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်-ထားဝယ် ပြေးဆွဲနေသော mv.533 သင်္ဘောပေါ်တွင် ဆူးလေအမှတ်(၄) ဆိပ်ကမ်း နိုင်ငံတကာသွား m.v ယူနတီးသင်္ဘောပေါ်မှ ကဲ့ယူတင်ဆောင်လာသော ဆင်တံဆိပ်ဘိလပ်မြေအိတ် ၂၄၀၀၀ အား ဝါးတန်းဆိပ်ကမ်း နယ်မြေတာဝန်ကျ Mobile Team အဖွဲ့က စစ်ဆေးခဲ့ရာ ၎င်းဘိလပ်မြေအိတ်များကို ရွှေမဲကုမ္ပဏီမှ တာဝန်ယူပို့ဆောင်မည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်မြင့်အေး(ပြန်/ဆက်)

ရန်ကုန်မြို့သည် နေ့စဉ် မော်တော်ယာဉ်များဖြင့် သွားလာမှုများသော မြို့တစ်မြို့ဖြစ်ပါသည်။ ယခုအခါ ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး သက်ဆိုင်ရာအဖွဲ့များက ယာဉ်ကြောပိတ်ဆို့မှုနည်းပါးစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သော အနေးယာဉ်များသည် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား မလိုက်နာသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက အနော်ရထာလမ်းနှင့် ဆူးလေလမ်း မီးပွိုင့်တွင် (မီးစိမ်း)စောင့်ဆိုင်းနေသော အနေးယာဉ်ဆိုက်ကားအား တွေ့မြင်ရစဉ်။

သက်ခိုင်(IPRD)








စက်ချုပ်သင်တန်းအတွက် သင်တန်းသူများခေါ်ယူခြင်း

သင်တန်းသူဦးရေ - အသက်(၁၈)နှစ်ပြည့်ပြီး (မ) ၅၀ဦး
သင်တန်းချိန် - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ (အစိုးရရုံးပိတ်ရက်မှအပ)
သင်တန်းကာလ - (၄၅)ရက်
သင်တန်းကြေး - ကျပ် ၁၀၀၀၀ိ/-

သင်တန်းအား အခြေခံမှစ၍ စနစ်တကျ စာတွေ့၊ လက်တွေ့သင်ကြားပေးမည့်အပြင် အထည်ချုပ်စက်ရုံတွင် လက်တွေ့ချုပ်လုပ်ခွင့်ရရှိမည်ဖြစ်ပါသည်။ သင်တန်းပြီးပါက အထည်ချုပ်စက်ရုံတွင် အလုပ်ရရှိရေးကိုပါ ကူညီဆောင်ရွက်ပေးသွားပါမည်။

လျှောက်ထားလိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်အတူ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

MICC အထည်ချုပ်/ယခင်အထည်ချုပ်စက်ရုံအမှတ်(၁၇)၊ အမှတ်(၂၅/၃၀)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၉၆၉၀၀၀၁၊ ၀၁-၉၆၉၀၀၀၂

စက်ချုပ်(မော်တာ) ကျွမ်းကျင်သူ မ(၃၀၀)ဦးအလိုရှိသည်။

မှတ်ချက်။ ။ အဆောင်စီစဉ်ပေးမည်။

မြန်မာမသန်စွမ်း(လုံ့တံပစ်)အားကစားသမားများလေ့ကျင့်၊ ရွှေမျှော်မှန်း

နေပြည်တော် ဇန်နဝါရီ ၁

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရန်ရက်နီးကပ်လာပါ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၁)၌ မြန်မာမသန်စွမ်း(လုံ့တံပစ်) အားကစားသမားများသည် စွမ်းဆောင်ရည်မြင့်မားစေရေးနှင့် ရွှေတံဆိပ်ရရှိရေး စိတ်ဓာတ်ခိုင်မာစွာ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

မြန်မာမသန်စွမ်း (လုံ့တံပစ်) အားကစားအဖွဲ့ကို မြန်မာမသန်စွမ်းပြေးခုန်ပစ် အားကစားအဖွဲ့မှ နည်းပြဆရာမ ဒေါ်အေးအေးမူက တာဝန်ယူလေ့ကျင့်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်အားကစားအဖွဲ့မှ ကျား ၄၁ ဦး၊ မ ၁၇ ဦး စုစုပေါင်း ၅၈ ဦး ပါဝင်ယှဉ်ပြိုင်သော်လည်း ပြိုင်ပွဲပေါင်း ၁၂၀ ကျော်ရှိသည့်အတွက် သတ်မှတ်ထားသောဆေးအဆင့်အလိုက် ပွဲစဉ်များတွင်ရွှေတံဆိပ်ရယူနိုင်ရန် စိတ်ဓာတ်ခိုင်မာစွာထားရှိကာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း လုံ့တံပစ် နည်းပြဆရာမဒေါ်အေးအေးမူက ပြောကြားခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ
ကျော်သူရ(နေပြည်တော်)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ပျော်ရွှင်စရာနှစ်သစ်ကိုကြိုဆိုသောအားဖြင့် ဗန်ပါစီ၊ မာရေးနှင့် ဟေးတို့သတင်းစကားများအပြန်အလှန်ပေးပို့

မန်ယူအသင်းနှင့်နယ်သာလန်ကြယ်ပွင့် ရော်ဘင်ဗန်ပါစီ၊ ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးနှင့် ပရော်ဖက်ရှင်နယ်လက်ဝှေ့ကစားသမား ဒေးဗစ်ဟေးတို့သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်ဆီသို့ ကူးပြောင်းချိန်တွင် "ပျော်ရွှင်စရာနှစ်သစ်ပါ"ဟု ပြောကြားရန် လူမှုကွန်ရက်များမှတစ်ဆင့် မက်ဆေ့(သတင်းစကားများ) အပြန်အလှန် ပေးပို့ခဲ့ကြကြောင်းသိရသည်။

လက်ဝှေ့ကျော် ဒေးဗစ်ဟေးသည် ၎င်း၏ဘေးတွင် မိန်းမလှလေးဦးဝန်းရံကာ မှတ်တမ်းတင်ထားသည့် ဓာတ်ပုံတစ်ပုံကို နှစ်သစ်ကိုကြိုဆိုသည့်အထိမ်းအမှတ်ဖြင့် ဒူဘိုင်းမှတစ်ဆင့် ပေးပို့ခဲ့သည်။ ထို့အပြင် ဗြိတိန်နံပါတ်တစ်တင်းနစ်ကစားသမား အန်ဒီမာရေးကလည်း ဒိုဟာမှတစ်ဆင့် ပျော်ရွှင်စရာနှစ်သစ်မှာ လိုအင်ဆန္ဒများပြည့်ဝနိုင်ကြရေး မက်ဆေ့များပေးပို့ခဲ့သည်။

မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည်လည်း ၎င်း၏တွစ်တာ စာမျက်နှာမှတစ်ဆင့် ပျော်ရွှင်စရာကောင်းသော နှစ်သစ်ပါဟု ဆန္ဒပြုခဲ့သည်။ ထို့အပြင် ဖူလ်ဟမ်ကစားသမား ဘရိုင်ယန်ရစ်နှင့် အဲဗာတန်တိုက်စစ်မှူး ကိုနီတို့သည်လည်း ၂၀၁၄ ခုနှစ်အတွက် ၎င်းတို့၏ အကောင်းဆုံးဆန္ဒပြုမှုများ ပျော်ရွှင်စရာနှစ်သစ်တွင် မက်ဆေ့များ ပို့ခဲ့ကြသည်။

အန်ဒီမာရေးနှင့် ရာဖေးလ်နာဒယ် နိုင်ပွဲကိုယ်စီရရှိ

၂၀၁၄ ခုနှစ် အေတီပီရာသီ၏ အစဖြစ်သည့် ဒိုဟာ၌ ကာတာအိုပင်းတင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းပွဲစဉ်များကို ပထမအဆင့်အဖြစ် စတင်ယှဉ်ပြိုင်ကစားခဲ့ရာ ဗြိတိန်နံပါတ်တစ် အန်ဒီမာရေးနှင့် ကမ္ဘာ့နံပါတ်တစ် စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်တို့သည် ပြိုင်ဘက်အသီးသီးအား နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အန်ဒီမာရေးသည် ကာတာတင်းနစ်ကစားသမား ဇာယက်အား ၆-၀၊ ၆-၀ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်မှာမူ ချက်တင်းနစ်ကစားမား ရိုဆိုးလ်အား ၆-၂၊ ၇-၆(၉-၇) ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ငွေကြယ်

ဇက်ကိုထွက်ခွာမည်ဆိုသော ကောလာဟလများကို နည်းပြပယ်လီဂရီနီငြင်းဆို

ဒီဇင်ဘာလအတွင်းက ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့အသင်းအား အနိုင်ရရှိရေးအတွက် အနိုင်ဂိုးများသွင်းပေးခဲ့သော ဘော့စနီးယားကြယ်ပွင့် ဇက်ကိုသည် ယခုဇန်နဝါရီအပြောင်းအရွှေ့တွင် မန်စီးတီးအသင်းနှင့် လမ်းခွဲတော့မည်ဆိုသည့်သတင်းများ ထွက်ပေါ်ခဲ့သည်။ သို့ရာတွင် မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီကမူ ယင်းသတင်းများမှာ ကောလာဟလများသာဖြစ်ကြောင်း ပြောကြားခဲ့ပြီး တိုက်စစ်မှူးဇက်ကိုမှာ မန်စီးတီးအသင်းနှင့် လမ်းခွဲမည်မဟုတ်ကြောင်း ငြင်းဆိုသွားခဲ့သည်။

အာဆင်နယ်ကစားသမားအများစု ဒဏ်ရာပြဿနာများဖြင့်ရင်ဆိုင်နေရ

အာဆင်နယ်အသင်း၏ ကစားသမားအများစုမှာ လက်ရှိတွင် ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အသင်း၏အားထားရသော ကစားသမားများဖြစ်သည့် ဂီရောက်(ခြေချင်းဝတ်ဒဏ်ရာ)၊ ရမ်ဆေး(ပေါင်ခြံဒဏ်ရာ)၊ ကိုဇေးလ်(ပခုံးဒဏ်ရာ)၊ ကီရန်ဂစ်(ခြေသလုံးဒဏ်ရာ)၊ ဝဲလ်ကော့(ပခုံးဒဏ်ရာ)၊ ရိုဆစ်စကီး(ခြေသလုံးဒဏ်ရာ)နှင့် ဝီရှိုင်းယား(ခြေချင်းဝတ်ဒဏ်ရာ)တို့သည် ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေကြရသည်။

မန်ယူတောင်ပံကစားသမားဇာဟာအား အငှားဖြင့်ခေါ်ယူရန် ခရစ္စတယ်ပဲလေ့မျှော်လင့်

ပရီမီယာလိဂ်ကလပ် ခရစ္စတယ်ပဲလေ့အသင်းသည် မန်ယူအသင်းမှ တောင်ပံကစားသမားဇာဟာအား အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူရန် မျှော်လင့်လျက်ရှိကြောင်းသိရသည်။ ထို့အပြင် ခရစ္စတယ်ပဲလေ့အသင်းသည် စတုတ်စီးတီးနှင့် ဆောက်သမ်တန်တို့မှ ဂျေရိုမီနှင့် ပွန်ချီအွန်တို့ကိုလည်း ခေါ်ယူရန် အသင့်အနေအထားတွင် ရှိနေသည်ဟု ဆိုသည်။ ဘလက်ဘန်းရိုးဗားအသင်းမှ နောက်တန်းလူစကော့ဒန်းကိုလည်း ပေါင်လေးသန်းဖြင့် ခေါ်ယူရန်နှင့် ဝုလ်ဗ်ဂိုးသမား ဟန်နက်ဆေးကိုလည်း ခေါ်ယူရန်ပြင်ဆင်ထားကြောင်းသိရသည်။



မြောင်းမြမြို့ အမှတ်(၁)အထကမြတ်ဆရာပူဇော်ပွဲသို့ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသားဟောင်းများသို့ဖိတ်ကြားခြင်း

မြောင်းမြမြို့၊ အမှတ်(၁)အထကမြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် မြောင်းမြမြို့ အထက(၁)ကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်၍ ထိုကျောင်းကြီးတွင်လုပ်သက် (၁)နှစ်ပြည့် အမှုထမ်းခဲ့ကာ အသက်(၆၀)ပြည့်ပြီးသည့် ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့မည်ဖြစ်၍ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံအနှံ့အပြားသို့ရောက်ရှိနေသော ဆရာကြီး၊ ဆရာမကြီးများကြွရောက် အပူဇော်ခံရန် ရိုသေလေးစားစွာဖိတ် ကြားအပ်ပါသည်။ ရန်ကုန်မြို့ရောက် ဆရာကြီး၊ ဆရာမကြီးများသည် ၁၁-၁-၂၀၁၄ ရက် နံနက် ၆ နာရီအရောက် စုရပ်ဖြစ်သည့် GOLDEN STAR စားသောက်ဆိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့အကူတစ်ဦးနှင့်အတူ ကြွရောက်ပါရန် ကြိုတင်အသိပေးအပ်ပါသည်။

ထိုမြတ်ဆရာပူဇော်ပွဲသို့ မြောင်းမြမြို့၊ အမှတ်(၁)အထကကျောင်းသား၊ ကျောင်းသူဟောင်းအားလုံးမပျက်မကွက်တက်ရောက်၍ ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြပါရန်နှင့်ရန်ကုန်မှ မြောင်းမြသို့လိုက်ပါမည့် ကျောင်းသားဟောင်းများ GOLDEN STAR စားသောက်ဆိုင်ရှေ့စုရပ်သို့ ၁၁-၁-၂၀၁၄ ရက်၊ နံနက် ၆ နာရီ ကြိုတင်ရောက်ရှိကြပါရန်နှင့် ပူဇော်ကန်တော့ရန် အလှူငွေများကို အောက်ပါကျောင်းသားဟောင်း ကြီးများထံ ထည့်ဝင်လှူဒါန်းနိုင်ကြောင်းနှင့် ၅-၁-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ BOC ပိဋကတ်ဘုန်းကြီးကျောင်းတိုက်၌ ကျင်းပမည့် ညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

၁။ ဦးကြည်ထွန်း	(ရန်ကုန်)	ဖုန်း-၀၉-၅၁၆၃၇၉၃ (တာရာလင်းရေခဲမုန့်)
၂။ ဒုတိယဗိုလ်မှူးကြီးခင်သန်း(ငြိမ်း)		ဖုန်း-၀၉-၆၅၀၄၇၁၅
၃။ ဦးလှမြင့်(ဒဂုံ)	(ရန်ကုန်)	ဖုန်း-၀၉-၅၀၃၁၈၁၀၊ ၀၉-၅၀၃၁၈၂၀
၄။ ဒေါက်တာသန်းဦး	(မြောင်းမြ)	ဖုန်း-၀၉-၅၁၆၂၂၈၉(သင်ကြားဆေးရုံအုပ်ကြီး-ငြိမ်း-မကွေး)
၅။ ဦးသိန်းထွန်း	(မြောင်းမြ)	ဖုန်း-၀၉-၈၅၇၅၄၂၄
၆။ ဦးစန်းလွင်	(မြောင်းမြ)	ဖုန်း-၀၉-၈၅၇၅၆၇၄

ရွှေဆောင်ဘဏ်(မြောင်းမြ)ငွေစာရင်းအမှတ်-၀၂၀၀၈၀၂၀၀၀၀၀၆၉၂၁ သို့ အလှူငွေများ ပေးသွင်းနိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ
(ရန်ကုန်-မြောင်းမြ)

ဖိတ်ခေါ်သံ

❊ ခွဲရတာ အချိန်ကြာပြီမို့
တို့ဆရာ ဘယ်ပုံချင့်ကာကြည့်
မြင်ယောင်မိအတိတ်ဆီ . . . . .။
❊ စိတ်ရည်ကာ ပြန်လည်တွေးလေမှ
ငယ်ဘဝလေး . . . မပိတပီ
❊ မင်းနဲ့ငါပြန်ဆုံကြလေမှ
တို့ဆရာ ဂုဏ်သတင်းတွေကို
ထုံမွှမ်းကာ ဦးတင်ချမယ်
လွှမ်းသမျှ စာတွေစီ . . . . .။
❊ ဘယ်ဌာနီ ရေမြေခြားစေတော့
ဘယ်အလွှာ ဘယ်ဂုဏ်ထားလေခဲ့
ငယ်ဆရာ စုံလင်လှမ်းလာမယ်
ကျောင်းရိပ်မြေ ငယ်ကကျွမ်းဆီ
လွှမ်းရိပ်ဆင်ကဗျာတေးနဲ့
ကျေးမစေ . . . စာမပေးသော်မှ
ပြေးလာလှည့် မင်း . . . . .။

မောင်ဆွေနု
မြောင်းမြမြို့

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ အကူအညီဖြစ်သော JICA ODA LOAN ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါလမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန် ပြင်ပကုမ္ပဏီများအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

စဉ်	လမ်းအမည်	ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား
၁။	မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်း	ကွန်ကရစ်လမ်း
၂။	ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်း	ကတ္တရာလမ်း

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၁-၂၀၁၄ ရက်
၃။ တင်ဒါပုံစံ အရောင်းပိတ်မည့်ရက် - ၁၄-၁-၂၀၁၄ ရက်
၄။ ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက် - ၂၁-၁-၂၀၁၄ ရက်
၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၂၈-၁-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီ
၆။ တင်ဒါ ဖွင့်မည့်ရက် -၂၈- ၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီ
၇။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၇၅၇၈၊ ၄၀၇၆၀၃၊ ၄၀၇၅၈၃၊ ၄၀၇၃၈၀

အလုံမီးသတ်ရှေ့တွင် ယာဉ်တိုက်မှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်း အလုံမီးသတ်ရှေ့တွင် ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက တောင်မှမြောက်သို့ ယာဉ်မောင်း စုံစမ်းဆဲ ဟိုင်းလပ်(၁၀၇)ခရီးသည်တင်ယာဉ် ဏ/------သည် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မြောက်မှတောင်သို့ ယာဉ်မောင်း ဦးကျော်မြင့် လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်လာသော ၈ဇ/------- HIACE (Super Custom)ယာဉ်အား ဝင်ရောက်တိုက်မိရာ ၈ဇ/------ ယာဉ်မှာ ရှေ့လေကာမှန်ကြေသွားပြီး ကားရှေ့ပိုင်းပျက်စီးသွားကြောင်းနှင့် ဏ/------ယာဉ်ပေါ်ပါခရီးသည် တစ်ဦးနှင့် စပယ်ယာတို့ဒဏ်ရာရရှိပြီး ၈ဇ/--------ယာဉ်ပေါ်ပါအမျိုးသမီးတစ်ဦး ခြေမကွဲဒဏ်ရာရရှိသဖြင့် တာဝန်သိ ပြည်သူများက ရန်ကုန်ဆေးရုံကြီးသို့လိုက်လံပို့ဆောင်ပြီး ယာဉ်တိုက်မှုနှင့် ပတ်သက်၍ အမှတ် (၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး အလုံမြို့နယ်မှ ပြစ်မှုပုဒ်မ ၃၃၇/၂၀၂ ဖြင့် အမှုဖွင့်အရေးယူထားပြီး ယာဉ်မောင်းအား အမြန်ဆုံးဖမ်းဆီး ရမိရေးအတွက် အလုံမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်ဝေမှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

တင်မောင်ဦး(အလုံ)

ကျောက်တင်ကားနှင့်ဆိုင်ကယ်တိုက်မိ၊ လူတစ်ဦးသေ

နတ်တလင်း ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံရွာ၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီခန့်က ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၁၃၄/၁)အနီး ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း နိုင်လင်း မောင်းနှင်လာသည့် ၉ခ/----- ဟီးနိုးအစိမ်းရောင်ယာဉ်သည် ကျောက် များ တင်ဆောင်မောင်းနှင်လာစဉ် ရန်ကုန်ဘက်မှ ပြည်ဘက်သို့ စောလင်းနောင် မောင်းနှင်လာပြီး ဦးစိုးလွင်၊ မောင်မောင်သက်တို့ လိုက်ပါစီးနင်းလာသည့် မော်တော်ဆိုင်ကယ် လော့ဂျာ(၁၁၀)အနက်ရောင်(နံပါတ်မပါ)က ၎င်းရှေ့မှမောင်း နှင်နေသည့် ကွန်တိန်နာယာဉ်အား ကျော်တက်စဉ် ရန်ကုန်-ပြည်လမ်း(၁၃၄/၁) မိုင်တိုင်အနီး ကျောက်တင်ယာဉ်အား ဝင်ရောက်တိုက်မိပြီးဆိုင်ကယ်မှာ ကား အောက်ရောက်ရှိ ကြိတ်မိသဖြင့် ဆိုင်ကယ်မောင်းသူ စောလင်းနောင်(၃၁) နှစ်မှာ သေဆုံးသွားပြီး နောက်မှလိုက်လာသူတို့မှာ ဒဏ်ရာများရရှိခဲ့ကြသည်။ အမှုအား နတ်တလင်းရဲစခန်းမှ ဒုရဲအုပ်ဇော်လင်းက အရေးယူဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

(တ၁)

ကမာရွတ်မြို့နယ်၌ ကိုရင်တစ်ပါး ရထားကြိတ်ခံရ

ရန်ကုန် ဇန်နဝါရီ ၁

ကမာရွတ်မြို့နယ်တွင် ကိုရင်လေးတစ်ပါး ရထားကြိတ်ခံရကြောင်းသိရသည်။

ဖြစ်စဉ်မှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၅ နာရီ ၁၅ မိနစ်တွင် ကမာရွတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ကမာရွတ်ဘူတာနှင့် ဟံသာဝတီဘူတာကြားတွင် ကိုရင်တစ်ပါး ရထားကြိတ်ခံရသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးကြရာ အဆိုပါကိုရင်လေးမှာ အသက် (၁၂) နှစ်ခန့်ရှိပြီး ဘွဲ့အမည်၊ ဘုန်းကြီးကျောင်း နေရပ်လိပ်စာတို့အား မေးမြန်း၍မရဘဲ ဦးခေါင်းနောက်စေ့ပေါက်ပြဲ၊ ဝဲနားနောက်ပေါက်ပြဲ၊ ယာလက်မောင်းရင်းမှပြတ်၊ ယာခြေခုံပေါက်ပြဲ၊ ယာခြေ ချောင်းများပြတ်နေသည့် ဒဏ်ရာများဖြင့် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနတွင် အတွင်းလူနာအဖြစ် ဆေးကုသလျက် ရှိကြောင်း သိရသည်။

ဖြစ်စဉ်အားသက်ဆိုင်ရာမှ စုံစမ်းရာ အဆိုပါ ကိုရင်လေးမှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၄ နာရီက ကမာရွတ်ဘူတာအလွန် ကမာရွတ် (၆) ရပ်ကွက် မိုင်တိုင်အမှတ် (၄/၅) နေရာ၌ ရထားသံလမ်းအား ဖြတ်ကူးစဉ် အင်းစိန်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ခရမ်း(၁) မြို့ပတ်ရထားဖြင့် တိုက်မိအကြိတ်ခံရခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ကိုရင်လေး၏ ဘွဲ့ အမည်၊ ကျောင်းနေရပ်လိပ်စာတို့အား သိရှိနိုင်ရေး စုံစမ်းလျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

မော်လူး၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မော်လူး ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင်သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးနှင့်အတူ ကွင်းဆက်တရားခံပါ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၁ နာရီက မုံရွာမူးယစ်တပ်ဖွဲ့စု (၈)မှ ဒုရဲအုပ်ကျော်စိုးနိုင်အဖွဲ့၊ ကသာခရိုင်မှ ဒုရဲအုပ်ဇော်ထွန်းအဖွဲ့၊ မော်လူးရဲစခန်းမှ ဒုရဲအုပ်မင်းသိန်းထွန်း၊ ဒုတပ်ကြပ်နိုင်ဝင်းစိန်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများဖြစ်သော မြမာလာရပ်ကွက် မော်လူးနေ ဦးသန်းမြင့်၊ ဦးဝင်းသိန်းတို့နှင့်အတူ မော်လူး မြမာလာရပ်ကွက်နေ အောင်ဇော်ဦး (ခ) မောင်ဇော်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အိပ်ခန်းအတွင်း တွေ့ရပြီး အိပ်ရာပေါ် ခေါင်းရင်းညာဘက်မှ စက္ကူဖြင့်ထုပ်ထားသည့် မူးယစ်ဆေးဝါးဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့်အလေးချိန် သုည ဒသမ ၀၁ ဂရမ်ခန့်ပါတစ်ထုပ်နှင့် အဖြူရောင်ဘိန်းဖြူမှုန့်များ ကပ်ညိနေသည့် ပလတ်စတစ်အိတ်ခွံလေးခုကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ထို့ပြင် မောင်ဇော်၏ပြောပြချက်အရ အဆိုပါမူးယစ်ဆေးဝါးကို ၎င်းကိုယ်တိုင်သုံးစွဲရန် ကျပ်တစ်သောင်းဖိုးခန့်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က မြမာလာရပ်ကွက်နေ ကျော့သင်းထံမှဝယ်ယူခဲ့ကြောင်းသိရသဖြင့် ၎င်းနေအိမ်အား ဆက်လက်ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း ကျော့သင်းအားတွေ့ရပြီး နေအိမ်အနောက်ဘက် လေးပေခန့်အကွာ ပျဉ်ပုံအောက်တွင် ဝှက်ထားသည့် ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့်အလေးချိန် ၁၀ ဂရမ်ခန့်ပါ တစ်ဘူး၊ Train Pelm စာတန်းပါ စိမ်းပြာနုရောင် စွပ်ကျယ်တစ်ထည် ကာလတန်ဖိုး ကျပ်ဆယ်သိန်းခန့် တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို တွေ့ရှိ သိမ်းဆည်းခဲ့သည်။

အဆိုပါ အမှုနှင့် ပတ်သက်၍ မော်လူးရဲစခန်းမှ အောင်ဇော်ဦး (ခ)မောင်ဇော်(၃၂)နှစ် (ကျပန်း)နှင့် ကျော့သင်း (၄၅)နှစ် မြမာလာရပ် မော်လူးနေသူတို့အား မူးယစ်ပုဒ်များဖြင့် အရေးယူထားကြောင်းသိရသည်။

(နီတိုး)

တက္ကစီ၊ ဆိုက်ကား၊ လိုက်ထရပ် ဗားကရာကမ်း လမ်းပေါ်၌တိုက်

ရန်ကုန် ဇန်နဝါရီ ၁

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းဘက်မှ ဗားကရာ လမ်းမအတိုင်း ယာဉ်မောင်း ဦးသန်းနိုင် မောင်းနှင်လာသည့် အငှားယာဉ် အေဒီဗင်သည် အိုးဘိုရပ်ကွက် ဗိုလ်သူရလမ်းဘက်သို့ ကွေ့ရန် ဗားကရာလမ်းမကြီးဖြတ်လမ်း(အထက(၁)ကျောင်းရှေ့)တွင်ရပ်၍ တစ်ဖက်ယာဉ်ကြောမှ ကားများအား စောင့်ဆိုင်းနေသည့် ဦးမြင့်သန်း၏ဆိုက်ကားအား ဝင်တိုက်မိခဲ့သဖြင့် ယာဉ်အား ညာဘက်သို့ကွေ့ယူ ရှောင်တိမ်းစဉ် ယာဉ်၏ရှေ့ဘယ်ဘက်ဘီးမှာ ပေါက်သွားပြီး ယာဉ်မောင်းဦးတင်မောင်လွင် မောင်းနှင်သည့် လိုက်ထရပ် ၆က/--- အား ထပ်မံဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုက်ကား၏ဘီးမှာ အမိုးပေါ်ထောင်တိမ်းမှောက်သွားခဲ့သော်လည်း ဆိုက်ကားနင်းသူမှာ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဗိုလ်ကြီးတင်အောင်မိုး(ငြိမ်း)-ချစ်မေမေ ဒေါ်ရီရီအေး (အထက-၂၊ မရမ်းကုန်း)တို့၏ ၂-၁-၂၀၁၄ ရက် နှစ်(၃၀) ပြည့် ပုလဲရတုမင်္ဂလာမှသည် ပတ္တမြားရတု၊ ရွှေရတု၊ စိန်ရတု မင်္ဂလာတိုင်အောင် သက်ရှည်ကျန်းမာ ပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို သား၊ သမီးများနှင့်အတူ အောင် မြင်စွာထမ်းဆောင်နိုင်သည့် သာယာချမ်းမြေ့ဖွယ် မိသားစုဘဝကို ဆက်လက်ကြိုးပမ်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ် ပါသည်။

သမီးကြီး -ခွာညို **B.E (Civil)**(ခေတ္တ-စင်ကာပူ)
သားလတ် -ကိုဇွန် **B.B.A, LCCI (Level I,II)**
သမီးငယ် -ရည်မွန် **B.E(I.T)**





ဟောင်သရောတံတားဖွင့်

ကော့ကရိတ် ဇန်နဝါရီ ၁

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့နယ်ခွဲ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်သည့် ၃၆ စင်းမြောက် ဟောင်သရောတံတားဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉နာရီတွင် အဆိုပါတံတား၏ မှခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း) ဦးဝင်းတင့်မှ အမှာစကားပြောကြားပြီး KPF-BGF အမှတ်(၁၀၂၃) နယ်ခြားစောင့်တပ် ကြီးကြပ်အုပ်ချုပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌကြီး အဖိုးစောဒေါဒေါက တံတားတည်ဆောက်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ဟောင်သရောတံတားအား ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောခင်မောင်မြင့်၊ KPF-BGF အမှတ်(၁၀၂၃) နယ်ခြားစောင့်တပ် ကြီးကြပ်အုပ်ချုပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌကြီး အဖိုးစောဒေါဒေါ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း) ဦးဝင်းတင့်၊ KNU ဗဟိုကော်မတီဝင် ပဒိုစောရွှေမောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းတံတား၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်မင်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

အဆိုပါ ဟောင်သရောတံတားသည် ၂၀၀၉ ခုနှစ် စက်တင်ဘာလမှ စတင်ဆောက်လုပ်ကာ အရှည်ပေ ၇၈၀၊ တံတားခံနိုင်ဝန်အား (ကုန်+ယာဉ်) ၂၁ တန်ဖြစ်သည်။ တံတားတည်ဆောက်ပေးခြင်းဖြင့် ကျိုက်ဒုံ-ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ-ကော့ကရိတ်သို့ ကုန်ပစ္စည်းများ၊ ဒေသထွက်ပစ္စည်းများ တင်ပို့ရာတွင် လျင်မြန်လွယ်ကူကာ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **စိုးထက်အောင် (iprd)**

သုံးခွမြို့၌ ဆောင်းသီးထပ်ပဲတီစိမ်း အောင်မြင်ဖြစ်ထွန်း

သုံးခွ ဇန်နဝါရီ ၁

ပဲတီစိမ်းကို အဓိကထားစိုက်ပျိုးသော မြို့တစ်မြို့ဖြစ်သည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့တွင် ၂၀၁၃-၂၀၁၄ခုနှစ် မိုးစပါးအပြီး ဆောင်းသီးထပ်အဖြစ် ပဲတီစိမ်း၊ ပဲလွန်း၊ မြေပဲ၊ နေကြာနှင့် ဟင်းသီးဟင်းရွက်တို့ကို ဒေသခံတောင်သူဦးကြီးတို့က အားကြိုးမာန်တက်စိတ်အားထက်သန်စွာဖြင့် စိုက်ပျိုးခဲ့ကြသောကြောင့် ယခုအခါ ပဲတီစိမ်းအပင်ငယ်များမှာ စိုက်ကွင်းအတွင်း ဝေဝေဆာဆာဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရသည်။

သုံးခွတစ်မြို့နယ်လုံးအနေဖြင့် ၂၀၁၃-၂၀၁၄ခုနှစ် ဆောင်းရာသီတွင် ပဲတီစိမ်း ဧက ၁၂၄၈၇၁၊ ပဲလွန်း ဧက ၃၇၀၊ မြေပဲ ၁၂၂ ဧက၊ နေကြာ ၁၀ ဧက၊ ဟင်းသီးဟင်းရွက် ၃၇၆ ဧကတို့ကို စိုက်ပျိုးခဲ့ကြရာ ဒီဇင်ဘာ ၁၅ ရက်က စိုက်ပျိုးပြီးစီးခဲ့ကြောင်းနှင့် မိုးစပါး ၁၄၉၀၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းသီးထပ်အပင် ဧက ၁၂၅၇၄၀ကို စိုက်ပျိုးခဲ့ပြီးဖြစ်၍ သုံးခွမြို့နယ်အနေဖြင့် သီးနှံစိုက်စွမ်းအားရာခိုင်နှုန်း ၁၈၄ ဒသမ ၃၅ရာခိုင်နှုန်းရှိကြောင်း သုံးခွမြို့နယ် မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဖေထံမှ သိရသည်။

ယခုအခါ သုံးခွမြို့နယ်တွင် ပဲတီစိမ်း(မျိုးပဲ)အမျိုးအစားအလိုက် တစ်တင်းလျှင် ကျပ် ၃၈၀၀၀မှ ၄၅၀၀၀အထိ ဈေးနှုန်းအမျိုးမျိုး ပြောင်းလဲရောင်းချလျက်ရှိနေကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်း

ကော့မှူး ဇန်နဝါရီ ၁

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအတွက် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ODA pilot project စတင်နိုင်ရေးအတွက် JICA ကျွမ်းကျင်ပညာရှင်အဖွဲ့နှင့်ပူးပေါင်း၍ ရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးသိန်းဇော်နှင့် အင်ဂျင်နီယာမှူးကြီး ဒေါ်လှလှသွယ်တို့မှ ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်းနှင့် မကျီးကန်-ငှက်အော်စမ်း၊ ကျိုက်ထော်လမ်း၊ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ရေးနှင့် ကတ္တရာအဆင့်မြှင့်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး JICA သဘာဝပတ်ဝန်းကျင်နှင့် ထိန်းသိမ်းရေးအင်ဂျင်နီယာ ဦးဘိုဘိုဟန်ကလည်း ထိုကိစ္စရပ်များနှင့်ပတ်သက်သည်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

သန်းခေါင်စာရင်း ကောက်ယူရေး ကျေးရွာအရောက် ကွင်းဆင်းရှင်းလင်း

တောင်တွင်းကြီး ဇန်နဝါရီ ၁ ။ ။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ၂၀၁၄ခုနှစ်တွင် ကောက်ယူမည့်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများအောင်မြင်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို မြို့ပေါ် ၁၀ ရပ်ကွက်၊ ကျေးရွာ ၂၇၅ ရွာတို့ကို အဖွဲ့များခွဲ၍ မြို့နယ်သန်းခေါင်စာရင်း ကော်မတီများက အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက တည်တော(၂)အုပ်စု ကွင်းဆင်းဟောပြောခဲ့ကြသည်။

ဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင် မြို့နယ်ပြန်/ဆက် ဦးစီးမှူးဒေါ်ခင်နှင်းဆီ၊ ဒုလဝကမှူး ဦးကျော်စိုးမိုးနှင့် ဒေါ်စန်းစန်းဝေတို့က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုပပျောက်ရေး၊ အမျိုးသမီးငယ်များ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ပြည်သူများအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေးတို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးကာ လက်ကမ်းစာစောင်များကို တက်ရောက်လာသော ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ပြည်သူများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့အထိ မိမိတို့သန်းခေါင်စာရင်းအဖွဲ့အနေဖြင့် ကျေးရွာအုပ်စုပေါင်း ၉ အုပ်စု၊ ကျေးရွာပေါင်း ၃၃ ရွာ၊ ကောက်ကွက်ပေါင်း ၃၄ ကွက် ကွပ်ကဲရေးရုံး(၁၂)ရုံး၌ ကွင်းဆင်းရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီးဖြစ်ကြောင်း ဒုတိယလဝကမှူး ဦးကျော်စိုးမိုးက ပြောကြားသည်။ **(၅၈၀)**

အစိုးရ/စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်မှ ၁၀ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရောင်းချပွဲတွင် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D (စီ၊ ဒီ)အဆင့်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D(စီ၊ ဒီ)အဆင့်များကို **၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်ထိ** စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ရောင်းချပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်မှ ၁၀ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် **မြန်မာနိုင်ငံသားများကို** သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၂။ **ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော မြန်မာနိုင်ငံသား ရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။**

၃။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်မှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်ထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာလုပ်ငန်းကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ကျောက်ပန်းတောင်း-ပွေးကျစ်လမ်း ကျောက်ကြမ်းစီမြေသားခင်းပြုပြင်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုလျင်မြန်လွယ်ကူစေရေး အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း၊ ဒေသထွက်သီးနှံနှင့် ထုတ်ကုန်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ၍ ကျောက်ပန်းတောင်း-ပွေးကျစ် ကျေးလက်ဖွံ့ဖြိုးရေးလမ်းကို လမ်းသားမြှင့်တင်ခြင်း၊ ကျောက်ကြမ်းစီမြေသားခင်း ပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးခဲ့ရာ ယခုအခါဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသထွက်သီးနှံများကို အချိန်နှင့်တစ်ပြေးညီ ဈေးကွက်သို့စောလျင်စွာ တင်ပို့ရောင်းချနိုင်ကြပြီဖြစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့အား ကျေးဇူးတင်လျက်ရှိနေကြကြောင်း သိရသည်။

အဆိုပါ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းမှာ အရှည် ၁၂ မိုင်ရှိပြီး ယခုအချိန်အထိ ပြုပြင်ပြီးစီးမှုလုပ်ငန်းကို လမ်းအရှည် ၈ မိုင်၊ လမ်းအကျယ်ပေ ၂၀၊ ပခုံးအမြင့် ၂ ပေ ပြုပြင်ထားရှိပြီး မြေနီကျောက်စရစ် အမာခံဂျင်းလမ်းအဖြစ် ဆောင်ရွက်ထားခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မေလ ၁၅ ရက်နေ့မှ စတင်ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ယခုအခါ လမ်းအရှည် ၈ မိုင်ပြုပြင်ထားပြီးဖြစ်၍ ပွေးကျစ်မြို့နယ်ခွဲရှိ ကျေးရွာပေါင်း ၂၀ ခန့်နှင့် နတ်မောက်မြို့နယ်ရှိ နယ်စပ်ကျေးရွာ ၅ ရွာ၊ စုစုပေါင်း ၂၅ ရွာမှ ဒေသထုတ်ကုန်ပစ္စည်းများ လျင်မြန်လွယ်ကူစွာ၊ စိတ်အေးချမ်းသာစွာဖြင့် သွားလာရောင်းဝယ်နိုင်ကြပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

သယ်ယူစရိတ်ကြောင့် ကွမ်းရွက်ဈေးမြင့်

တောင်ငူ ဇန်နဝါရီ ၁

ယခုကာလမှာပွင့်လင်းရာသီဖြစ်သည်နှင့်အညီ ဘုရားပွဲတော်များ နေရာဒေသ အနှံ့အပြားတွင် ကျင်းပလျက်ရှိပြီး ကွမ်းရောင်းသူများက ဝယ်လိုအားကောင်းခဲ့ပြီး သယ်ယူစရိတ်ကြောင့် ကွမ်းရွက်ဈေးမြင့်တက်နေကြောင်း ကွမ်းရောင်းသူတစ်ဦးက ပြောသည်။

"အရင်လက တစ်ပိဿာကို ကျပ် ၃၄၀၀ ပဲရှိတာ အခု ကျပ် ၆၅၀၀ ကနေ ၇၀၀၀ ကျပ်အထိ တက်သွားတယ်။ ဝယ်လိုအားကလည်းကောင်း၊ ကွမ်းဆိုင်တွေကလည်း များတယ်။ နောက် ပွဲလမ်းသဘင်တွေမှာ ရောင်းအား ကောင်းတာလည်းပါတယ်"ဟု အထက်ပါ ကွမ်းနှင့်ဆက်စပ်ပစ္စည်းများ ရောင်းချသူက ပြောသည်။ ကွမ်းစားခြင်းအားဖြင့် ခံတွင်းနှင့်ပတ်သက်သည့် ရောဂါများရရှိတတ်ကြောင်း ပညာပေးမှုများ ရှိလင့်ကစား ကျေးလက်ဒေသများနှင့် မြို့ပြအသီးသီးတွင် ကွမ်းစားသုံးမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလျက်ရှိသည်ကို တွေ့ရသည်။ များသောအားဖြင့် တစ်ပိုင်တစ်နိုင် ကွမ်းဆိုင်ဖွင့်သူများမှာ မိန်းကလေးအများစုဖြစ်ပြီး နေ့စဉ်ပုံမှန်ဝင်ငွေရရှိကာ အိုးမကွာ၊ အိမ်မကွာ လုပ်ငန်းဖြစ်၍ အဆင်ပြေကြသည်ဟုဆိုသည်။ "မိန်းကလေးဆိုတော့ အပြင်အလုပ်ထွက်လုပ်ဖို့ ကြတော့လည်း မိဘတွေက စိတ်မချဘူး၊ ဒါနဲ့ အိမ်ရှေ့မှာကွမ်းဆိုင်လေးဖွင့်ပြီးရောင်းတာ သုံးနှစ်လောက်ရှိပြီ။ တစ်နေ့ကို ကျပ် ၄၀၀၀၊ ၅၀၀၀လောက် ကျန်တယ်"ဟု ကိုယ်တိုင်ကွမ်းယာရောင်းနေသည့် အမျိုးသမီးလေး တစ်ဦးက ပြောသည်။

(၅၇၈)

စပါးပေါ်ချိန်ဖြစ်၍ စပါးပုတ်မှာသူများပြား

ရမည်းသင်း ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဉသျှစ်ကုန်းအုပ်စု အင်းခင်းကျေးရွာတွင် စပါးပေါ်ချိန်ဖြစ်သောကြောင့် စပါးထည့်ရန်အတွက် စပါးပုတ်ရက်သူများ အဆင်ပြေကြသည်ဟု သိရသည်။

ယင်းလုပ်ငန်းခွင်တွင် ပုတ်အရွယ်အစား အမျိုးအမျိုးကိုရက်လုပ်ပေးပြီး စပါးမျိုးထည့်ရန် ၁၀ တင်းဝင်၊ တင်း ၂၀ ဝင်၊ တင်း ၃၀ ဝင် ပုတ်များပြုလုပ်ပေးရသကဲ့သို့ ဝမ်းစာစပါးထည့်ရန် တင်း ၅၀ ဝင်အထက် ပုတ်များကိုလည်း ပြုလုပ်ပေးရသည်။ အများအားဖြင့် တင်း ၅၀ ဝင် ပုတ်များကို အများဆုံး ပြုလုပ်ပေးရသည်ဟု သိရသည်။ ပုတ်ရက်ခ ဈေးနှုန်းမှာ တင်း ၂၀ အောက်ဝင်ဆံ့သောပုတ်များကို တစ်တင်း ၂၀၀ ကျပ်နှုန်းလက်ခယူပြီး တင်း ၂၀ အထက်ဝင်ဆံ့သော ပုတ်များကို တစ်တင်းလျှင်လက်ခ ၁၅၀ ကျပ် သတ်မှတ်၍ ယူသည်ဟု သိရသည်။

ပုတ်ရက်ရန်အတွက် ကြသောင်းဝါးကိုအဓိကထားအသုံးပြုပြီး ဦးစွာဝါးကိုခွဲ၍ အမျက်များ၊ အဆစ်များကို ညီညာအောင် သပ်ရသည်။ ယင်းနောက် ပုတ်နှီးဖြာ(နှီးဆွဲ)ရသည်။ ဖြာပြီးသော ပုတ်နှီးများဖြင့် ဝင်ဆံ့နိုင်သော တင်းအရေအတွက်အပေါ် မူတည်၍ ပုံကြမ်းတည်ပြီး ရက်ရသည်ဟု သိရပြီး ပြုလုပ်မည့်ပုတ်အရွယ်အစားကြီးလျှင် တစ်နေ့တစ်လုံးသာ ပြီးစီးနိုင်သည်။

ယခုနှစ်တွင် စပါးထွက်နှုန်းသင့်၍ ယခင်နှစ်ကများထက်စပါးထည့်ရန်ပုတ်များ မှာယူသူ များကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

အစိုးရ/လူမှုရေးကြော်ငြာ

အမည်ပြောင်း

အလက(၈)၊ လှိုင်သာယာ၊ ထ/ ခွဲ၊ Grade 9 E တွင် ပညာသင်ကြားနေသော အဖ ဦးကျော်လင်း၏သမီး မဂျူးဂျူးမြတ်ခြယ်အား မဂျူးဂျူးစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung) USD နှင့် D.D.P(Paung Laung / Upper Keng Taung) Kyat ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	Tender No.	အရေအတွက်	ပစ္စည်းပေးပို့ရန်နေရာ
(က)	Generator Spare Parts	21	1 Lot	D.D.P (Phyu Site) USD
(ခ)	H-Beam	22	1 Lot	D.D.P (Paung Laung) USD
(ဂ)	Nikon Total Station	23	5 Nos	D.D.P (Paung Laung) Kyat
(ဃ)	Vale Port Current Meter VF 101	23	5 Nos	D.D.P (Paung Laung) Kyat
(င)	G-60 Derformed Bar (32 mm)	24	2000 Tons	D.D.P (Paung Laung) Kyat
(စ)	Concrete Pole (10m)	25	177 Nos	D.D.P(Upper Keng Tawng) Kyat
(ဆ)	Concrete Pole (9m)	25	90 Nos	D.D.P (Upper Keng Tawng) Kyat
(ဇ)	ACSR Conductor (70mm^2)	25	8655 kg	D.D.P (Upper Keng Tawng) Kyat
(ဈ)	400 V Distribution Line Material	26	5 Items	D.D.P (Paung Laung) Kyat
(ည)	11/0.4, 500 KVA Transformer	27	10 Nos	D.D.P (Paung Laung) Kyat
(ဋ)	Pozzolan Factory Spare Parts	28	1 Lot	D.D.P (Paung Laung) Kyat
(ဌ)	Laser Guidance System For Concreting Leveling Mounted for Dozer CAT D5N or Similar	29	2 Nos	D.D.P (Paung Laung) Kyat

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)အား ၉-၁-၂၀၁၄ ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော ကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)အား ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃:၀၀ နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

(၇)ကြိမ်မြောက်
ဗုဒ္ဓနည်းကျ တရားရှုမှတ်နည်းသင်တန်း

ဓမ္မအလင်းရောင် ဗုဒ္ဓသာသနာ့ရိပ်သာ (ဖားအောက်တောရရိပ်သာခွဲ၊ ပေါင်မြို့နယ်)၏ ပဓာန နာယကဆရာတော် "ဘဒ္ဒန္တဓမ္မပတိ"မှ ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြသည့် သမထ၊ ဝိပဿနာတရားတော်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာရှိသည့်အတိုင်း မဂ္ဂင်ရှစ်ပါး စုံညီစွာဖြင့် ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ လက်တွေ့သိမြင်နိုင်စေရန် ဟောကြားဆုံးမ တရားနည်းလမ်းပြသပေးမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ တရားတော်ကို လာရောက်နာကြားကျင့်ကြံအားထုတ်နိုင်ရန် ရည်မှန်း၍ ရိုးသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၈-၁-၂၀၁၄ ရက်မှ ၂၁-၁-၂၀၁၄ ရက်အထိ
အချိန် - နံနက် ၇:၃၀ နာရီမှ ညနေ ၅ နာရီထိ
နေရာ - "မြို့တော်စည်ပင်ဓမ္မာရုံ"၊ ရွှေတိဂုံတောင်ဘက်မုခ်။

ကြိုတင်စာရင်းပေးသွင်းနိုင်ရန် ဖုန်း - ၀၉ ၅၁၁၉၅၉၈၊ ၀၉ ၅၀၅၇၃၁၂၊ ၀၉ ၄၅၀၉၉၀၁၆၇

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးမောင်မောင်လေး၏သားဖြစ်သူ မောင်ကျော်ကျော်စိုး (ခ) အပါးလေးသည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ကို ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်း သီးခံပါ။

ဦးမောင်မောင်လေး

လူနေအိမ်ဝင်းအကာအရံများ၌ စီးပွားရေးကြော်ငြာအများအပြား နေရာယူလာ

မိတ္ထီလာ ဇန်နဝါရီ ၁

မိတ္ထီလာတွင် လမ်းဘေးအကာအရံများနှင့် လူနေအိမ်ဝင်းအကာအရံများ၌ စီးပွားရေးကြော်ငြာများ အများအပြား နေရာယူလာကြောင်း သိရသည်။

စီးပွားရေးကြော်ငြာတွေနေရာယူလာတာ မိတ္ထီလာမြို့ပေါ်တင်မဟုတ်ဘူး။ ရပ်ကွက်တွေအတွင်းက လုံခြုံရေးမီးကင်းတဲတောင် မကျန်ဘူး စီးပွားရေးကြော်ငြာ ဗီနိုင်းစတွေ၊ ကတ်ထူစက္ကူတွေကို လိုက်ကပ်ထားတာဗျ၊ ပြည်သာယာတောင်ပိုင်းရပ်ကွက် က/ခ မီးကင်းတဲ တံခါးရွက်ကို လာကြည့်လိုက် ကြော်ငြာတွေအပြည့် လာကပ်ထားတယ်။ ဝန်ထမ်းအိမ်ရာတွေက လူနေအိမ်ခြံဝင်း အကာအရံတွေမှာလည်း ကြော်ငြာတွင် လာကပ်ထားတာပဲ။ ဘယ်နေရာမှာပဲဖြစ်ဖြစ် စီးပွားရေးကြော်ငြာတွေကို ကပ်ထားတာတွေ့နေရတယ်ဟု ပြည်သာယာရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

စီးပွားရေးသမားတွေက မြို့ထဲလူစည်ကားရာ လမ်းဆုံနေရာတွေမှာ ကြော်ငြာဆိုင်းဘုတ်တွေ စိုက်ထူတယ်ဆိုရင် သက်ဆိုင်ရာကို အခွန်ဆောင်ရတယ်လေ။ အခုလိုနေရာလွတ်တွေကို ကြော်ငြာလိုက်ကပ်တော့ ကာယကံရှင် အိမ်ဝိုင်းပိုင်ရှင်တွေက ကြည်ဖြူလက်ခံတယ်ဆိုရင် အခွန်ဆောင်စရာ မလိုဘူး။ ဒါကြောင့် ဘယ်အရပ်ဒေသကို ခရီးသွားသွား သတိထားကြည့်ရင် ကားလမ်းမကြီးတွေအနီးမှာရှိတဲ့ ရွာခြံစည်းရိုး၊ လူနေအိမ်၊ ဈေးဆိုင်တွေမှာ စီးပွားရေးကြော်ငြာတွေ တဖြည်းဖြည်း နေရာယူလာတာတွေ့ရမယ်ဟု ၎င်းက သုံးသပ်ပြောကြားသည်။

မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းကန်လယ်တံတားအနောက်ထိပ်**(အပေါ်ပုံ)** ဝါးထရံအကာအရံများတွင် စီးပွားရေးကြော်ငြာများ ကပ်ထားပြီး မြို့ပေါ်တချို့နေရာများတွင်လည်း စီးပွားရေးကြောငြာများကပ်ထားသည်မှာ မြို့၏သဘာဝအတိုင်း သာယာလှမှုများအား ဖုံးကွယ်ထားရာရောက်သဖြင့် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ပါသည်။

ချမ်းသာ(မိတ္ထီလာ)

ဒဂုံမြောက်ပိုင်း၌ ထပ်ပိုးလွှာခင်း

ရန်ကုန် ဇန်နဝါရီ ၁

မြို့တော်ရန်ကုန်၌ ယခင်က ကားလမ်းများ နေရာအနှံ့ပေါက်ပြဲ ယိုယွင်းနေမှုများကြောင့် ခရီးသည်တင်ယာဉ်များကို စီးနင်းရာတွင် ဆန်ကောထဲမှ ဆီးဖြူသီးပမာလူးလှိမ့်နေပြီး အိမ်ပြန်ရောက်ပါက တစ်ကိုယ်လုံးကိုင်ရိုက်ထားသကဲ့သို့ နာကျင်နေကြောင်း ခရီးသည်များ၏ ညည်းညူပြောဆိုသံကို ကြားသိရသည်။

"အရင်တုန်းက လမ်းပေါက်တွေများလွန်းတော့ ကားမောင်းရတာ အဆင်မပြေဘူး။ မကြာခဏ ကားလေးတွေ ကျိုးကုန်တယ်။ ပြီးတော့ လမ်းပေါက်တွေကို ကွေ့မောင်းရတယ်။ ကျော်ခွမောင်းရတယ်။ တစ်ခါတစ်ခါချိုင့်ခွက်က အရမ်းကြီးနေရင် အရှိန်ထိန်းပြီး ဖြည်းဖြည်းမောင်းရတာဆိုတော့ ခရီးမတွင်ကျယ်ဘူး။ အခုတော့ အဆင်ပြေသွားပါပြီ။ လမ်းပေါက်တွေ မရှိသလောက်ဘဲ"ဟု ယာဉ်မောင်းတစ်ဦးက ပြောဆိုသည်။

ယခုအခါ မြို့တော်ရန်ကုန်တွင် လေးလမ်းသွား လမ်းမကြီးများကို ခြောက်လမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့ခြင်း၊ ယခင်ကတ္တရာလမ်းများကို အဆင့်မြှင့်တင်၍ ကွန်ကရစ်လမ်းများခင်းခြင်း၊ လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ထားဝယ်ချောင်အနီး ရာဇသင်္ကြန်လမ်း တစ်လျှောက် ပေါက်ပြဲယိုယွင်းနေမှုကို အင်ဂျင်နီယာဌာန(လမ်းတံတား)မှ ကတ္တရာထပ်ပိုးလွှာများ ခင်းကျင်းဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

(မောင်သုည)

စည်းကမ်းဆိုရာတွင် လွတ်လပ်မှုနှင့် မျှတမှုတို့ ပေါင်းစပ်ထားခြင်းဖြစ်သည်။ "စည်း"ဆိုသည်မှာ နယ်နိမိတ်အပိုင်းအခြားဖြစ်ပြီး "ကမ်း"သည် ရေစီးရာမြစ်ချောင်း ပင်လယ်စသည်တို့၏ ကမ်းစပ် တစ်နည်းအားဖြင့်ဆိုသော် မြစ်ချောင်း၊ ပင်လယ်တို့၏နယ်နိမိတ်အပိုင်းအခြားပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် စည်းကမ်းသည်မျှတမှုရှိအောင်လုပ်ပေးခြင်းဖြစ်သလို လွတ်လပ်မှုကို ကာကွယ်ပေးနိုင်ခြင်းလည်းဖြစ်သည်။

စည်းကမ်းရှိတာ တန်ဖိုးပါ

စည်းကမ်းသည် ယဉ်ကျေးမှု၏မဏ္ဍိုင်တစ်ခုလည်းဖြစ်သည်။ ပရမ်းပတာ အောက်ခြေလွတ်နေခြင်းကို လွတ်လပ်မှုဟုထင်မှားနေသူများအဖို့သာ စည်းကမ်းရှိခြင်းကို မလွတ်လပ်ဟုထင်နေကြသော်လည်း စည်းကမ်းရှိပြီး အကျင့်ရနေသူတို့အဖို့ ငြိမ်းချမ်းသော လွတ်လပ်ရေးကို ရရှိပေသည်။

စည်းကမ်းသေဝပ်မှုသည် လူ့ပဋိသန္ဓေစိတ်ကပါလာသော အလုပ်မဟုတ်၊ နောက်မှလေ့ကျင့်ယူရသောအလုပ်သာဖြစ်သည်။ ငယ်စဉ်ကတည်းက စည်းကမ်းသေဝပ်မှုကို သင်ကြားလာခဲ့ရသူများအဖို့ စည်းကမ်းသေဝပ်ရမည်ကို ဝန်မလေးတော့သလို စည်းကမ်းသေဝပ်မှုကြောင့် စိတ်အနှောင့်အယှက်ကင်းခြင်း၊ မိမိ၏အခွင့်အရေးကို ရယူတတ်ခြင်းနှင့်အတူ သူတစ်ပါး၏အခွင့်အရေးကိုပါ လေးစားတတ်ခြင်းဟူသော အသိတရားတို့ကို လေးစားလိုက်နာကြသူများ ဖြစ်လာကြပေသည်။ စည်းကမ်းသေဝပ်မှုကို စတင်လေ့ကျင့်ခိုက်တွင် စည်းကမ်းမဲ့ အစွဲကလေးများ မပပျောက်သေးသမျှ ပင်ပန်းသလိုလို၊ အနှောင့်အယှက်ဖြစ်သလိုလိုရှိချေသော်လည်း ကျင့်သားရလာသည့်အခါတွင် အနှောင့်အယှက်ကင်း၍ ချမ်းသာမှုကို ရရှိခံစားရမည်မှာ မလွဲပေ။ စားသောက်မှု၊ သွားလာနေထိုင်မှုတို့တွင်လည်း စည်းကမ်း(သို့မဟုတ်)သတ်မှတ်ချက် နယ်နိမိတ်အပိုင်းအခြားရှိပေသည်။ စည်းမဲ့ကမ်းမဲ့သမားများအတွက် ရှေးလူကြီးများက "အစားမတော်လျှင် တစ်လုတ်၊ အသွားမတော်လျှင် တစ်လှမ်း"၊ "တန်ဆေးလွန်ဘေး"ဟူသောဆိုစကားများ သတိပေးထားခဲ့ကြခြင်း ဖြစ်ပေသည်။

စာသင်ကျောင်းများ၊ ရုံးဌာနများ၊ လမ်းများ၊ ဈေးများ၊ နေအိမ်များအလိုက် သူ့နေရာသူ့ပတ်ဝန်းကျင်နှင့် လိုက်ရောညီထွေစွာ စည်းကမ်းသတ်မှတ်ချက်များကို ပြဌာန်းထားကြသော်လည်း လိုက်နာသူများ အားနည်းမှု တွေ့မြင်နေကြရပေသည်။ သို့ပါ၍ "စည်းကမ်းသေဝပ်မှု"ကို ငယ်စဉ်ကတည်းကပင် သင်ကြားလေ့ကျင့်ပေးသင့်ပေသည်။ ဆင်းရဲသည် ချမ်းသာသည်ပမာနမဟုတ် စည်းကမ်းရှိလျှင် ဆင်းရဲလည်း သန့်သန့်ရှင်းရှင်းသေသေဝပ်ဝပ် ပြောင်ပြောင်ရောင်ရောင်ရှိပေသည်။ ချမ်းသာသော်လည်း စည်းမဲ့ကမ်းမဲ့နေထိုင်ပါမူ ရှုပ်ပွေပွေနှင့် ကျက်သရေကင်းမဲ့ပေမည်။ ယနေ့လူကြီးများက စည်းကမ်းသေဝပ်မှု၏အကျိုးကျေးဇူးကို လက်တွေ့သိရှိနားလည်ပြီး မိမိတို့၏နောက်လာနောင်သားတို့ကို အလျဉ်းသင့်သလို သင်ကြားပေးကြပါလျှင် "စည်းကမ်းရှိတာ တန်ဖိုးပါ"ဆိုတာကို သိရှိလာစေကြောင်း စေတနာကောင်းဖြင့် ရေးသားတိုက်တွန်းလိုက်ရပါတော့သည်။

(ဤဆောင်းပါးဖြင့် ဆရာကြီးတက်တိုးသို့ ဂါရဝပြုလျက်)

အေးသန်း(ကြေးမုံ)



IGCSE (Mathematics)
2015 ဖြေဆိုမည့်ကျောင်းသားများ ကျောင်းအပ်လက်ခံပြီ။
ဖုန်း-၀၉-၇၃၁၅၉၅၁၆၊ ၀၉-၇၃၁၀၉၅၇၀

မြေကွက်များဝယ်လိုသည်
ဒဂုံအရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း အိမ်အရောက်
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၂၅၄၁၁၇၅၈၂

ဒေသမျိုးသုံးနှစ်သရက်ပင်များ ဈေးကွက်ဝင်လာ

မကွေး ဇန်နဝါရီ ၁

အညာဒေသ မကွေးမြို့နယ်အတွင်း လွန်ခဲ့သော (၁၀)နှစ်၊ (၁၅)နှစ်က စိုက်ပျိုးထားသည့် ဒေသမျိုး(သုံးနှစ်သရက်ပင်)မှသီးသောသရက်သီးအနုများမှာ ဈေးကွက်ဝင်လာသောကြောင့် ကုန်သည်များက အလုအယက်ဝယ်ယူကြကာ ရန်ကုန်သို့တင်ပို့ကြကြောင်း သရက်ကုန်သည်တစ်ဦးထံမှ သိရသည်။

"အညာမှာတော့ သုံးနှစ်သရက်လို့ခေါ်ကြတယ်။ ဒေသမျိုးပေါ့၊ ရန်ကုန်ဈေးကွက်မှာတော့ ဆိုင်သီး လို့ခေါ်တယ်။ ရှေးလူကြီးများစိုက်ခဲ့ကြတာ သက်တမ်းကတော့ (၁၀)နှစ်၊ (၁၅)နှစ် ကျော်တွေပေါ့။ ပင်စည်လုံးပတ်က လူကြီးနှစ်ယောက်ဖက်စာလောက်ရှိတယ်။ အဲဒီသရက်က အမှည့်ဆိုရင်လူမကြိုက်ဘူး။ အမျှင်များတယ်။ အချိုပေါ့တယ်။ ဈေးကွက်မရှိဘူး။ သီးနုက ကလေးလက်သီးဆုပ်ခန့်ပေါ့။ ထမင်းစားတဲ့အခါ အတို့အမြှုပ်အဖြစ် လူကြိုက်များတယ်။ မချဉ်ဘူး။ မခါးဘူး။ သရက်ရာသီအစမှာ သရက်ကုန်သည်တွေက အဖူးထွက်စပေါ့။ အပင်လိုက်ပုတ်ပြတ်ဝယ်တယ်။ တစ်ပင်ကို ကျပ် ၁၅၀၀၀ လောက်ဈေးရှိတယ်။ ဝယ်ပြီးတာနဲ့ သရက်ပင်တွေကို ပိုးသတ်ဆေးဖျန်းပြီး ထိန်းသိမ်းစောင့်ရှောက်ကြတယ်။ သရက်ပင်မှာ ပိုးကျရင် အသီးထွက်နှုန်းကျတယ်။ သရက်ပင်တစ်အုပ်မှာ ၁၀ ပင်၊ ၁၅ ပင်ရှိတယ်။ အသီးသီးတဲ့အခါ သီးနုတွေကို ချိတ်နဲ့ဆွဲခြွေခူးရတယ်။ အသီးမနာအောင်၊ အလုံးလှအောင်ခူးရတယ်။ အသီးလေးတွေကို အစေးမရှိအောင် သေချာသုတ်ပြီး အနာအဆာပါတဲ့အသီးတွေကို ခွဲထုတ်၊ လက်ရွေးစင်အသီးတွေကို ဘဲဥထည့်တဲ့ထင်းရှူးသေတ္တာနဲ့ထုပ်ပိုး၊ နောက်ရန်ကုန်ဈေးကွက်သို့ပို့ကြတယ်။ ဈေးကတော့ ရန်ကုန်မှာ သရက်အဝင်နည်းတဲ့အခါ တစ်ပိဿာ ကျပ် ၅၀၀၀ မှ ၇၀၀၀အထိ ဈေးရတယ်။ ပစ္စည်းအဝင်များလာရင် ဈေးကျလာတယ်။ ခုချိန်က သရက်ရာသီစပြီး သီးကင်းတွေဝင်စပြုပြီ"ဟု ပြောသည်။

မကွေးမြို့တွင် ဒေသမျိုးသုံးနှစ်သရက်ပေါသောကျေးရွာများမှာ ကျစ်စုံပွေးဖိုးလေးလုံး၊ သံဖို၊ မင်းရွာ၊ ငွေးတောက်ခမ်းနှင့် ဘုရားပျိုကျေးရွာဖြစ်ပြီး သရက်ပေါ်ဦးစကာလများတွင် သရက်ကုန်သည်များသည် ကျေးလက်များအထိဆင်းကာ ဒေသမျိုးသုံးနှစ်သရက်ပင်များကို ပုတ်ပြတ်ဝယ်နေကြောင်း သိရသည်။

(မကွေးလှမြင့်)

ကလေးခရိုင်မီးသတ်ဦးစီးဌာန၌ သင့်လေးသင့်ရှိ/မရှိ စစ်ဆေး

ကလေး ဇန်နဝါရီ ၁

ယခုအခါ ပွင့်လင်းရာသီရောက်ရှိနေပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ကလေးခရိုင် မီးသတ်ဦးစီးဌာနသို့ သွားရောက်ပြီး ကောင်းလေးကောင်း၊ သင့်လေးသင့်၊ မြန်သုံးမြန်ရှိ/မရှိ စစ်ဆေးပြီးနောက် မီးသတ်ယာဉ်ငါးစီးဖြင့် မီးဘေးအန္တရာယ်သတိမူရေးကို မြို့တွင်း၌ လှည့်လည်ဆော်သြခြင်းများ ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ချင်းတွင်းသား(Iprd)

စာဖတ်ရှိန်တိုးတက်မြင့်မားရေး စာစီစာကုံးနှင့် ပုံပြောပြိုင်ပွဲကျင်းပ

ဘီးလင်း ဇန်နဝါရီ ၁

ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာ ကျေးလက်နေ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားလာရေးအတွက် ဘဝမျက်ရှုစာကြည့်တိုက်ကော်မတီမှ ကြီးမှူးကျင်းပသော စာစီစာကုံးနှင့် ပုံပြောပြိုင်ပွဲကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ စာစီစာကုံးပြိုင်ပွဲကို စာကြည့်တိုက်နှင့် ကျွန်တော်/ကျွန်မခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပုံပြောပြိုင်ပွဲကို အလွတ်တန်းဖြင့်လည်းကောင်း စာကြည့်တိုက်အသင်းဝင် ကျောင်းသားလူငယ် ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောသာဘွဲ့က အမှာစကားပြောကြားပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်က ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာစီစာကုံးနှင့် ပုံပြောပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မကွေးမြို့၌ အားကစားပြိုင်ပွဲကျင်းပမည်

မကွေး ဇန်နဝါရီ ၁

မကွေးမြို့တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် မှ ၄ ရက်အထိ မကွေးခရိုင် အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲတွင် အားကစားပြိုင်ပွဲများအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ (ကျား)၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ (ကျား/မ)၊ ဘော်လီဘောပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ကွင်းတွင်းပြေးခုန်ပစ်ပြိုင်ပွဲ မီတာ(၁၀၀)၊ မီတာ(၂၀၀)၊ သံလုံး၊ သံပြားပစ်ပြိုင်ပွဲ၊ အမြင့်ခုန်၊ ၄ ပေ ၉ လက်မအောက် မီတာ ၅၀၊ ၅ ပေအောက် ၇၅ မီတာပြိုင်ပွဲ၊ (မ) အာလူးကောက်ပြိုင်ပွဲ၊ (ကျား) ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ (ကျား) သုံးချောင်းထောက်ပြိုင်ပွဲနှင့် မင်းဘူး၊ မကွေးတာဝေး ပြိုင်ပွဲများကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်ယှဉ်ပြိုင်လိုသော အားကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်စာရင်းများကို တိုင်းဒေသကြီး အား/ကာရုံး၌ စတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပိုင်ဇေ(မကွေး)

ခရီးသွားလာမှုအန္တရာယ် ကင်းရှင်းပြီ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဗားဂရာလမ်းထိပ်နှင့် ကမ်းနားလမ်းပေါ်၌ စည်းမဲ့ကမ်းမဲ့ကားများကြောင့် မကြာခဏ ယာဉ်တိုက်မှုများဖြစ်နေခဲ့ရာ ယခုဆိုလျှင် သက်ဆိုင်ရာမှ မီးပွိုင့်တပ်ဆင်ပေးလိုက်ခြင်း၊ ယာဉ်ထိန်းရဲများ အချိန်ပြည့်စောင့်ကြပ်ကြည့်ရှုနေခြင်းကြောင့် ခရီးသွားများ အန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ကြပါကြောင်း၊ မော်တော်ယာဉ်များလည်းအဆမတန် စည်းကမ်းမဲ့မောင်းနှင်မှုမရှိတော့သဖြင့် လမ်းသွားလမ်းလာခရီးသည်များ ဘေးကင်းစွာ သွားလာနိုင်ကြပြီဖြစ်ပါကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။ မကြာမီကာလတွင် လူကူးမျဉ်းကြားများပါ သတ်မှတ်ပေးသွားမည်ဖြစ်သည်။ **(ရွှေတိုင်လွင်)**

လူမှုရေး/စီးပွားရေးကြော်ငြာ

ကိုးသွဲ့ရပိုင်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ

မော်လမြိုင်မြို့ ... အမှတ်(၆) အ.ထ.က ... အောင်မြင်သည့် ... အားချီးမြှင့်ပွဲနှင့် ... ဖိတ်ကြားလွှာ

Strand Hotel

E-mail address: (1) ...@gmail.com, (2) ...@gmail.com

၂၀၁၃ - ခုနှစ်
၂၀၁၄-ခုနှစ်
စံ-ကလိဒ်
၁၂-ရာသီဟောကိန်း

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
09 31589922
09 31268183

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ရွှေတောင် ဇန်နဝါရီ ၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး(အနောက်)ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံပြ ကျေးရွာအုပ်စု နတ်မှော်ကျေးရွာရှိ ဧရာဝတီဖောင်ဖွဲ့ရေးဒေသမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က နတ်မှော်ကျေးရွာ ဧရာဝတီဖောင်ဖွဲ့ရေးဒေသရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး (အနောက်) ဒုတိယ အထွေထွေမန်နေဂျာ ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီဖောင်ဖွဲ့ရေးမန်နေဂျာ ဦးသန်းမင်းဆွေ၊ ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးကျော်တို့က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရေး နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးကျော်နှင့် နတ်မှော်ကျေးရွာ ဧရာဝတီဖောင်ဖွဲ့ရေးဒေသမှ ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့်လည်းကောင်း၊ မီးသတ်စက်ယာဉ်များဖြင့်လည်းကောင်း မီးငြိမ်းသတ်မှုတို့ကို လက်တွေ့သရုပ်ပြသသည်။ (အပေါ်ပုံ) ဆက်လက်၍ ပုတ်တန်းကျေးရွာအတွင်းရှိ သစ်ဖောင်ဖွဲ့ရေး ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုတို့ ပြုလုပ်ခဲ့ကြောင်းသိရသည်။ **(၁၄၃)**

ဝိမုတ္တိသုခအတုလမာရ်အောင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ရှိ မဟာဒဂုံကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်သော ဝိမုတ္တိသုခအတုလမာရ်အောင်စေတီတော်မြတ်ကြီး၏ ပဥ္စမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၃ ရက်အထိ အဆိုပါကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ မဟာပဋ္ဌာန်းဒေသနာတော်မြတ်ရွတ်ပွားပူဇော်ပွဲဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်တွင် မရမ်းကုန်းမြို့နယ် ကန်ဦးဇေတဝန်စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနန္ဒသာမိဘိဝံသ၊ ဇန်နဝါရီ ၁၂ ရက်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ကထိက သာသနဓဇ ဓမ္မာစရိယ (B.A, M.A) အရှင်တိက္ခသာရနှင့် ဇန်နဝါရီ ၁၃ ရက်တွင် အင်းစိန်မြို့နယ် မဟာဒဂုံကျောင်းတိုက် ပဓာနနာယက သာသနာပြုဓမ္မကထိက အရှင်ဥတ္တရတို့က ညစဉ် ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်တို့ကို ဟောကြားတော်မူကြမည်ဖြစ်သည်။

(ဝင်းမြင့်-အင်းစိန်)

တောင်သူလယ်သမားများနှင့် အလုပ်ရှင်၊အလုပ်သမားများ၏ လိုအပ်ချက်များကို အပိုင်းလိုက် ချက်ချင်းဆောင်ရွက်

ချောင်းဦး ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူကိုယ်စားလှယ်များနှင့် မုံရွာစက်မှုဇုန်ရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ တောင်သူလယ်သမား၊ အလုပ်သမားတို့က မိမိတို့ဒေသ လိုအပ်ချက်များကို အသီးသီးတင်ပြကြရာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ချက်ချင်းဆောင်ရွက်ပေးရမည့်အပိုင်း၊ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရမည့်အပိုင်းနှင့်ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြပေးရမည့် အပိုင်းဟူ၍ ကဏ္ဍအလိုက် ချက်ချင်း ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။ ဒေသလိုအပ်ချက်များကို တင်ပြရာတွင် ခင်မွန်ကျေးရွာအုပ်စုရှိ တောင်သူကိုယ်စားလှယ်များက အောင်ဇေယျတံတားနှင့် ကုန်ထုတ်လမ်းကျေးရွာချင်းဆက်လမ်းအား ဆောင်ရွက်ပေးရေး၊ တောင်ပုံချောင်းမြစ်ရေ တင်စီမံကိန်း ဆောင်ရွက်ပေးနိုင်ရေး၊ လယ်ကြားမြောင်း တူးဖော်ပေးရေး၊ စိုက်စရိတ်ချေးငွေများ သက်တမ်းတိုးချေးပေးရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ ဓာတ်မြေဩဇာများ လုံလောက်စွာ ရောင်းချပေးရေးတို့ကို တင်ပြဆွေးနွေးကြသည်။ ထိုနည်းတူမုံရွာစက်မှုဇုန်အလုပ်ရှင်၊ အလုပ်သမားများက မုံရွာစက်မှုဇုန်လမ်းအဆင့်မြှင့်တင်ပေးရန်၊ ညောင်ကိုင်းအင်းအတွင်းသို့ ရေသွင်းရေလှောင်ပေးရန်၊ ကမ်းနီချောင်းအား တစ်ဖက်ပိတ်ဆည် ရေလှောင်တမံ ပြုလုပ်ပေးရန်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူဗဟိုပြု၍ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ပြီး လူထု၏ အဓိကလိုအပ်ချက်များကို ထိထိမိမိ လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ရေး အစိုးရအဖွဲ့ ဆပ်ကော်မတီများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ဆပ်ကော်မတီများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အလုပ်ရှင်၊ အလုပ်သမားများနှင့် တောင်သူများ အနေဖြင့် အခက်အခဲများ၊ အဆင်မပြေမှုများရှိပါက ပွင့်လင်းစွာ ဆွေးနွေးကြရန် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြောကြားခဲ့သည်။

အခမ်းအနားနှစ်ရပ်တွင် ခင်မွန်ကျေးရွာမှ တောင်သူကိုယ်စားလှယ် ၃၇၃ ဦးနှင့် မုံရွာစက်မှုဇုန်မှ အလုပ်ရှင်နှင့်အလုပ်သမားပေါင်း ၃၅၁ ဦးတက်ရောက်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အရာတော်နယ်မြေကိုယ့်အားကိုယ်ကိုး လျှပ်စစ်အောင်ပွဲကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၁

ပွင့်လင်းလာသော ဒီမိုကရေစီခေတ်ကြီးတွင် ကျေးလက်ပြည်သူများသည်လည်း ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးကို လုပ်ဆောင်လာကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် တန့်ကြည့်တောင်စွယ်တော်ရှင်ဒေသ ဆိက္ခဝအုပ်စု အရာတော်ကျေးရွာတွင် ဒီဇင်ဘာ ၂၈ ရက်က လျှပ်စစ်မီးအောင်ပွဲသဘင်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ 11 KV ဓာတ်အားလိုင်းကို မြို့စိုးကျေးရွာအုပ်စု တန့်ကြည့်ဒေသမှ (TAP out) ပြုလုပ်၍ ဓာတ်အားလိုင်း ပေ ၂၄၀၀၀ ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၂ ရက်ကစတင်အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။ ဆိက္ခဝအုပ်စုအတွင်းရှိ ဆိက္ခဝကျေးရွာ၊ အရာတော်ကျေးရွာ၊ ရွာယာကျေးရွာ၊ အုတ်ကျောင်းကျေးရွာ၊ ရေနံချပ်ကျေးရွာ၊ ရွာသစ်ကျေးရွာတို့မှ ပြည်သူများ အချိုးကျညီမျှစွာ ထည့်ဝင်ဆောင်ရွက်ခဲ့ကြသည်။ အရာတော်ကျေးရွာ 315 KVA ထရန်စဖော်မာနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၇၁၀၀ တည်ဆောက်ပြီး မီတာ ၂၂၅ လုံးတပ်ဆင်ကာ ကျပ်သိန်းပေါင်း ၁၁၃၂၆၅၄၀၀ ကုန်ကျခဲ့သည်။ မီးသုံးစွဲသူများက မီတာတစ်လုံးလျှင် ကျပ်လေးသိန်းခွဲထည့်ဝင်၍ လျှပ်စစ်မီးရယူခဲ့ကြောင်း သိရသည်။ လျှပ်စစ်အောင်ပွဲအခမ်းအနားကို ရေနံချပ်ကျေးရွာ၌ မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ အရာတော်ကျေးရွာ၌ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

စီးပွားရေးကြော်ငြာ

မီးသတိပြု

KMD Computer Centre
University of Greenwich (UK) ၏ Diploma သင်တန်း
တက္ကသိုလ်ဝင်တန်းဖြေဆို အောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။
Opening Date
10-1-2014 (Mon To Fri) 11:30 to 3:00
Opening Date
17-1-2014 (Mon To Fri) 7:00 to 11:30

"Happy New Year 2014"
ကာတီယာစိန်တိုက်
1ct အထက်မှ 10ct အထက်ထိ Certified Diamond စိန်ပွင့်များကို သက်သာသော နှုန်းထားဖြင့်ရောင်းချပေးပါသည်။
Customer များရဲ့စိန်ထည်များကို Order လက်ခံဆောင်ရွက်ပေးနေပါသည်။
"ကာတီယာစိန်တိုက်က စိန်အပွင့်ကြီးများကိုဝယ်ယူဝတ်ဆင်ခြင်းဖြင့်ဂုဏ်ယူကြပါစို့..."
Show Room(I) No.137
Tel : 246838, 384905, 241929
Show Room(II) No.52
Tel : 253308, 09 73249661

ဟျဉ်းမတွေ့ပွင့်ဖြိုး

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊
တောင်ပိုင်း၊
ဆိပ်ကမ်း၊
09-73005053
09-5122010

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀(က+ခ)၊ မြေကွက်အမှတ်-၉၃၆၊ မြေကွက်တည်နေရာအမှတ်-၇၃၊ မာလာမြိုင်(၆)လမ်း၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဦးကျော်သောင်းအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးကျော်သောင်းကွယ်လွန်သဖြင့် ဒေါ်လှကြည်[၁၂/လမန(နိုင်)၀၁၁၈၃၆]က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြာနီကန်ကျေးရွာ၌ နှစ်လက်မ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် အမှုဆောင်အရာရှိ ဦးအောင်ဖြိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြင့်နိုင်-ပြည်)

သထုံမြို့နယ် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုမှုပြိုင်

သထုံ ဇန်နဝါရီ ၁

ဗုဒ္ဓ၏ တရားဒေသနာတော်များ အစွန့်ရှည်တည်တံ့ရန်နှင့် သာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ သထုံမြို့နယ် သာသနာ့နုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော ပထမအကြိမ် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုမှုပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်ကြီး၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဓမ္မမေဒနီကျောင်း ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏောသူရိယထံမှ သီလခံယူဆောက်တည်သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပွဲကြီးနှင့် ပတ်သက်၍ ဆောင်ရွက်မှု၊ စီမံမှု၊ ပံ့ပိုးမှုများကို တင်ပြလျှောက်ထားပြီး ပြည်နယ်သာသနာ့နုဂ္ဂဟအသင်းကြီး၏ ဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းက ဗုဒ္ဓဒေသနာတော်ရွတ်ဆိုပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ တင်ပြလျှောက်ထားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြိုင်ပွဲတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာကိုယ်စားပြု ဝတ်အဖွဲ့ ၁၄ ဖွဲ့က ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ခုနစ်ရက်တိုင်တိုင် တစ်နေ့လျှင် နှစ်ဖွဲ့ဖြင့် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အပိုဆောင်းမေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း အသိပေးဆွေးနွေး

ညောင်ဦး ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတွင် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်ပပျောက်မှု အခြေအနေထိန်းသိမ်းရေးအတွက် အစုလိုက် အပိုဆောင်းမေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း၊ (၂၀၁၄)မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်ပပျောက်မှု အခြေအနေထိန်းသိမ်းရေးအတွက် အစုလိုက်အပိုဆောင်းမေးခိုင်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း သိကောင်းစရာများကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဌေးက အသက်(၁၅)နှစ်မှ (၄၅)နှစ်အရွယ်အတွင်း အမျိုးသမီးများအားလုံး အပိုဆောင်းမေးခိုင်ရောဂါကာကွယ်ဆေးကို သုံးကြိမ်အပြည့်မပျက်မကွက် ထိုးနှံသွားကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထိုသို့ အပိုဆောင်း မေးခိုင်ရောဂါကာကွယ်ဆေး သုံးကြိမ်ထိုးရမည့် သတ်မှတ်ရက်များမှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်၊ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်၊ ဩဂုတ် ၁၇ ရက်မှ ၃၀ ရက်တို့ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အဆင့်မြင့် အထက(၁)ကျောင်း၌ အမျိုးသမီးကင်းထောက်ကျောင်းသူလေးများ စခန်းချရွက်ဖျင်တဲထိုးနည်းသင်တန်း လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက တွေ့မြင်ရစဉ်။

ညီညီ(သမိုင်း)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ကရသူရိ ဇန်နဝါရီ ၁

ကရသူရိမြို့နယ်ခွဲ ကြပ်မီးကျေးရွာ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ခွဲ နယ်မြေရဲစခန်းမှူး ရဲအုပ်ခင်မောင်ဇော်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ လူကုန်ကူးမှုဖြစ်စဉ်များအား ဒေသပြည်သူများ ဗဟုသုတရစေရန်နှင့် ဝိုင်းဝန်းပူးပေါင်းတားဆီးဆောင်ရွက်ကြရေး အသိပညာပေးဟောပြောသည်။

အခမ်းအနားသို့ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများ၊ ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အစိုးရ/စီးပွားရေးကြော်ငြာ

ဈေးကွက်စီးပွားရေးတွင် အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးချုပ်၊ မော်တော်ယာဉ်ဌာနရှိ အသုံးပြုပြီး ပစ္စည်းအဟောင်းများဖြစ်သော တာယာအဟောင်းဆိုဒ်စုံ(၁၇၇၂)လုံးနှင့် ဘက်ထရီအဟောင်းဆိုဒ်စုံ(၄၄၈)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံများကို ကြော်ငြာပါသည့်ရက်မှစ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံပိတ်ရက်မှာ ၃၁-၁-၂၀၁၄ ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီ နောက်ဆုံးဖြစ်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးအမှတ်(၂၇)တွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များနှင့် လေလံပုံစံအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ်(၂၇)၊ ဖုန်း-၀၆၇-၄၁၀၃၇၅/၄၁၃၆၈၈ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း





အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမြဘူး(ငြိမ်း) လေ/၁၃၆၉
(စာရေးဆရာပြည်စိုး)
အသက်(၇၄)နှစ်

ဦးသန်းထိုက်(ဌာနမှူး၊ တိ/ကုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ ဖခင် ဗိုလ်မှူးမြဘူး(ငြိမ်း)သည် ၂၉-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လိုင်စင်စီများ၊ အသားထုတ်လုပ်ရုံခွဲ
(အမဲ၊ သိုး၊ ဆိတ်)လှိုင်သာယာ

ဝမ်းနည်းကြေကွဲခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)အနီးစခန်း၊ ထွန်းထွန်းမြိုင်ခြံနေ ရှေ့နေကြီး ဦးသိန်းထွန်းအောင်၏မိခင်ကြီး ဒေါ်လှမြင့် အသက်(၈၃)နှစ်သည် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)နံနက် ၈း၁၅နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

ဦးတင်ဝင်းမိသားစု၊ ရန်ကုန်
ဦးသန်းငွေအောင်မိသားစု၊ အနီးစခန်း
ဒေါ်ရီစန်းမိသားစု၊ အနီးစခန်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဗိသုကာ ဦးဝင်းထိန်
အသက်(၈၃)နှစ်

မြန်မာနိုင်ငံဗိသုကာအသင်း၏ ကန်တော့ခံသက်ကြီးဗိသုကာဆရာ ဦးဝင်းထိန်သည် ၂၆-၁၂-၂၀၁၃ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဗိသုကာအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးကျင်ထွေး (၉၄)နှစ်
(ညောင်တုန်း)

သူငယ်ချင်းကိုမောင်မောင်၏ ဖခင်ဦးကျင်ထွေး(ညောင်တုန်း)သည် ၂၉-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၇/၇၈ ရောဝတီတိုင်း
ပုသိမ်ဒေသကောလိပ်ကျောင်းသား/သူဟောင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လူငယ်အရာရှိ ဒေါ်ငြိမ်းငြိမ်းအိ (၃၄)နှစ်သည် ၂၈-၁၂-၂၀၁၃ (စနေနေ့) ည ၉း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးစိုင်းသီဟ(တေဇ-၂၇)
(ကြည်း/၃၂၉၃၈) အသက်(၃၇)နှစ်

ဒေါ်ဆွေဆွေလင်း၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးစိုင်းသီဟ အသက်(၃၇)နှစ်သည် ၂၇-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစောဘလူးမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဦးစိုးကြည်
အသက်(၄၈)နှစ်

ကျေးဇူးရှင်ခင်ပွန်း ဦးစိုးကြည်၏ နာရေးကိစ္စတွင် အဘက်ဘက်မှ မေတ္တာ၊ စေတနာ၊ သံယောဇဉ်များ အရင်းခံ၍ ဝိုင်းဝန်းကူညီပေးကြသည့်အပြင် တယ်လီဖုန်းဖြင့်လည်းကောင်း၊ အင်တာနက်အီးမေးလ်မှတစ်ဆင့်လည်းကောင်း အားပေးနှစ်သိမ့်ခဲ့ကြသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အထက်အရာရှိများ၊ လုပ်ငန်းမောင်နှမများ၊ မြန်မာ့အသံဝန်ထမ်းအိမ်ရာဝင်းအတွင်းမှ ဝန်ထမ်းမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ငယ်သူငယ်ချင်းများ၊ English Major မှသူငယ်ချင်းများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူဇနီး
ဒေါ်စုစုဆက်(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၊ သား-မင်းသုခ

အထူးဝမ်းနည်းကြေကွဲခြင်း

ကိုအောင်သန်းဦး (၃၅)နှစ်
လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)
အားကစားဝန်ကြီးဌာန

၂၇-၁၂-၂၀၁၃ ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းတစ်ယောက် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။

မန္တလေးစက်မှုတက္ကသိုလ်(7th Batch)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးနေဝင်း
အသက်(၅၉)နှစ်
B.Sc (Geology), D.A.G(Eng;Geology)
Chief of Department., JGS Co., Ltd.

သူငယ်ချင်း ဦးနေဝင်းသည် ၂၂-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၈ ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်
ဘူမိဗေဒကျောင်းသားဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာစိန်မြအေး၏ မိခင် ဒေါ်မြမြ(၈၇)နှစ်သည် ၂၄-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

11th B.D.S

ဝမ်းနည်းကြေကွဲခြင်း

ငွေစံပါယ်လှိုင်ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးငွေဝင်း(ခ)ဦးထွန်းအောင်၏ ဖခင် ဦးစံလှိုင် အသက်(၈၈)နှစ်သည် ၂၇-၁၂-၂၀၁၃ရက်က ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

NZB Co.,Ltd.
ငွေစံပါယ်လှိုင်ကုမ္ပဏီလီမိတက်၊
ဒါရိုက်တာများနှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ
ဗိုလ်မှူးမြဘူး(ငြိမ်း)(လေ/၁၃၆၉)
စာရေးဆရာပြည်စိုး အသက်(၇၄)နှစ်

သူငယ်ချင်းဗိုလ်မှူးသန်းထိုက်(ငြိမ်း)ဌာနမှူး၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ဌာန၊ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ချစ်လှစွာသော ဖခင် ဗိုလ်မှူးမြဘူး(ငြိမ်း)(လေ/၁၃၆၉)သည် ၂၉-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကိုနိုင်၊ ကျော်လေး၊ နေလင်း၊ အောင်ကို၊ သောင်းထွဋ်၊ ဗလကြီး၊ မိုးပြည်စိုး၊ ဝဏ္ဏ၊ ညွန့်လွင်၊ အေးကျော်၊ ကျော်ရှိန်ဝင်း၊ နိုင်ဝင်း၊ ပီးပို၊ အာလူး၊ ဝင်းခိုင်ဇော်၊ မြတ်ကျော်၊ နန္ဒာဝင်း၊ စန္ဒာသန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမြင့် (မန်နေဂျင်းဒါရိုက်တာ၊ DICE Co., Ltd.)၏မိခင်ကြီး ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန် အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

DICE Shirt Maker
ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမြင့် (မန်နေဂျင်းဒါရိုက်တာ၊ DICE Co., Ltd.)၏မိခင်ကြီး ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန် အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Bachelors လူငယ်များ
လမ်း(၅၀)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးမြင့်(ပဲခူး)
အသက်(၇၅)နှစ်

ဦးရည်မွန်(ဦးဆောင်ညွှန်ကြားရေးမှူး၊ စက္ကူ/အိမ်သုံး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ချယ်ရီတင်တို့၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီးဒေါ်အေးမြင့်(ပဲခူး)အသက်(၇၅)နှစ်သည် ၂၁-၁၂-၂၀၁၃ (စနေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တော်ဝင်မြင့်မိုရ်ကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ
ဒေါ်မေမေသန်း
အသက်(၇၈)နှစ်

ဒေါက်တာထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန)- ပါမောက္ခ ဒေါ်ရီရီသန်း(ဌာနမှူး ဝါဏိဇ္ဇဗေဒဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ Programme Director-Master of Banking & Finance)၏ မိခင် ဒေါ်မေမေသန်း အသက်(၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃(တနင်္လာနေ့)နံနက် ၇နာရီ တွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Master of Banking & Finance
ကျောင်းသား/ကျောင်းသူများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးစိုင်းသီဟ(တေဇ-၂၇)
(ကြည်း/၃၂၉၃၈) အသက်(၃၇)နှစ်

ဒေါ်ဆွေဆွေလင်း၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးစိုင်းသီဟ အသက်(၃၇)နှစ်သည် ၂၇-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

မော်လမြိုင်မှ ဦးနိုင်နိုင်၊ ဦးကိုကိုနိုင်၊ ဦးမိုးကျော်၊ ဦးအောင်ဝင်းနိုင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 24/HP GE/2013-2014

(က) Fire Fighting Vehicle (1600 Gallon) (၅)စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification) များ အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများအား ၂၀-၁-၂၀၁၄ရက် ၁၆း၀၀နာရီ အရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

ဝမ်းနည်းကြေကွဲခြင်း

တည်ဆောက်ရေး (၁)၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြတ်မျိုး၏ အဒေါ် ဒေါ်ခင်ကြွေ (ဆိပ်ကြီးခနောင်တို) အသက် (၈၄)နှစ်သည် ၂၈-၁၂-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် အထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်ဇော်
လက်ထောက်ညွှန်ကြားရေးမှူး၊ မြစ်သာစီမံကိန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမြဘူး(ငြိမ်း) လေ/၁၃၆၉
(စာရေးဆရာ ပြည်စိုး)
အသက်(၇၄)နှစ်

၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်(၇း၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်(လေ)
No.(22)OITC (June) 1962
သင်တန်းဆင်းသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

နော်ဝါးရှီးဝင်း
အသက်(၄၄)နှစ်

ဦးထွန်းထွန်း(မန်နေဂျင်း ဒါရိုက်တာ)Red Horse Dairy Industries Limited ၏ ချစ်လှစွာသောဇနီး နော်ဝါးရှီးဝင်းသည် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အောင်ကျွန်းသာ ကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးတင်မောင်ဦး အသက်(၄၃)နှစ်
ကြည်း-၂၇၅၁၈ (သူရဲကောင်းမှတ်တမ်းဝင်)

ဦးစံရွှေမောင် (မန်နေဂျာ-မြန်မာ့သစ်လုပ်ငန်း၊ငြိမ်း)၏ သား ဒုတိယဗိုလ်မှူးကြီးတင်မောင်ဦး အသက်(၄၃)နှစ်သည် ၂၄-၁၂-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ(၁) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၄ခုနှစ်၊ လက်ထောက်မန်နေဂျာ(ရောင်း/စက်)
မြန်မာ့သစ်လုပ်ငန်း၊သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ဋ္ဌေး အသက်(၆၃)နှစ် (Ruby Jewellery ဗိုလ်ချုပ်ဈေး)သည် ၂၉-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝေစိုး-ဒေါ်နန်းလိတ်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမြဘူး(တပ်မတော်-လေ/ငြိမ်း)
အသက်(၇၄)နှစ်

ဗိုလ်မှူး သန်းထိုက်(ငြိမ်း) ဌာနမှူး၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဖခင်ဖြစ်သူ ဗိုလ်မှူးမြဘူးသည် ၂၉-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ကုသ/ကာကွယ်ဌာနခွဲ
(အနောက်/တောင်/မြောက်)ပိုင်းခရိုင်၊ ရွှေပြည်သာ(အသားထုတ်ရုံခွဲ-ဝက်)

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
အာလ်ဟာဂျ်မော်လာနာအဒူရော်ရှိတ်(မဇ္ဇာဟေရီ-ဆာရာန်ဖူရ်)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ အမှတ်(၃၃)နေ မ. အ. ဖ ဌာနချုပ်ဂုဏ်ထူးဆောင်နာယက ဟာဂျီ ဦးအောင်နိုင် (ခ)အဒူလ်ဟာဖိစ် (Asia Winner Co.,Ltd)-ဟာဂျီမ ဒေါ်အုံမိုက်ဆလိမ်တို့၏ ဖခင်ဖြစ်သူ အာလ်ဟာဂျ်မော်လာနာအဒူရ်ရော်ရှိတ်(မဇ္ဇာဟေရီ-ဆာရာန်ဖူရ်)သည် ၂၇-၁၂-၂၀၁၃ရက်တွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ မ. အ. ဖဌာနချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန် အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၃)၊ နီလာလမ်း၊ မြန်မာ့ဂုဏ်ရောင် အိမ်ရာဝင်း၊ သံသုမာလမ်း၊ တာမွေမြို့နယ်နေ ဦးသိန်းလွင်-ဒေါ်ခင်စန်းမြင့်(စိန်မိသားစု)တို့၏ မိခင်ကြီး ဒေါ်ဂနေစ်မား(ခ) ဒေါ်ခင်စိန်သည် ၂၇-၁၂-၂၀၁၃ ရက် နံနက်တွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မာယက်အင်တာပရိုက်(စ်)မိသားစု
W-White Westing House
အမှတ်-၁၄၇၊ အနော်ရထာလမ်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန်

အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ ဦးသိန်းလွင်၊ ဦးလှအောင်၊ ဦးစိုးမြင့်၊ ဦးအေးကြူ(ခ)ဦးရာဂျူး၊ ဦးစိန်လွင်၊ ဦးဘိုကြီးတို့၏မိခင်ကြီး ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန်အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းကြိုင်နှင့်ညီအစ်ကိုမောင်နှမများ
စိန်ရတနာရောင်းဝယ်ရေး
ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်သံဃသမ္မုတိ ဘဒ္ဒန္တစန္ဒိမာ (ဆေးဘုန်းကြီး)

သိက္ခာတော်(၆၀)၊ သက်တော်(၈၀)

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်၊ တောင် ဆင်တဲတိုက် ပဓာနနာယက တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ(ဆေးဘုန်းကြီး)သည် (၁၃၇၅ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်) ၉-၁၂-၂၀၁၃(တနင်္လာနေ့) နံနက် ၉း၀၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်) ၃-၁-၂၀၁၄ ရက်တွင် နိဗ္ဗာန်စံကျောင်းမဏ္ဍပ်သို့ ပင့်ဆောင်၍ သာဓုကီဠနသဘင်နှင့် (၁၃၇၅ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်) ၅-၁-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် အမရပူရမြို့ တောင်သမန်အင်းစောင်း၌ အန္တိမအဂ္ဂိဈာပန ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်သံဃာနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းအားသိစေရန် ကြေညာအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ရဲမှူး ခင်ကြူ(ငြိမ်း)

စာရေးဆရာ မောင်ကြည်အောင်

အသက်(၆၃)နှစ်

ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ၃၆ ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ (၂၃၃)နေ ဒေါ်မိမိချို၏ ခင်ပွန်း ရဲမှူး ခင်ကြူ(ငြိမ်း)သည် ၂၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နယ်ဖြစ် ဒုရဲအုပ်လောင်းသင်တန်း(၉/၈၄)
မှ သင်တန်းဆင်းသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

တည်ဆောက်ရေး (၁)၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြတ်မျိုး၏ အဒေါ် ဒေါ်ခင်ကြွေ (ဆိပ်ကြီးခနောင်တို) အသက် (၈၄)နှစ်သည် ၂၈-၁၂-၂၀၁၃ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကြည်ဝေ
လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ

ရဟန်းမယ်တော်ကြီး

ဒေါ်ညွှန့်စိန်

အသက်(၈၃)နှစ်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ တောင်ချောင်ကျေးရွာနေ ရဟန်းခမည်းတော် ဦးသာထွန်းဖြူ၏ဇနီး၊ ဒေါ်လှယဉ်ဦး၊ ဦးဝိဇ္ဇာနန္ဒ(မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီ၏ နာယကဆရာတော်)၊ ဦးကျော်ဝင်း၊ ဒေါ်သီတင်ဖြူ၊ ဦးချမ်းသာတို့၏မိခင်၊မြေး၁၈ယောက်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏အဖီး ဒေါ်ညွှန့်စိန်သည် ၂၉-၁၂-၂၀၁၃(တနင်္ဂနွေနေ့)နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကိုကိုလတ်(ငြိမ်း)၊ ညွှန်ကြားရေးမှူး

ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး

အသက်(၅၄)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးကိုကိုလတ်သည် ၂၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကိုကိုလတ် ကောင်းရာသုဂတိလားပါစေ။

ဦးဇော်လင်းမိုး-ဒေါ်ချိုရီလွင် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကိုကိုလတ်(ငြိမ်း)၊ ညွှန်ကြားရေးမှူး

ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး

အသက်(၅၄)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးကိုကိုလတ်သည် ၂၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကိုကိုလတ် ကောင်းရာသုဂတိလားပါစေ။

တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး
ဝန်ထမ်းမိသားစု၊ စစ်ကိုင်းတိုင်းဒေသကြီး

ဒေါ်ထားရင်(သထုံ)

အသက်(၈၃)နှစ်

သထုံမြို့နေ (ဦးအုန်းဖေ-ဒေါ်ငြိမ်း မယ်)တို့၏ သမီး၊ (ဒေါ်မြသန်း)၊ (ဒေါက်တာဦးမြဝင်း)-ဒေါ်ကြင်ဥတို့၏ ညီမ၊ ဒေါက်တာဦးအေးဝင်းဦး (ဆေး သုတေသန-အောက်မြန်မာပြည်)၊ ဦးဝင်းနိုင်အေး-ဒေါ်ပြုံးနွဲ့ကြူ ဒေါက်တာမောင်မောင်လတ်-ဒေါ်ညွှန့်ညွှန့်အေး(သူနာပြု ဆရာမကြီး)၊ ဦးစိုးနိုင်ဝင်း-ဒေါ်ဖြူဖြူအောင်၊ ဦးဆန်းထွန်းဝင်း-ဒေါ်သိန်းသိန်းကြည်တို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည် ၃၀-၁၂-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ တိုက်(၇၇)၊ အခန်း(၈)၊ ဦးစလမ်း၊(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ညွှန့်ခင်(အင်္ဂပူ) (၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမက(၁၄) ကျောင်းအုပ် ဆရာကြီး ဦးအောင်မင်း(အင်္ဂပူမြို့နယ်အသင်း အမှုဆောင်ဟောင်း)၏ မိခင်၊ အင်္ဂပူမြို့၊ မြဧရာလမ်းနေ ဒေါ်ညွှန့်ခင် အသက်(၈၃)နှစ်သည် ၃၁-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၂-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အင်္ဂပူမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များနှင့် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကိုကိုလတ်(ငြိမ်း)၊ ညွှန်ကြားရေးမှူး

ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး

အသက်(၅၄)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးကိုကိုလတ်သည် ၂၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကိုကိုလတ် ကောင်းရာသုဂတိလားပါစေ။

မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး
ဝန်ထမ်းမိသားစု၊ မုံရွာမြို့

မအိအိမွန်

အသက်(၂၉)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၁၂၅)၊ (၈၆×၈၇) လမ်းကြား၊ (၁၉×၂၀)လမ်းကြားနေ ဦးသန်းလွင်-ဒေါ်မြမြဌေးတို့၏ သမီးငယ်၊ ရန်ကုန်မြို့နေ ဦးသိန်းလွင်-ဒေါ်ထွေးရီတို့၏ သမီးချွေးမ၊ ကိုမျိုးလွင်ဦး-မသူဇာဆွေ၊ ဒေါ်အိအိသန်း(တရားလွှတ်တော်ရှေ့နေ)၊ ကိုဇော်မင်းသန်း-မနန်းဆိုင်လင်ခမ်းတို့၏ ညီမ၊ ဗိုလ်ကြီးခင်မောင်ထွန်း၊ ကိုအေးမင်းသန်း-မခင်ခင်ခန့်တို့၏ အစ်မ၊ သန္တာမိုးထက်၊ မောင်ဘုန်းမင်းခန့်တို့၏ အဒေါ်၊ မောင်လင်းထက်ကိုကို၏ မိခင်၊ ဗိုလ်မှူးဌေးလွင်ဦး၏ ဇနီးသည် ၂၉-၁၂-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်၊ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ (မအိအိမွန်ဆေးကုသမှုခံယူစဉ်နှင့် နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးခဲ့ပါသော စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။)

ကျန်ရစ်သူမိသားစု

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

ဦးလှမြင့်(၃) (၈၂)နှစ်

လက်/ညွှန်မှူး (ငြိမ်း)

ရာသက်ပန်အသင်းဝင် အမှတ် (၄၆၃) ဦးလှမြင့်(၃)သည် ၂၉-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါ ပို့ဆောင်ကြပါရန်။ (အသင်းတိုက်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

မြစ်ကြီးနားအသင်း(ရန်ကုန်)

ဦးလှအေး (၆၄)နှစ်

(အထွေထွေ မန်နေဂျာ၊ ငြိမ်း)၊

မြန်မာ့မီးရထား

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်၁၅-ဘီ၊ ငါးလွှာနေ မြစ်ကြီးနား အသင်းဝင် ဒေါက်တာရီရီစိန်၏ ခင်ပွန်းသည် ၂၉-၁၂-၂၀၁၃ ရက် မြန်မာစံတော်ချိန် နံနက် ၃း၃၅ နာရီတွင် စင်ကာပူနိုင်ငံ NUH ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်စန်း

အသက်(၅၅)နှစ်

မောင်ရဲရင့်သွေး

၁ နှစ် (၄)လ

မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ဒဂုံနို့ချက်စက်ရုံ (ပျဉ်းမပင်) မှ လက်ထောက်စက်ရုံမှူး ဗိုလ်ကြီး အောင်ဝင်း (ငြိမ်း)၏ ဇနီးနှင့်မြေးတို့ ၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်းတွင် ရုတ်တရက် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စက်ရုံမှူးနှင့် ဝန်ထမ်းမိသားစု
ဒဂုံနို့ချက်စက်ရုံ (ပျဉ်းမပင်)

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမင်းဟန်(ငြိမ်း)

ကြည်း-၁၅၉၆၅ (တေဇ-၇)

အသက်(၅၆)နှစ်

ဗိုလ်မှူးမင်းဟန်(ငြိမ်း) (တေဇ-၇)သည် ၂၆-၁၂-၂၀၁၃ ရက် ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၇) မှ ကျောင်းဆင်းအရာရှိများ

ဒေါ်ထားမူ(သံတွဲ)

အသက်(၇၇)နှစ်

သံတွဲမြို့နေ(ဒေါက်တာဦးညီညီ-ဒေါ်အေးရှင်)တို့၏သမီး၊ ဗဟိုတရားရုံးရှေ့နေ(ဦးကျော်မြ-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ (ဒေါ်သန်းမြ)၊ (ဦးညွှန့်စိန်)-ဒေါ်ခင်မြ၊ (ဒေါ်ခင်မြင့်)တို့၏တူမ၊ (ဦးတင်ထွန်း၊ မြန်မာ့အသံ)၏ ဇနီး၊ (ဦးအုန်းလွင်)၏အစ်မ၊ ဦးညီညီထွန်း-ဒေါ်မိုးမိုးဆိုင်တို့၏ မိခင်၊ မောင်ညီစိုးထွန်း၊ မောင်မြန်မာဟိန်းကျော်တို့၏ အဘွားသည် ၃၀-၁၂-၂၀၁၃ရက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း

အသက်(၆၀)

SUN FAR Teavels+Tours Co.,Ltd.

(ဦးခွေးယား)-ဒေါ်ပုမ(USA) တို့၏ ဒုတိယသား၊ (ဦးမောင်မောင်သန်း)-ဒေါ်ထွေးတို့၏ သားသမက်၊ (ဦးကျယ်ကြိုက်)-ဒေါ်ညွှန့်ညွှန့်ရီတို့၏ညီ၊ ဦးကြည်ဝင်း - ဒေါ်မြမြဝင်း၊ ဦးမောင်တိုး-ဒေါ်လှမြင့်(USA)၊ဦးတင်အောင်-ဒေါ်သန်းမြင့် (USA)တို့၏မောင်၊ ဦးလှဝင်း-ဒေါက်တာနီလာစိုးတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် (၁၆၇) တတိယထပ်၊ အလုံလမ်း၊ ဌာနရပ်ကွက်နေ ဒေါ်ခိုင်ခိုင်ဝေ(ခ) ဒေါ်ဂလိုရီယာ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုထွန်းထွန်းလင်း-မအေးစံပယ်မြ၊ မဇင်နှင်းဝေတို့၏ ဖခင်၊ မကေဇင်လင်း၊ မောင်ကောင်းခန့်ကျော်တို့၏ အဘိုးသည် ၃၀-၁၂-၂၀၁၃(တနင်္လာနေ့) ည၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၅-၁-၂၀၁၄ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေမေသန်း

အသက်(၇၈)နှစ်

ဒေါက်တာထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်းတို့၏ မိခင် ဒေါ်မေမေသန်း အသက်(၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
တိုင်းရင်းဆေးပညာဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးလှအေး

အထွေထွေမန်နေဂျာ(သွားလာပို့ဆောင်ရေး)(ငြိမ်း) မြန်မာ့မီးရထား

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၅-ဘီ)၊ ငါးလွှာနေ ဒေါက်တာရီရီစိန်၏ ချစ်စွာသောခင်ပွန်း၊ မောင်အောင်သူဝင်း-ဒေါက်တာ ငုဝါသိန်း၊ ဒေါက်တာ ရန်မျိုးကျော်(ဖိုးလ)၊ မောင်ရန်နိုင်အေး(ခေတ္တ-စင်ကာပူ)တို့၏ဖခင် ဦးလှအေး၊ အထွေထွေမန်နေဂျာ (သွားလာပို့ဆောင်ရေး) (ငြိမ်း) မြန်မာ့မီးရထားသည် ၂၉-၁၂-၂၀၁၃ ရက် နံနက် ၃း၃၅ နာရီတွင် စင်ကာပူ N.U.H ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထွေထွေမန်နေဂျာ(အောက်မြန်မာပြည်)နှင့် အရာရှိဝန်ထမ်းများ
မြန်မာ့မီးရထား

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုလတ်

ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန

အသက်(၅၄)နှစ်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးကိုကိုလတ်သည် ၂၈-၁၂-၂၀၁၃ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ရန်ကုန်တိုင်းဒေသကြီး၊ အခွန်ဦးစီးဌာနမှူးရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂I၊မြေကွက်အမှတ်-၄၃၈ဒီ၅/၄အေ၂-၁+၄၃၈ဒီ/၄/၃ အေ ၁-၁+၄၃၈ စီ/၅ A၁၊ မြေကွက်တည်နေရာ အမှတ်၃၄(က)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ (ဦးမိုဟာမက်အစ္စမေးလ်အီဆွတ်) အမည်ပေါက် မြေပိုင်မြေအားအမည်ပေါက် ဦးမိုဟာမက်အစ္စမေးလ်အီဆွတ်ထံမှအပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်-၆၃၈(၁၇-၂-၂၀၀၆)ဖြင့် ပိုင်ဆိုင်သူ ဦးဝင်းစိုးအောင်(ခ)ဆအဒ်[၁၂/ဗဟန(နိုင်)၀၀၁၀၆၁]ထံမှ အထူးကိုယ်စားလှယ်လွှဲစာ ၂၄၄၅၁/၂၇-၁၂-၂၀၁၁ ရရှိသူဦးမျိုးကိုကို[၁၂/ဒဂန(နိုင်)၀၃၅၂၀၄]မှပါဝါမရုပ်သိမ်းကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေကွက်ခွဲစိတ်ရန်အတွက် တိုင်းခွဲ /အတည်ပြုခွင့် လျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ဝမ်းနည်းကြေကွဲခြင်း
ဦးလှမြင့်(ပဲခူး) (၈၂)နှစ်
လ/ထညွှန်မှူး၊ အငြိမ်းစား အကောက်ခွန်ဦးစီးဌာန

ချစ်သူငယ်ချင်း မအိအိ-ကိုမောင်မောင်ချိုတို့၏ကျေးဇူးရှင်ဖခင် ဦးလှမြင့်သည် ၂၉-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုစန်းလင်း-မချိုချိုအောင်

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မေမေသန်း (၇၈)နှစ်

ဒေါက်တာ ဦးထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခဒေါ်ရီရီသန်း(ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏မွေးသမိခင်၊ ဒုတိယဗိုလ်မှူးကြီးဘရီ(ငြိမ်း)၏ဇနီး ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်မေမေသန်း(၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ
ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စုစုလှိုင် (၄၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၁၇-၁၁၉)၊ ကျိုက်တော်အိမ်ရာ (Golden Gate Tower)နေ ဦးငွေဦး (MD တော်ဝင်ငွေးကုမ္ပဏီလီမိတက်)၏ ဇနီး ဒေါ်စုစုလှိုင်သည် ၁-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၅း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၊
ဇနီး ဒေါ်နွယ်နွယ်ယု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်သင်းမြ(ရင်းငြိမ်) (၈၇)နှစ်

မွန်ပြည်နယ်၊ သထုံမြို့၊ ရင်းငြိမ် မြောက်ပိုင်းနေ (ဦးထွန်းမောင်-ဒေါ်မအုံ)တို့၏သမီး၊ (ဒေါ်သင်းရွှေ)၊ (ဒေါ်သင်းစိန်)တို့၏ ညီမ၊ (ဒေါ်မငယ်)၊ ဦးချစ်ရွှေ-(ဒေါ်ငွေကြည်)၊ (ဦးမြမောင်)-ဒေါ်စန်းရီ၊ ဦးချစ်ဝေ-ဒေါ်ခင်စောနွဲ့၊ ဦးကြီးစိန်-ဒေါ်ထွေးတင်တို့၏အစ်မ၊ (ဦးအောင်မြင့်)-ဒေါ်တင်တင်ဝင်း၊ ဦးလှကြည်-ဒေါ်ကြည်အေး၊ (ဦးငိုကျင်ခိုင်)-ဒေါ်ခင်ဝင်း၊ ဦးလေးနိုင်-ဒေါ်ခင်ရီတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၃ယောက်၊ မြစ် ၁၃ယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၁၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၄ (တနင်္လာနေ့) နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်၊ (၃/ခ) ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၄)နေ (ဒေါ်သင်းမြ)၏နေအိမ်သို့ ရက် လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးလှတင် (၇၉)နှစ်
(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး-ငြိမ်း၊ အလုံသင်္ဘောကျင်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဦးထွန်းအေး-ဒေါ်ငွေခင်)တို့၏သား၊ (ဦးကျော်ဝင်း-ဒေါ်တင်ကြည်) တို့၏ သားသမက်၊ (ဦးကျော်မောင်)-ဒေါ်အုန်းစိန်၊ ဦးပါ-ဒေါ်ခင်ညွန့်၊ ဦးခင်မောင်-(ဒေါ်ယဉ်ကြည်)၊ ဦးမောင်မောင်-(ဒေါ်ညွန့်)၊(ဦးအောင်ကြည်)တို့၏ညီ/မောင်၊ ဒေါ်ထွေးတင်၏အစ်ကို၊ ဒေါ်တင်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမိုးနိုင်-မဝင်းဝင်းမာ၊ ကိုစောတင့်လွင်-မအေးအေးမာ(ကိုကျော်စိုး-မချိုချိုမာ)၊ (မောင်ဇော်ဇော်စိုး)၊ မခင်မေဆင့်၊ မတင်တင်ချို တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ တူ/တူမ ၁၅ယောက်၊ မြေး ၁၅ ယောက်တို့၏အဘိုးသည် ၃၁-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကံသိန်း (၅၉)နှစ်
(မန်နေဂျာ-PPSC-ငြိမ်း)
လူမှုထူးချွန်ဒုတိယဆင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်းနေ(ဦးစံတင်-ဒေါ်ခင်ကြွယ်)တို့၏သားကြီး၊ ဦးကျော်ရှိန်-(ဒေါ်အေးအေးမြင့်)၊ ဦးကျော်ကျော်တင့်-ဒေါ်ခင်မာကြည်တို့၏အစ်ကိုကြီး၊ ဒေါ်သန်းသန်းအောင်၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ဇင်လှိုင်ဝင်း၊ ကိုစိုင်းအောင်ထွန်း-မမြသန္တာအောင်၊ မဖြိုးမြတ်မွန်၊ မောင်ကျော်ဇင်ခန့်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ နန်းခင်စိုးသောင်း၏ ချစ်လှစွာသောအဘိုးသည် ၃၁-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးငြိမ်းအောင် (၆၄)နှစ်
မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ကုန်းသောင်ရွာနေ (ဦးပန်းတုတ်-ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ ဦးလှဖေလမ်း၊ အမှတ်(၁၀၉၈)နေ (ဦးမျိုးညွန့်)-ဒေါ်သန်းသန်းဝင်းတို့၏ သားသမက်၊ ဒေါ်အေးအေးမိုး (နှင်းနုလွှာ+လင်းလက်အိမ်စတိုး)၏ခင်ပွန်း၊ (ကိုမင်းမော်မိုး)၊ မနှင်းယုမိုးတို့၏အစ်ကို၊ ကိုသီဟထွန်း-မဝတ်ရည်အောင်၊ ကိုမျိုးမင်းအောင်၊ မသူသူနိုင်စိုးတို့၏ဖခင်သည် ၃၁-၁၂-၂၀၁၃(အင်္ဂါနေ့) ည ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄(ကြာသပတေးနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောတာဝါဒိုး (၅၉)နှစ်
အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ချုံအင်းကျေးရွာနေ (ဦးဖားဟော်-ဒေါ်ကြာမေ)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ သိဒ္ဓိ(၄)လမ်း၊ အမှတ်(၆၂/၅)နေ ဒေါ်နော်မာရီငွေး၏ချစ်လှစွာသော ခင်ပွန်း၊ စောအေးငြိမ်းအောင်၊ စောကဲနက်၊ စောအယ်ကော်တို့၏ ချစ်လှစွာသောဖခင် ဦးစောတာဝါးဒိုးသည် ၃၁-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၉း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ခရစ် ယာန်ဂိုဏ်းပေါင်းစုံ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကား များ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြတ်ထွန်းဦး(ခ)ကိုချို
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်တေဇအပိုင်း (၂)၊ အမှတ်(၇၂)နေ ဦးဘုန်းမြင့်-ဒေါ်မြင့်မြင့်ဝင်းတို့၏သားကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်း(၁)လမ်းနေ ဦးဝင်းမောင်-(ဒေါ်တင်ရီ)တို့၏သားသမက်၊ ဒေါ်သီသီဝင်း(အထက-၂၊ ဗဟန်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောက်ထက်အောင်လှိုင်၏ဖခင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးထွန်းထွန်းလွင် (Yangon Time သတင်းစာတိုက်) ည/ဖြန့်-ဒေါ်မြတ်လေးနွယ် (Winner Inn)၊ ဦးစည်သူဘုန်းမြင့်-ဒေါ်နွယ်နွယ်၊ ဦးပြည့်ဖြိုးအောင်-ဒေါ်နွေးနွေးညွန့်ဝေတို့၏ အစ်ကိုကြီး၊ တူ/တူမ လေးယောက်တို့၏ဘကြီးသည် ၁-၁-၂၀၁၄ ရက် နံနက် ၁၁း၃၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးမောင်မောင်လွင်(ပြည်)
အား/ကာ(ငြိမ်း)ဘော်လီဘောနည်းပြ
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ် (၃၅၆)၊ အခန်းအမှတ်(၈)နေ (ဦးစံလင်း-ဒေါ်မေကျင်)တို့၏သား၊ (ဒေါ်သိန်းမြင့်)၏ခင်ပွန်း၊ ဦးမြတ်ကိုကိုအောင် (ဆက်သွယ်ရေး)-ဒေါ်ကျော့ကျော့လွင်၊ ဦးမိုးသက်ကျော်-ဒေါ်လဲ့လဲ့လွင်၊ ဦးအောင်ကျော်သူ၊ ဦးမင်းဇော်လွင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အောင်ရတနာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၄ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းလွင်(စဉ့်ကိုင်) (၇၃)နှစ်
(ကုန်သွယ်လယ်ယာ)

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နေ (ဦးဖိုးစိန်-ဒေါ်ကြီး)တို့၏သား၊ (ဒေါ်မြင့်မြင့်)၏မောင်၊ ဦးအောင်မင်း-ဒေါ်ခင်စော၊ ဦးအောင်ဝင်း-ဒေါ်သန်းသန်းတို့၏ အစ်ကို၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာ(၁)လမ်း၊ အမှတ် (၃၅၈)နေ ဒေါ်ခင်မေသန်း၏ခင်ပွန်း၊ ကိုသန်းကျော်ဦး-မအေးအေးဝင်း၊ ကိုဇော်သိန်း-မသန္တာလွင်(VES)၊ ကိုဇော်ဇော်-မစုစုအောင်၊ ကိုဇင်မင်းထွန်း-မမို့မို့လွင်၊ ကိုနေမျိုး-မနီလာလွင်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁-၁-၂၀၁၄ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၄ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှထွေးရီ (၆၇)နှစ်
အလပြ(ငြိမ်း)၊ အထက (၂)လသာ
အမှုဆောင်-
အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၁)လမ်း၊ အမှတ်(၁၆)နေ (ဦးတင့်-ဒေါ်သိန်းတင့်)တို့၏သမီး၊ ဦးအောင်မြိုင်-ဒေါ်ဂင်ယု၊ ဦးအောင်ကြိုင်-ဒေါ်အေးအေးမာတို့၏အစ်မကြီး၊ (ဦးမြတ်သိန်း)၏ ဇနီး၊ မသက်ထက်သိန်း၏ မွေးသမိခင် ဒေါ်လှထွေးရီသည် ၃၁-၁၂-၂၀၁၃ရက် ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်ဦး (၅၄)နှစ်
(၃၂၃)၊ ပထပ/တက(ငြိမ်း)

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးအောင်ရှိန်-ဒေါ်အုန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂/က၊ စံပြရပ်ကွက် နေ ဦးသိန်းအောင်-ဒေါ်လှမြင့် (နေလ စားတော်ဆက်)တို့၏ သားသမက်၊ ကိုဇော်မင်းနိုင်-(မစုစုလွင်)၊ ကိုကျော်မင်းထွန်း-မဖြူမိုးလွင်၊ ကိုအောင်ပိုးဦး-မဝေဝေလွင်တို့၏အစ်ကို၊ မနွေးနွေးမြတ်၊ မောင်သော်ကောင်းဆက်၊ မောင်ရှားမင်းထက် (အထက-၅၊မင်္ဂလာဒုံ)တို့၏ဖခင်၊ ဒေါ်စန္ဒာဝင်း၏ခင်ပွန်းသည် ၃၁-၁၂-၂၀၁၃ရက် နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကိုမင်းထက်စံ (၃၁)နှစ်

မင်္ဂလာဒုံမြို့နယ်၊ ခြံအမှတ်(၁)၊ (၉)လမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ(၁)နေ [ဒုတိယဗိုလ်မှူးကြီး-စံမတူ(ငြိမ်း)]-ဒေါ်ခင်ဆွေမြင့်တို့၏ ချစ်လှစွာသော သားငယ်၊ ဦးကျော်ကိုကိုစံ-ဒေါ်ခင်ရူပါမြင့်၊ ဦးကျော်ညီညီစံ-ဒေါ်နွယ်နီဇော်တို့၏ ချစ်လှစွာသောညီငယ်၊ မောင်လေး၊ မအိသက်လျှာခင်၏ ချစ်လှစွာသော အစ်ကိုငယ်၊ ဖိုး လမင်း၊ တောက်တောက်၊ ဘုတ်ဘုတ်၊ ရှုရှု၊ ဝင့်ဝင့်၊ ဝတီတို့၏ ချစ်လှစွာသော ဦးငယ်လေး ကိုမင်းထက်စံသည် ၁-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၄(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး ဒေါ်အမာစိန် (၈၆)နှစ်

